# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အကျိုးစီးပွားဖြစ်ထွန်းနိုင်**

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည်လည်းကောင်း၊ သဒ္ဓါတရားတို့သည်လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)


၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာ ၁၀ ရက်၊ အင်္ဂါနေ့ အတွဲ (၅၈)၊ အမှတ် (၃၄၅)


# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက လူထုဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ထံမှ အမေရိကန်ဒေါ်လာ ၁၈၅ သန်း ချေးငွေရယူရေးကိစ္စနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြ

**နေပြည်တော် စက်တင်ဘာ ၉**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၂ ရက်မြောက်နေ့အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် **နိုင်ငံတော်သမ္မတထံမှ ပေးပို့သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက လူထုဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ထံမှ အမေရိကန်ဒေါ်လာ ၁၈၅ သန်း ချေးငွေရယူရေး**ကိစ္စနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က ရှင်းလင်းတင်ပြကြသည်။

ဒုတိယဝန်ကြီး ဦးလှကျော်က စီမံကိန်း၏ ရည်ရွယ်ချက်မှာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လူထုကိုယ်တိုင်ဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေမိသားစုဝင်ငွေ တိုးပွားလာစေပြီး လူနေမှုအဆင့်အတန်းမြင့်မားလာစေခြင်းနှင့်အတူ သဘာဝဘေးအန္တရာယ်ရင်ဆိုင်တုံ့ပြန်နိုင်စွမ်း အားကောင်းလာစေရန် ဖြစ်ပါကြောင်း၊ အဆိုပါစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ ကျွမ်းကျင်ပညာရှင်များက ပဏာမစူးစမ်းလေ့လာမှုလုပ်ငန်းကို ၂၀၁၈ ခုနှစ်တွင် (၁)နှစ်ကြာ ဆောင်ရွက်ခဲ့ပြီး စီမံကိန်းဒီဇိုင်းကို ရေးဆွဲခဲ့ခြင်းဖြစ်ပါကြောင်း၊ အဆိုပါစီမံကိန်းဒီဇိုင်းသည် ကုန်ကျစရိတ် အမေရိကန်ဒေါ်လာ ၂၄၄ ဒသမ ၉၅ သန်းဖြစ်ပြီး စီမံကိန်းကာလကို (၇)နှစ်၊ ၂၀၁၉-၂၀၂၀ မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အထိ ဆောင်ရွက်သွားရန် ရည်မှန်းထားပါကြောင်း။

စီမံကိန်းဒေသများအဖြစ် ချင်းပြည်နယ်တွင် ဟားခါး၊ ဖလမ်း၊ တီးတိန်၊ ထန်တလန် (၄)မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ကလေးဝ၊ မော်လိုက်၊ မင်းကင်း၊ ဖောင်းပြင် (၄)မြို့နယ်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် လေရှီး၊ လဟယ်၊ နန်းယွန်း(၃) မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီးတွင် သရက်ချောင်း၊ ရေဖြူ၊ လောင်းလုံ (၃) မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးတွင် ဘိုကလေး၊ ဖျာပုံ၊ လပွတ္တာ (၃)မြို့နယ် စုစုပေါင်း မြို့နယ် (၁၇) မြို့နယ်တွင် ကာလအပိုင်းအခြားအလိုက် အကောင်အထည် ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

*စာမျက်နှာ ၇ ကော်လံ ၁* ❐



ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ်

# ရာသီတုပ်ကွေးရောဂါ Seasonal Influenza ဖြစ်ပွားမှုနှင့်ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း ကြိုတင်ကာကွယ်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများ အချိန်အဟုန်မြင့်တင် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၉**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ကူးစက်ရောဂါများ၊ ကူးစက်မြန်ရောဂါများ အထူးသဖြင့် ပြည်သူ့ကျန်းမာရေးပြဿနာ (Public Health Problem) နှင့်ကပ်ရောဂါ (Epidemic) အသွင်ဖြင့် ဖြစ်ပွားနိုင်သော ကူးစက်ရောဂါများ စောင့်ကြပ်ကြည့်ရှုခြင်း၊ ကြိုတင်ကာကွယ်ခြင်းနှင့် ထိရောက်စွာ တုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများ၊ Communicable Disease Surveillance လုပ်ငန်းများကို အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးပြဋ္ဌာန်းချက် (၂၀၀၅) (International Health Regulations- IHR 2005) နှင့်အညီ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ဒေသတွင်း အဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အချိန်အဟုန်မြင့်တင် ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

ရာသီတုပ်ကွေးရောဂါသည် မြန်မာနိုင်ငံတွင်သာမက အိမ်နီးချင်းနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံများ၌လည်း ဖြစ်ပွားလျက်ရှိပြီး မြန်မာနိုင်ငံတွင် ယခု (၂၀၁၉) ခုနှစ်၌ ဖြစ်ပွားနေသော ရာသီတုပ်ကွေးရောဂါပိုးမှာ ကမ္ဘာ့နိုင်ငံအများအပြားတွင် ဖြစ်ပွားလျက်ရှိသော ရာသီတုပ်ကွေးရောဂါပိုး (Seasonal Influenza A (H1N1) pdm09) သာဖြစ်ကြောင်း၊ *စာမျက်နှာ ၁၀ ကော်လံ ၁* ❋

**တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်**

စာမျက်နှာ - ၈




မြန်မာ့အလင်း

# ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးနှင့် ပြည်သူလူထု၏ အရည်အသွေး

“ဒီမိုကရေစီသည် ပြည်သူအတွက် ပြည်သူကအုပ်စိုးသော ပြည်သူ့အစိုးရ” ဆိုသည့် အမေရိကန်သမ္မတဟောင်း အေဘရာဟင်လင်ကွန်း၏ ဂတ်တီစဘတ်မိန့်ခွန်းပါစကားမှာ ကမ္ဘာကျော်သည်။ ဒီမိုကရေစီကို အဓိပ္ပာယ်ဖွင့်ဆိုကြရာတွင် မကြာခဏကိုးကားလေ့ရှိကြသော စကားလည်းဖြစ်သည်။ ဒီမိုကရေစီသည် အုပ်ချုပ်ရေးစနစ်တစ်ရပ်ဖြစ်ပြီး နိုင်ငံ၏အချုပ်အခြာအာဏာကို နိုင်ငံအတွင်းရှိ ပြည်သူလူထုကပိုင်ဆိုင်ပြီး ပြည်သူလူထုမှတစ်ဆင့် ၎င်းတို့၏ကိုယ်စားလှယ်များထံသို့ အာဏာသက်ဆင်းလာသည်ဟူ၍ အသိအမှတ်ပြုထားသည်။

ဒီမိုကရေစီစနစ်အရ ပြည်သူလူထုက ရွေးချယ်တင်မြှောက်သည့် အစိုးရက ပြည်သူလူထု၏အကျိုးစီးပွားအတွက် ပြည်သူက နှင်းအပ်သည့် အာဏာကိုစွဲကိုင်လျက် လုပ်ကိုင်ဆောင်ရွက်ရာတွင် အစိုးရကချမှတ်မည့် မူဝါဒလမ်းစဉ်များ၊ လုပ်ကိုင်ဆောင်ရွက်မှုများကို ပြည်သူလူထုအား ပွင့်လင်းမြင်သာစွာအသိပေးရန်၊ ဆွေးနွေးတိုင်ပင်ညှိနှိုင်းရန်တို့သည် အရေးကြီးသည့် လုပ်ငန်းများပင်ဖြစ်သည်။ ယင်း၏အဓိပ္ပာယ်မှာ အုပ်ချုပ်ရေးသည် လူတိုင်းနှင့် သက်ဆိုင်ပြီး နိုင်ငံရေးတွင် လူတိုင်းပါဝင်နေရခြင်းပင်ဖြစ်သည်။ သို့ဖြစ်သည့်အလျောက် ဒီမိုကရေစီနိုင်ငံသူ နိုင်ငံသားပြည်သူလူထု၏ အရည်အသွေး တစ်နည်းအားဖြင့် ပြည်သူလူထု၏ ဉာဏ်ပညာဗဟုသုတဖွံ့ဖြိုးမှုနှင့်ပြည်သူလူထု၏ နိုင်ငံရေးနိုးကြားမှုတို့မှာ နိုင်ငံအတွက် အထူးပင်အရေးကြီးသည်။ ပြည်သူလူထုသည် နိုင်ငံ၏အရေးအရာများကို ပြည့်စုံမှန်ကန်စွာ နားလည်သုံးသပ်နိုင်သည့် ပညာမရှိ၊ နိုင်ငံရေးနိုးကြားမှုတွင်လည်း လှုပ်ရှားတက်ကြွခြင်းကင်းမဲ့ကာ တိုင်းရေးပြည်ရာတို့တွင် အသိတရားနည်းပါးစွာ အမှုမဲ့အမှတ်မဲ့နေကြသူများပါက အောင်မြင်သည့် ဒီမိုကရေစီစနစ်ကို တည်ဆောက်နိုင်မည်မဟုတ်ဟူ၍ နားလည်ရသည်။

ဒီမိုကရေစီစနစ်တွင် လူတိုင်းကို လွတ်လပ်ခွင့်များပေးထားရာ ယင်းလွတ်လပ်ခွင့်များကို ကျင့်သုံးရာတွင် စည်းကမ်းတကျကျင့်သုံးရန်မှာလည်း အရေးကြီးသည်။ မိမိ၏လွတ်လပ်ခွင့်နှင့်အတူ အခြားသူများ၏ လွတ်လပ်ခွင့်များကို လေးစားရန်လိုအပ်ခြင်းပင်ဖြစ်သည်။ မိမိတို့နိုင်ငံနှင့် မိမိတို့ပြည်သူများသည် ဆယ်စုနှစ်များစွာပင် အထက်မှအောက်သို့ ဆင်းသက်သည့် ဗဟိုဦးစီးစနစ်၊ ဗဟိုမှချုပ်ကိုင်သည့် အုပ်ချုပ်မှုစနစ် သို့မဟုတ် အာဏာရှင်စနစ်တို့၏ အုပ်ချုပ်မှုအောက်တွင်သာ နေခဲ့ရသည့် အတွေ့အကြုံများ ရှိခဲ့သည်။ ယင်းစနစ်အရ ပြည်သူသည် အုပ်ချုပ်ရေးတွင် ပါဝင်ခွင့်မရှိသည့်အတွက် စိတ်ပါဝင်စားခြင်းလည်း မရှိခဲ့သည့်အပြင် ချမှတ်သည့်မူဝါဒများနှင့် စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်ခြင်း၊ ကျင့်ဝတ်နှင့် နီတိတို့ ကင်းကွာလာကာ ပြည်သူတို့၏ စရိုက်လက္ခဏာများ နိမ့်ကျလာခြင်းတို့ လူထုအတွင်းစွဲကပ်ကျန်ရစ်ခဲ့ရသည်။ ပြည်သူလူထုအတွင်း နိုင်ငံ၏အရေးတွင် နိုးကြားတက်ကြွလာရေး၊ ဉာဏဗလပြည့်ဝလာရေးအတွက် ကျောင်းများ၊ မီဒီယာများ၊ ဟောပြောစည်းဝေးပွဲများ၊ **Soft power** များဖြစ်သည့် ရုပ်ရှင်၊ ဂီတ၊ သဘင်စသည်တို့မှတစ်ဆင့် ပညာပေးခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်းတို့ကို စဉ်ဆက်မပြတ်ပြုလုပ်သွားရမည်ဟု ယုံကြည်မိသည်။

လွတ်လပ်ခြင်းနှင့် ညီမျှခြင်းသဘောတရားများပါရှိပြီး နိုင်ငံ၏ အချုပ်အခြာအာဏာသည် ပြည်သူလူထုထံမှ သက်ဆင်းသည်ဟု အသိအမှတ်ပြုထားသည့် ဒီမိုကရေစီစနစ်ကို သက်ဝင်ယုံကြည်ခြင်း၊ ဒီမိုကရေစီစနစ်အရ လူတိုင်းတွင် လွတ်လပ်ခွင့်ရှိခြင်းနှင့် ယင်းလွတ်လပ်ခွင့်တို့ကို စနစ်တကျ ကျင့်သုံးကာကွယ်စောင့်ရှောက်ခြင်း၊ ပြည်သူကတင်မြှောက်သည့် ပြည်သူ့အစိုးရ၏ လုပ်ငန်းဆောင်တာများတွင် စိတ်ရောကိုယ်ပါ ဝိုင်းဝန်းပါဝင်ခြင်း၊ နိုင်ငံ့အရေးအရာများတွင် ဉာဏ်ပညာနှင့်ပြည့်စုံ၍ ကျင့်ဝတ်နီတိတို့ကို လိုက်နာခြင်းတို့က ဒီမိုကရေစီနိုင်ငံ အောင်မြင်စွာ တည်ဆောက်နိုင်ရေးအတွက် အဓိကအရေးပါဆုံးအချက်များပင် ဖြစ်သည်။ ဒီမိုကရေစီစနစ်တွင် ပြည်သူသည်သာ အချက်အချာဖြစ်သည့်အလျောက် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ မျှော်မှန်းချက်ဖြစ်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရာတွင် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက တက်ကြွစွာ ပါဝင်ကြရန် တိုက်တွန်းလိုပါကြောင်း။ ။

နိုင်ငံသာယာဝပြောဖို့
သဘာဝတောတွေ ထိန်းသိမ်းစို့။




## ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင်ရိုက်ကူးရေး ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ဒါရိုက်တာ အကယ်ဒမီ လူမင်းနှင့် အဖွဲ့သည် ဗိုလ်ချုပ်အောင်ဆန်း ရုပ်ရှင်ဇာတ်ဝင်ခန်းများ ရိုက်ကူးရေးအတွက် ယနေ့နံနက် ၁၁ နာရီတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။ **(ယာပုံ)**



တွေ့ဆုံစဉ် ဒါရိုက်တာ လူမင်းက ဗိုလ်ချုပ်အောင်ဆန်း ရုပ်ရှင်ရိုက်ကူးရာတွင် ဇာတ်ဝင်ခန်း ရိုက်ကွင်းနေရာများ ရွေးချယ်ထားမှုကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်က ယခုကဲ့သို့ သမိုင်းဝင် မှတ်တမ်းရုပ်ရှင်ကို တိုင်းဒေသကြီးအတွင်း လာရောက်ရိုက်ကူးခြင်းအတွက် ကြိုဆိုပါကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် အတတ်နိုင်ဆုံးပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင် ရိုက်ကူးရေးအဖွဲ့သည် ငွေဆောင်၊ ချောင်းသာနှင့် ရွှေသောင်ယံကမ်းခြေတစ်ဝိုက်၌ ပွင့်လင်းရာသီတွင် ဇာတ်ဝင်ခန်းများ လာရောက်ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

## ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၉**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**




## ရှုးအောင်ချစ်မယ့်လူ ရုပ်ရှင်ဇာတ်ကား ရုံတင်ပြသမည်

**နေပြည်တော် စက်တင်ဘာ ၉**

ရှုးအောင်ချစ်မယ့်လူ ရုပ်ရှင်ဇာတ်ကားကို စက်တင်ဘာ ၁၂ ရက်တွင် တစ်နိုင်ငံလုံး ရုံတင်ပြသမည်ဖြစ်ကြောင်း ယမန်နေ့ ညပိုင်းက ရန်ကုန်မြို့သမ္မတရုပ်ရှင်ရုံတွင် ပြသသည့် Red Carpet Show အထူးပွဲမှ သိရသည်။

အဆိုပါ ဇာတ်ကားကို ရွှေစင်ဦး ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ အောင်ဇော်လင်းက ရိုက်ကူးထားပြီး အကယ်ဒမီနေတိုး၊ အကယ်ဒမီ အိန္ဒြာကျော်ဇင်နှင့် ရုပ်ရှင်သရုပ်ဆောင်များ ပါဝင်သရုပ်ဆောင်ထားသည့် အိမ်ထောင်ရေး အသိပညာပေးဇာတ်ကားဖြစ်သည်။

**သန့်ဇင်ဝင်း**

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ (၁၈)ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၉**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏(၁၈)ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ အကောင်းဆုံး တံခွန်စိုက်ဆုအား ပေးအပ်ချီးမြှင့်သည်။

ရှေးဦးစွာ မျက်လှည့်ပြိုင်ပွဲ (အဖွဲ့လိုက်)၊ ခေတ်ပေါ် တီးဝိုင်းပြိုင်ပွဲ(အဖွဲ့လိုက်)၊ မြန်မာ့ဆိုင်းအတီးပြိုင်ပွဲ(အဖွဲ့လိုက်) ပထမဆုရရှိကြသည့် စစ်သည်၊ စစ်သမီးများအား စိတ်ဓာတ်ရေးရာနှင့် လူထုဆက်ဆံရေးကော်မတီဥက္ကဋ္ဌ၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်းကလည်းကောင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှု(နန်းတွင်း) ယိမ်းအကပြိုင်ပွဲ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု (စိတ်ကြိုက်) ယိမ်းအကပြိုင်ပွဲ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု (တိုင်းရင်းသားရိုးရာ)ယိမ်းအကပြိုင်ပွဲတို့တွင် ပထမဆုရရှိသည့် စစ်သည်၊ စစ်သမီးများအား ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦးက လည်းကောင်း၊ အငြိမ့်ပြိုင်ပွဲ(အဖွဲ့လိုက်)၊ ပြဇာတ်ပြိုင်ပွဲ (အဖွဲ့လိုက်) ပထမဆုရရှိကြသည့် စစ်သည်၊ စစ်သမီးများအား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။




**တံခွန်စိုက်ဆု ပေးအပ်ချီးမြှင့်**

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ (၁၈)ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲတွင် အကောင်းဆုံးတံခွန်စိုက်ဆုရရှိသည့် အမှတ်(၂) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တံခွန်စိုက်ဆု ပေးအပ်ချီးမြှင့်သည်။ (ဓာတ်ပုံ)

**လမ်းညွှန်မှာကြား**

ထို့နောက် ပြိုင်ပွဲဝင် စစ်သည်၊ စစ်သမီးများစုပေါင်း၍ သီဆိုတီးမှုတ်ကပြဖျော်ဖြေကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြိုင်ပွဲဝင် စစ်သည်၊ စစ်သမီးများနှင့် အကဲဖြတ် အနုပညာရှင်ကြီးများအတွက် ချီးမြှင့်ငွေများပေးအပ်ပြီး သီဆိုတီးမှုတ် ကပြဖျော်ဖြေမှုများနှင့် ပတ်သက်၍ လိုအပ်ချက်များကို ဆွေးနွေးလမ်းညွှန်မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဆုချီးမြှင့်ပွဲ ဒုတိယပိုင်းအား ဆက်လက်ကျင်းပရာ ပြိုင်ပွဲအလိုက် အကောင်းဆုံးဆု၊ ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အထူးဆုများရရှိကြသည့် စစ်သည်၊ စစ်သမီးများအား ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ထွန်းထွန်းညီ၊ ဒုတိယညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး ရဲရင့်အောင်၊ အကြံပေးပညာရှင်များ၊ အကဲဖြတ်ပညာရှင်များနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယခုနှစ်ပြိုင်ပွဲတွင် ခေတ်ဟောင်းတေး၊ ကာလပေါ်တေး၊ ခေတ်ပေါ်တေး၊ အငြိမ့် ပြိုင်ပွဲ၊ အကပြိုင်ပွဲ၊ မြန်မာ့ဆိုင်းပြိုင်ပွဲ၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှု(စိတ်ကြိုက်) ယိမ်းအက၊ နှစ်ပါးသွားအက၊ ပြဇာတ်ပြိုင်ပွဲ၊ ခေတ်ပေါ်တီးဝိုင်း၊ မျက်လှည့်ပြိုင်ပွဲနှင့် တေးသီချင်း အရေးပြိုင်ပွဲ၊ စုစုပေါင်း ပြိုင်ပွဲအမျိုးအစား ၃၅ မျိုးအား ပြိုင်ပွဲဝင် စစ်သည်၊ စစ်သမီး စုစုပေါင်း ၃၁၂ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၉**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး(၃၃/၂၀၁၉)ကို ယနေ့ မွန်းလွဲ ၁ နာရီက ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်၊ ပူးပေါင်းကော်မတီဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးနှင့်အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**



**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး ကျင်းပစဉ်။** သတင်းစဉ်

# ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းခွင်စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်

**နေပြည်တော် စက်တင်ဘာ ၉**

ပြည်သူ့ဘဏ္ဍာငွေများအား စီမံခန့်ခွဲရာတွင် ပွင့်လင်းမြင်သာမှုရှိစေရန်၊ တာဝန်ယူမှု၊ တာဝန်ခံမှု ရှိစေရန်နှင့် ပြည်သူ့ဘဏ္ဍာများကို ထိရောက်အကျိုးရှိစွာ အသုံးပြုနိုင်စေရန် ရည်ရွယ်၍ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနမှ ဝန်ထမ်းများအား ဝန်ကြီးဌာနတွင်း ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းခွင် စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း အမှတ်စဉ် ၁/၂၀၁၉ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး စုပေါင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က ဌာနများတွင် ဘဏ္ဍာ ရန်ပုံငွေကိစ္စရပ်သည် အရေးပါသကဲ့သို့ ဘဏ္ဍာရန်ပုံငွေများ လေလွင့်ဆုံးရှုံးမှုမရှိစေဘဲ စနစ်တကျ နည်းလမ်းမှန်ကန်စွာ သုံးစွဲရေးမှာ အရေးကြီးကြောင်း၊ ရန်ပုံငွေသုံးစွဲရာတွင် နိုင်ငံတော်မှ ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးတို့က သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ သုံးစွဲရန် လိုအပ်ပါကြောင်း၊ ထို့အပြင် အရအသုံး ခန့်မှန်းခြေငွေစာရင်းများ ပြုစုခြင်း၊ ဘဏ္ဍာငွေများ တောင်းခံခြင်းနှင့် အကျိုးရှိ ထိရောက်စွာ သုံးစွဲခြင်းများကို သိရှိနားလည်ထားရန် လိုအပ်ပါကြောင်း၊ လာမည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ဌာနခွဲများအလိုက် ဘဏ္ဍာငွေအရအသုံးစာရင်းများ၊ ငွေစာရင်း MD Account များ ဖွင့်လှစ်မည်ဖြစ်သည့်အတွက် ယခုသင်ကြားမှုများကို မိမိတို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လက်တွေ့ ဆောင်ရွက်သွားကြရန်နှင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိရေးအတွက် သင်တန်းက အထောက်အကူများစွာ ရရှိကြမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ ဘဏ္ဍာငွေကို ချွေချွေတာတာ စည်းကမ်းတကျ မှန်မှန်ကန်ကန် သုံးစွဲနိုင်ရန်အတွက် သင်ယူဆောင်ရွက်သွားကြရန် တိုက်တွန်း ပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးမင်းအေးကိုက MSDP နှင့် ချိတ်ဆက်၍ ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်၊ တာဝန်ခံအရာရှိများအား ပြည်သူ့ဘဏ္ဍာငွေစီမံခန့်ခွဲမှုဆိုင်ရာ မွမ်းမံသင်တန်းများ ဆက်လက်သင်ကြားသွားမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

အဆိုပါ ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းခွင်စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ငွေတိုက်ဦးစီးဌာန၊ ပြည်တွင်းအခွန်များ ဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်နှင့် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးတို့မှ ကျွမ်းကျင်ပညာရှင်များက စက်တင်ဘာ ၁၃ ရက်အထိ သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။ **သတင်းစဉ်**



**ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်နှင့် တာဝန်ရှိသူများ သင်တန်းသား သင်တန်းသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။**

# ပင်လယ်ကြမ်းပြင်အရင်းအမြစ်များနှင့် အဏ္ဏဝါစီးပွားရေးဆိုင်ရာ အာဆီယံနှင့် ဘင်းမ်စတက်ဒေသတွင်း အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ




ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ပင်လယ်ကြမ်းပြင် အရင်းအမြစ်များနှင့် အဏ္ဏဝါစီးပွားရေးဆိုင်ရာ အာဆီယံနှင့်ဘင်းမ်စတက်ဒေသတွင်း အသိပညာပေးအလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် စက်တင်ဘာ ၉**

ပင်လယ်ကြမ်းပြင် အရင်းအမြစ်များ နှင့် အဏ္ဏဝါစီးပွားရေးဆိုင်ရာ အာဆီယံနှင့် ဘင်းမ်စတက်ဒေသတွင်း အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ Park Royal ဟိုတယ်၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် အပြည်ပြည်ဆိုင်ရာ ပင်လယ်ကြမ်းပြင်အာဏာပိုင်အဖွဲ့ (International Seabed Authority)၊ အထွေထွေအတွင်းရေးမှူးချုပ် Mr. Michael Lodge တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

**အခွင့်အလမ်းများရရှိစေရန်**

အလုပ်ရုံဆွေးနွေးပွဲကို နိုင်ငံများ၏ တရားစီရင်ပိုင်ခွင့်ပြင်ပဧရိယာ (နိုင်ငံတကာရေပြင်)ရှိ ပင်လယ်ကြမ်းပြင်၌ သယံဇာတများ ရှာဖွေတူးဖော်ရာတွင် အပြည်ပြည်ဆိုင်ရာ ပင်လယ်ကြမ်းပြင်အာဏာပိုင်အဖွဲ့၏ ဆောင်ရွက်ပိုင်ခွင့်နှင့် တာဝန်များ၊ သယံဇာတ ရှာဖွေတူးဖော်နိုင်ရေးအတွက် ကမကထပြုသည့် နိုင်ငံများနှင့် ရှာဖွေတူးဖော်သည့် အဖွဲ့အစည်းများ၏ ဝတ္တရားများနှင့်ပတ်သက်၍ အာဆီယံနှင့် ဘင်းမ်စတက်နိုင်ငံများအား အသိပညာပေးရန်၊ ပြင်ပဧရိယာရှိ ပင်လယ်ကြမ်းပြင် ဆောင်ရွက်မှုများတွင် တိုးမြှင့်ပါဝင်ခြင်းဖြင့် အာဆီယံနှင့် ဘင်းမ်စတက်နိုင်ငံများအတွက် ရရှိလာနိုင်မည့် ဖွံ့ဖြိုးတိုးတက်မှုနှင့် စွမ်းဆောင်ရည် မြှင့်တင်နိုင်မှု အခွင့်အလမ်းများရရှိစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

> **“အလုပ်ရုံဆွေးနွေးပွဲကို နိုင်ငံများ၏ တရားစီရင်ပိုင်ခွင့်ပြင်ပဧရိယာ(နိုင်ငံတကာရေပြင်)ရှိ ပင်လယ်ကြမ်းပြင်၌ သယံဇာတများ ရှာဖွေတူးဖော်ရာတွင် အပြည်ပြည်ဆိုင်ရာ ပင်လယ်ကြမ်းပြင်အာဏာပိုင်အဖွဲ့၏ ဆောင်ရွက်ပိုင်ခွင့်နှင့် တာဝန်များ၊ သယံဇာတရှာဖွေတူးဖော်နိုင်ရေးအတွက် ကမကထပြုသည့် နိုင်ငံများနှင့် ရှာဖွေတူးဖော်သည့် အဖွဲ့အစည်းများ၏ ဝတ္တရားများနှင့်ပတ်သက်၍ အာဆီယံနှင့် ဘင်းမ်စတက်နိုင်ငံများအား အသိပညာပေးရန်၊ ပြင်ပဧရိယာရှိ ပင်လယ်ကြမ်းပြင် ဆောင်ရွက်မှုများတွင် တိုးမြှင့်ပါဝင်ခြင်းဖြင့် အာဆီယံနှင့် ဘင်းမ်စတက်နိုင်ငံများ အတွက် ရရှိလာနိုင်မည့် ဖွံ့ဖြိုးတိုးတက်မှုနှင့် စွမ်းဆောင်ရည်မြှင့်တင်နိုင်မှု အခွင့်အလမ်းများရရှိစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်”**

အလုပ်ရုံဆွေးနွေးပွဲ ပထမနေ့တွင် ကုလသမဂ္ဂ ပင်လယ်ပြင်ဥပဒေနှင့် စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ(The United Nations Convention on the Law of the Sea and 1994 Agreement) ကို နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် ဒေါ်လှမျိုးနွယ်က လည်းကောင်း၊ ကုလသမဂ္ဂပင်လယ်ပြင် ဥပဒေဆိုင်ရာ ကွန်ဗင်းရှင်းအောက်မှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများ အနေဖြင့် တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများတွင် ဆောင်ရွက်နေမှု လုပ်ငန်းများ (Other institutions operating or created under the framework of the Convention in South Asia and South East Asia) ကို Mr. Michael Lodge က လည်းကောင်း။

**ကိုယ်စားလှယ်များ ဆွေးနွေး**

အာဆီယံနှင့် ဘင်းမ်စတက်နိုင်ငံများတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အဏ္ဏဝါစီးပွားရေးကို ပံ့ပိုးပေးနိုင်ရေးအတွက် ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များ (Increased regional international cooperation in support of the sustainable development of ASEAN and BIMSTEC members’ Blue Economy) ကို မုံရွာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသူရဦးက လည်းကောင်း သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ကြပြီး မြန်မာနိုင်ငံရှိ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အဆင့်မြင့် အရာရှိကြီးများ၊ အာဆီယံနှင့် ဘင်းမ်စတက်ဒေသတွင်း နိုင်ငံပေါင်း ၁၅ နိုင်ငံမှ ကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာ ပင်လယ်ရေကြောင်းနှင့် စပ်လျဉ်းသည့် ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများဖြစ်ကြသည့် International Seabed Authority (ISA), Commission on the Limits of the Continental Shelf (CLCS), Division for Ocean Affairs and the Law of the Sea (DOALOS) နှင့် Korea Maritime Institute (KMI) တို့မှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ဆွေးနွေးကြသည်။

**ပထမဆုံးအကြိမ်ကျင်းပ**

အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ကို စက်တင်ဘာ ၁၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး အလုပ်ရုံဆွေးနွေးပွဲကို အာဆီယံနှင့်ဘင်းမ်စတက် ဒေသတွင်း နိုင်ငံများတွင် ပထမဆုံးအကြိမ်အဖြစ် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် အပြည်ပြည်ဆိုင်ရာ ပင်လယ်ကြမ်းပြင်အာဏာပိုင်အဖွဲ့နှင့် ပူးပေါင်း၍ Korea Maritime Institute ၏ ကူညီမှုဖြင့် ကျင်းပခဲ့ခြင်းဖြစ်သည်။

International Seabed Authority ကို ကုလသမဂ္ဂ ပင်လယ်ပြင်ဥပဒေအာဏာတည်ပြီးနောက် ၁၉၉၄ ခုနှစ် နိုဝင်ဘာလတွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ရုံးချုပ်ကို ဂျမေကာနိုင်ငံ ကင်းစတန်မြို့တွင် အခြေစိုက်ဖွင့်လှစ်ထားသည်။ International Seabed Authority ကို နိုင်ငံများ၏ တရားစီရင်ပိုင်ခွင့်ဧရိယာပြင်ပရှိ အပြည်ပြည်ဆိုင်ရာ ပင်လယ်ကြမ်းပြင်တွင်ရှိသည့် ဓာတ်သတ္တုနှင့် သယံဇာတများ ရှာဖွေတူးဖော်ခြင်းများအပေါ် စုစည်းခြင်း၊ ထိန်းညှိခြင်းနှင့် ထိန်းချုပ်ခြင်းများ ဆောင်ရွက်ရန် ရည်ရွယ်ဖွဲ့စည်းထားခြင်းဖြစ်သည်။

**သတင်းစဉ်**

# မဲဆန္ဒရှင်စာရင်းပြုစုခြင်းနှင့် မဲစာရင်းရေးသွင်းခြင်း Software သင်တန်း ပြည်ကြီးတံခွန်မြို့နယ်၌ ဖွင့်



**မန္တလေး စက်တင်ဘာ ၉**

မန္တလေးခရိုင် ပြည်ကြီးတံခွန်မြို့နယ် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ကြီးမှူးပြီး မြို့နယ်အတွင်းရှိ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအတွက် မဲဆန္ဒရှင်စာရင်းပြုစုခြင်းနှင့် မဲစာရင်းရေးသွင်းခြင်း Software သင်တန်းကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မန္တလေးခရိုင်ရုံး လူထုအခြေပြုဗဟိုဌာန ကွန်ပျူတာသင်တန်းခန်းမ၌ ယနေ့ နံနက်ပိုင်းက ဖွင့်လှစ်သည်။ **(ယာပုံ)**

အဆိုပါ မဲဆန္ဒရှင်စာရင်းပြုစုခြင်း သင်တန်းဖွင့်ပွဲတွင် ပြည်ကြီးတံခွန်မြို့နယ် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကျော်သန်းက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်သန်းက လူထုအခြေပြုဗဟိုဌာနတွင် သင်တန်းများ ဖွင့်လှစ်နေမှုများနှင့် မဲဆန္ဒရှင်စာရင်းပြုစုခြင်း သင်တန်း ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ပြည်ကြီးတံခွန်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအနေဖြင့် မြို့နယ်အတွင်းရှိ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ အဖွဲ့ဝင် ၃၀ တို့အား စက်တင်ဘာ ၃၀ ရက်အထိ သင်တန်းပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်းနိုင်**

# နိုင်ငံအားလုံးရဲ့ အကျိုးစီးပွားအတွက် နိုင်ငံတော်ဆိုင်ရာ တရားစီရင်ပိုင်ခွင့်အာဏာထက်ကျော်လွန်တဲ့ ပင်လယ်သမုဒ္ဒရာဧရိယာကို ကျွန်တော်တို့ စုပေါင်းစီမံခန့်ခွဲနိုင်ဖို့ နည်းလမ်းရှာဖွေမှာဖြစ်ပါတယ်

**Mr. Michael Lodge (ISA - အထွေထွေအတွင်းရေးမှူးချုပ်)**

**ပင်လယ်ကြမ်းပြင် အရင်းအမြစ်များနှင့် အဏ္ဏဝါစီးပွားရေးဆိုင်ရာ အာဆီယံနှင့် ဘင်းမ်စတက်ဒေသတွင်း အသိပညာပေးအလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၉ ရက်နေ့တွင် နေပြည်တော်ရှိ Park Royal ဟိုတယ်၌ ကျင်းပရာ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် ပါဝင်တက်ရောက်လျက်ရှိသော အပြည်ပြည်ဆိုင်ရာ ပင်လယ်ကြမ်းပြင်အာဏာပိုင်အဖွဲ့ International Seabed Authority (ISA) အထွေထွေအတွင်းရေးမှူးချုပ် Mr. Michael Lodge နှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်။**




**Mr. Michael Lodge (ISA - အထွေထွေအတွင်းရေးမှူးချုပ်)**

**မေး ။ ။ ပထမဆုံးအနေနဲ့ အလုပ်ရုံဆွေးနွေးပွဲ ရည်ရွယ်ချက်ကို သိပါရစေ။**

ဖြေ ။ ။ ကျွန်တော်တို့ ISA မှာမြန်မာနိုင်ငံအပါအဝင် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၆၈ နိုင်ငံရှိပါတယ်။ ကျွန်တော်တို့အဖွဲ့ဟာ မြန်မာနိုင်ငံသာမက အာဆီယံနဲ့ ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံတွေပါဝင်တဲ့ အရေးပါတဲ့ အစည်းအဝေးကို မြန်မာနိုင်ငံမှာ အိမ်ရှင်အဖြစ် ကျင်းပဖို့ အလွန်ဝေးကွာတဲ့ခရီးကို လာရောက်ခဲ့ပါတယ်။ ဒီအစည်းအဝေးပွဲဟာ ကျွန်တော်တို့အတွက် အင်မတန်ကိုအရေးကြီးပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အာဆီယံနဲ့ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံအများစုဟာ ISA အဖွဲ့ဝင်နိုင်ငံတွေဖြစ်လို့ပါပဲ။ ဒါ့ကြောင့် မြန်မာနဲ့ အိမ်နီးချင်းနိုင်ငံတွေက Blue Economy ကို ဘယ်လိုတိုးတက်အောင် လုပ်ဆောင်မလဲဆိုတာ ဆွေးနွေးဖို့ ကျွန်တော်တို့ ဒီသီတင်းပတ်အတွင်း မြန်မာနိုင်ငံမှာ အစည်းအဝေးကျင်းပရခြင်းဖြစ်ပါတယ်။ Blue Economy ဆိုတာကတော့ အဏ္ဏဝါဆိုင်ရာစီးပွားရေးလုပ်ငန်းကို ဆိုလိုပါတယ်။ အထူးသဖြင့် ရေနံ၊ သဘာဝဓာတ်ငွေ့နဲ့ သတ္တုအပါအဝင် ပင်လယ်သမုဒ္ဒရာ သယံဇာတတွေကို စဉ်ဆက်မပြတ် အသုံးပြုနိုင်ဖို့ဖြစ်ပါတယ်။

**မေး ။ ။ ဒီအဖွဲ့ကြီးအနေနဲ့ မြန်မာနိုင်ငံအတွက် ပင်လယ်ကြမ်းပြင် သုတေသနဖွံ့ဖြိုးမှုအတွက် ဘယ်လိုအထောက်အကူပေးနိုင်မလဲဆိုတာ ရှင်းပြပေးစေလိုပါတယ်။**

ဖြေ ။ ။ ISA အဖွဲ့ဟာ ပင်လယ်သမုဒ္ဒရာဆိုင်ရာ သိပ္ပံသုတေသနပြုမှု မြှင့်တင်ရာမှာ ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်နေတဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။ ကျွန်တော်တို့ ပင်လယ်သမုဒ္ဒရာဆိုင်ရာ သိပ္ပံသုတေသနပြုမှုအကြောင်း လေ့လာနေပါတယ်။ ဒါကြောင့် ပင်လယ်သမုဒ္ဒရာဆိုင်ရာ သိပ္ပံသုတေသနပြုမှုကို မြှင့်တင်ပြီး အားပေးချီးမြှောက်ဖို့ အရေးကြီးပါတယ်။ ဒါမှသာ ကျွန်တော်တို့ ပင်လယ်နေဇီဝမျိုးစုံ မျိုးကွဲတွေ၊ သယံဇာတအရင်းအမြစ်တွေရဲ့သဘောသဘာဝနဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ အရင်းအမြစ်တွေအကြောင်းနဲ့ ကျွန်တော်တို့ အရင်းအမြစ်တွေကို ဘယ်လိုစဉ်ဆက်မပြတ် အသုံးပြုနိုင်တယ်ဆိုတာ ပိုမိုနားလည်နိုင်မှာ ဖြစ်ပါတယ်။ ပင်လယ်နေဇီဝမျိုးစုံမျိုးကွဲတွေကို ကျွန်တော်တို့ ဘယ်လိုနည်းလမ်းနဲ့ ထိန်းသိမ်းနိုင်တယ်ဆိုတာ အရေးကြီးပါတယ်။

**မေး ။ ။ မြန်မာနိုင်ငံဟာ ရှည်လျားတဲ့ ကမ်းရိုးတန်းကို ပိုင်ဆိုင်ထားတဲ့အတွက် မြန်မာနိုင်ငံမှာ ပင်လယ်သမုဒ္ဒရာဆိုင်ရာ သုတေသနနဲ့ အခြားလုပ်ငန်းတွေ ပိုမိုလုပ်ဆောင်ဖို့ ဘယ်လို အကြံပြုချင်ပါသလဲ။**

ဖြေ ။ ။ မြန်မာနိုင်ငံက ရှည်လျားတဲ့ ကမ်းရိုးတန်းပိုင်ဆိုင်ထားပါတယ်။ ရေမိုင် ၂၀၀ ကို မြန်မာနိုင်ငံက ထိန်းချုပ်ထားပြီး ဒါဟာ မြန်မာနိုင်ငံရဲ့ အမျိုးသားရေးတာဝန်ဖြစ်ပါတယ်။ ကျွန်တော်တို့ ISA အဖွဲ့ရဲ့တာဝန်ကတော့ နိုင်ငံတကာရေပိုင်နက်ဖြစ်တဲ့ ရေမိုင် ၂၀၀ ကျော်တဲ့ ဧရိယာကိုစီမံခန့်ခွဲဖို့ဖြစ်ပါတယ်။ ရေမိုင် ၂၀၀ ရဲ့အလွန်ဧရိယာဟာ နိုင်ငံအားလုံးနဲ့ သက်ဆိုင်ပါတယ်။ ဒါကြောင့် ISA ရဲ့ အရေးကြီးတဲ့ လုပ်ငန်းကဏ္ဍတစ်ခုကတော့ နိုင်ငံတကာရဲ့ပူးပေါင်းဆောင်ရွက်မှုဖြစ်ပါတယ်။ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု အထူးသဖြင့် ဒေသတွင်းတိုင်းပြည်တွေရဲ့ပူးပေါင်းဆောင်ရွက်မှုကို အားပေးချင်လို့ ဒီအစည်းအဝေးကို မြန်မာနိုင်ငံမှာ ကျင်းပခြင်းဖြစ်ပါတယ်။ ဒီအစည်းအဝေးမှာ နိုင်ငံအားလုံးရဲ့အကျိုးစီးပွားအတွက် နိုင်ငံတော်ဆိုင်ရာ တရားစီရင်ပိုင်ခွင့်အာဏာထက်ကျော်လွန်တဲ့ ပင်လယ်သမုဒ္ဒရာဧရိယာကို ကျွန်တော်တို့ စုပေါင်းစီမံခန့်ခွဲနိုင်ဖို့ နည်းလမ်းရှာဖွေမှာဖြစ်ပါတယ်။

**မေး ။ ။ ဒီဆွေးနွေးပွဲဟာ မြန်မာနိုင်ငံမှာ ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်တယ်လို့ သိရပါတယ်။ မြန်မာနိုင်ငံအတွက် သင်တန်းတွေ ပေးသွားမယ့် အစီအစဉ်တွေ ရှိ၊ မရှိ သိပါရစေ။**

ဖြေ ။ ။ ကျွန်တော်တို့ တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ သင်တန်းပေးရေးအစီအစဉ်တွေ လုပ်ဆောင်နေပါတယ်။ ကျွန်တော်တို့ ISA က တစ်ကမ္ဘာလုံးနဲ့ဆိုင်တဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။ မြန်မာနိုင်ငံကလည်း ISA အဖွဲ့ဝင်နိုင်ငံဖြစ်တဲ့အတွက် သင်တန်းပေးရေး အစီအစဉ်အတွက် အကျုံးဝင်တဲ့နိုင်ငံဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွက်သာမက အာဆီယံနိုင်ငံတွေအတွက်ပါ သင်တန်းပေးရေးအစီအစဉ်တွေက အကျိုးကျေးဇူးရှိစေမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ လုပ်ဆောင်စရာများစွာ ရှိနေပါသေးတယ်။ စွမ်းဆောင်ရည်မြှင့်တင်ရေးနဲ့ သင်တန်းပို့ချရေးအကြောင်း ပိုမိုသိရှိနားလည်ဖို့ မြန်မာနိုင်ငံသာမက အိမ်နီးချင်းနိုင်ငံတွေရဲ့အသံကို နားထောင်ရမှာဖြစ်တဲ့အတွက် ကျန်ရှိနေတဲ့ အစည်းအဝေး နှစ်ရက်တာ ကာလကို စိတ်ဝင်စားမိပါတယ်။ ကျွန်တော်တို့ ဒီလိုလုပ်ဆောင်ခြင်းအားဖြင့် အနာဂတ်မှာ ပိုမိုဆောင်ရွက်နိုင်မယ်လို့ မျှော်လင့်ပါတယ်။ ဒါဟာ ကနဦး အစပဲရှိပါသေးတယ်။ ရေရှည်မှာ မြန်မာနဲ့ အိမ်နီးချင်းနိုင်ငံတွေအတွက် အကျိုးဖြစ်ထွန်းစေတဲ့အရာတွေ ပိုမိုဆောင်ရွက်နိုင်မယ်လို့ မျှော်လင့်ပါတယ်။

**မေး ။ ။ အာဆီယံဒေသအပါအဝင် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံတွေပါဝင်တဲ့ ဒီအစည်းအဝေးကနေ ဘယ်လိုအကျိုးကျေးဇူးတွေ ရမယ်လို့ မျှော်လင့်ပါသလဲ။**

ဖြေ ။ ။ ဒီဒေသတွင်းက နိုင်ငံတွေမှာ အလားအလာကောင်းတွေ များစွာရှိတယ်လို့ ကျွန်တော်ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီဒေသဟာ ပင်လယ်ဆိုင်ရာဥပဒေက တစ်ဆင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးကို အလေးထားဆောင်ရွက်ဖို့ သန္နိဋ္ဌာန်ချထားပါတယ်။ ဒါဟာကောင်းမွန်တဲ့ အစခရီးပဲဖြစ်ပါတယ်။ ဒီဒေသဟာ ပင်လယ်သမုဒ္ဒရာနဲ့ ပတ်သက်လို့ စိတ်ဝင်စားသလို သက်မဲ့အရင်းအမြစ်တွေ၊ သက်ရှိအရင်းအမြစ်တွေအပါအဝင် ပင်လယ်သယံဇာတတွေ၊ လူ့စွမ်းအားအရင်းအမြစ်လို အရင်းအမြစ်တွေ အများအပြားရှိပါတယ်။ တက္ကသိုလ်တွေ၊ သိပ္ပံအကယ်ဒမီတွေမှာလည်း သင်တန်းတွေ အများကြီးလုပ်ဆောင်ခဲ့တာတွေ့ရပါတယ်။ ကျွန်တော်တို့ အမှန်တကယ်ဆောင်ရွက်ဖို့ စိတ်ဝင်စားတာကတော့ အနာဂတ်ကာလမှာ ဘယ်လိုအကူအညီပေးရမလဲ။ ပင်လယ်သမုဒ္ဒရာ သိပ္ပံပညာဟာဖွံ့ဖြိုးဆဲနိုင်ငံတွေအတွက် စိန်ခေါ်မှုတွေများစွာ ရှိနေပါတယ်။ ပိုမိုဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတွေဆီက လူသားရင်းမြစ်တွေ၊ အကူအညီတွေရရှိဖို့ လိုအပ်ပါတယ်။ မြန်မာနဲ့ အိမ်နီးချင်းနိုင်ငံတွေ ပိုမိုပါဝင်ဆောင်ရွက်နိုင်ဖို့ ကျွန်တော်တို့ နည်းလမ်းတွေ ကြိုးစားရှာဖွေမှာ ဖြစ်ပါတယ်။

**“ကျွန်တော်တို့ အမှန်တကယ်ဆောင်ရွက်ဖို့ စိတ်ဝင်စားတာကတော့ အနာဂတ်ကာလမှာ ဘယ်လိုအကူအညီပေးရမလဲ။ ပင်လယ်သမုဒ္ဒရာ သိပ္ပံပညာဟာ ဖွံ့ဖြိုးဆဲနိုင်ငံတွေအတွက် စိန်ခေါ်မှုတွေများစွာ ရှိနေပါတယ်။ ပိုမိုဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတွေဆီက လူသားရင်းမြစ်တွေ၊ အကူအညီတွေရရှိဖို့ လိုအပ်ပါတယ်။ မြန်မာနဲ့ အိမ်နီးချင်းနိုင်ငံတွေ ပိုမိုပါဝင်ဆောင်ရွက်နိုင်ဖို့ ကျွန်တော်တို့ နည်းလမ်းတွေ ကြိုးစားရှာဖွေမှာ ဖြစ်ပါတယ်”**

**အောင်ဇော်လင်း၊ ကျော်ထိုက်စိုး**
**ဓာတ်ပုံ- မိုက်ကယ်ထန်း**

## ကမ်းလွန်လုပ်ကွက်အမှတ် M-5 တွင် တိုင်းတာရေးလုပ်ငန်းများ မပြီးပြတ်သဖြင့် စက်တင်ဘာ ၃၀ ရက်အထိ ဆောင်ရွက်မည်ဖြစ်ကြောင်း ရေကြောင်းသတိပေးချက် ထုတ်ပြန်

**နေပြည်တော် စက်တင်ဘာ ၉**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Total E & P Myanmar ကုမ္ပဏီသည် ကမ်းလွန်လုပ်ကွက်အမှတ် M-5 တွင် Preparls Geophysical Site Survey Contour လုပ်ငန်းများအား MV.Java Imperia (Call Sign:POZE) ရေယာဉ်ဖြင့် ဩဂုတ် ၁ ရက်မှ ဩဂုတ် ၃၁ ရက်အထိ ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာခဲ့ပါသည်။ သို့ရာတွင် အဆိုပါလုပ်ငန်းများ မပြီးပြတ်ပါသဖြင့် စက်တင်ဘာ ၁၂ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ ဆောင်ရွက်မည်ဖြစ်ပါသည်။

Preparls Geophysical Site Survey Contour လုပ်ငန်းများ ဆောင်ရွက်မည့် ဧရိယာအကျယ်အဝန်းများကို ဖော်ပြသည့် Coordinate များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| Point | Latitude | Longitude |
|---|---|---|
| NW vertex | 14' 56' 34.44" N | 93' 47' 13.99" E |
| NE vertex | 14' 56' 33.85" N | 93' 50' 01.36" E |
| SE vertex | 14' 53' 51.12" N | 93' 50' 00.73" E |
| SW vertex | 14' 53' 51.71" N | 93' 47" 13.40" E |

သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ် M-5 တွင် Preparls Geophysical Site Survey Contour လုပ်ငန်းများအား MV. Java Imperia (Call Sign:POZE) ရေယာဉ် စက်တင်ဘာ ၁၂ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာမှ ၄ ကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း မရှိစေရန် ရေကြောင်းသတိပေးချက်အား ထုတ်ပြန်ကြေညာထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အင်းစိန်မြို့နယ်၌ သက်ကြီးသတင်းစာဆရာကြီးများအား ကန်တော့ပွဲ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၉**

ရန်ကုန်မြောက်ပိုင်းခရိုင် မြန်မာနိုင်ငံ သတင်းစာဆရာအသင်း(အင်းစိန်မြို့နယ်) က ကြီးမှူးကျင်းပမည့် ပဉ္စမအကြိမ် အသက် (၇၀) ပြည့်နှင့်အထက် သက်ကြီးသတင်းစာဆရာကြီးများအား ပူဇော်ကန်တော့ပွဲကို စက်တင်ဘာ ၂၂ ရက်တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါ သက်ကြီးကန်တော့ပွဲအတွက် လှူဒါန်းလိုသူများအနေဖြင့် အသင်းဥက္ကဋ္ဌ ဦးဘိုကြည်(ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး) ဖုန်း - ၀၉-၃၀၀၂၃၉၇၀၊ ဒုတိယဥက္ကဋ္ဌ ဦးမင်းခိုင်(ဖိုးတုတ်) ဖုန်း - ၀၉-၂၅၀၀၄၄၆၁၀ နှင့် အတွင်းရေးမှူး မြင့်ဦး(အင်းစိန်)ဖုန်း - ၀၉-၄၂၀၀၇၂၆၈၇ တို့ထံ ဆက်သွယ်လှူဒါန်း နိုင်ကြောင်း သိရသည်။

**ဉာဏ်လင်း**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

# လူကုန်ကူးမှုအန္တရာယ် ဝိုင်းဝန်းပူးပေါင်းတို့ကာကွယ်

မောင်သောင်းဝင်း(တမန်ဟောင်း)

လူကုန်ကူးခြင်းသည် ခေတ်သစ်ကျေးကျွန်ပြုခြင်းပင်ဖြစ်သည်။ လူကုန်ကူးခံရသူသည် လုပ်အားခေါင်းပုံဖြတ်ခံရခြင်းနှင့် လိင်အကြမ်းဖက်ခံရခြင်းများကို ခါးစည်းခံရလေ့ရှိသည်။ အမျိုးသမီးများနှင့် ကလေးငယ်များသည် အများဆုံးလူကုန်ကူးခံရလေ့ရှိသည်။ အမျိုးသမီးများသည် လိင်ကျေးကျွန်အဖြစ် ရောင်းချခံကြရပြီး ကလေးငယ်များသည် လိင်အကြမ်းဖက်မှုနှင့် လုပ်အားခေါင်းပုံဖြတ်မှုခံကြရသည်။ လူကုန်ကူးခံရသူများသည် ကိုယ်ခန္ဓာအစိတ်အပိုင်းများကို ဖြတ်တောက်ထုတ်ယူခံရသည့် အသက်အန္တရာယ်နှင့်လည်း ကြုံတွေ့ရတတ်ပါသည်။ လက်ရှိအချိန်တွင် လူကုန်ကူးမှုသည် တရားမဝင်မူးယစ်ဆေးဝါးနှင့် လက်နက်ရောင်းဝယ်မှုပြီးလျှင် တတိယမြောက်အများဆုံး ရာဇဝတ်မှုပင်ဖြစ်သည်။ နှစ်စဉ် လူကုန်ကူးခံရသူ သန်း ၂၀ ခန့်ရှိပြီး ထိုလုပ်ငန်းမှ တရားမဝင်အကျိုးအမြတ် အမေရိကန်ဒေါ်လာ ၄၀ ဘီလီယံခန့်ရရှိနေသည်ဟု ဆိုသည်။ ထို့ကြောင့် လူကုန်ကူးမှုတိုက်ဖျက်ရာတွင် အခက်အခဲကြုံတွေ့နေရခြင်းဖြစ်သည်။

**လူကုန်ကူးမှုဆိုသည်မှာ**

လူကုန်ကူးမှုဆိုသည်မှာ လူပုဂ္ဂိုလ်တစ်ဦးဦးသည် အခြားသူတစ်ဦးတစ်ယောက်ကို ထိုသူ၏ သဘောတူညီချက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ခေါင်းပုံဖြတ်ခြင်းအလို့ငှာ လူများကို သိမ်းသွင်းစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ ငှားယူခြင်း၊ ခိုလှုံခွင့်ပေးခြင်း၊ သို့မဟုတ် လက်ခံခြင်းကို ဆိုလိုပါသည်။ ထိုသို့ လူကုန်ကူးရန် ပြုလုပ်မှုတစ်ရပ်ရပ်ပြုလုပ်ရာတွင် ခြိမ်းခြောက်ခြင်း၊ အင်အားသုံးခြင်း၊ သို့မဟုတ် အခြားနည်းဖြင့် အနိုင်အထက်ပြုခြင်း၊ သွေးဆောင်ခေါ်ယူခြင်း၊ လိမ်လည်ခြင်း၊ လှည့်ဖြားခြင်း၊ အခွင့်အာဏာကိုအလွဲသုံးစားပြုခြင်း၊ သို့မဟုတ် ဘဝရပ်တည်ရန် ခက်ခဲနေသောအခြေအနေကို အလွဲသုံးစားပြုခြင်း၊ တစ်ဦးတစ်ယောက်အပေါ် ချုပ်ကိုင်နိုင်သောသူ၏ သဘောတူညီချက်ရရှိရန် ငွေကြေး၊ သို့မဟုတ် အကျိုးအမြတ်ပေးခြင်း၊ သို့မဟုတ် လက်ခံရယူခြင်းတို့ ပါဝင်သည်။ ထို့အပြင် လူပုဂ္ဂိုလ်တစ်ဦးသည် အခြားသူတစ်ဦးတစ်ယောက်အား ပြည့်တန်ဆာပြုခြင်း၊ ကျေးကျွန်ကဲ့သို့ ခိုင်းစေခြင်း၊ ကြွေးမြီနှင့် နှောင်ဖွဲ့ခိုင်းစေခြင်း၊ သူတစ်ပါးခန္ဓာကိုယ်၏ အစိတ်အပိုင်းအားထုတ်ယူခြင်း၊ ရောင်းချခြင်းတို့ကိုပြုရာမှ ငွေကြေး၊ အကျိုးအမြတ်လက်ခံရယူခြင်း သို့မဟုတ် လက်ခံရန်သဘောတူခြင်းများသည်လည်း လူကုန်ကူးမှုကျူးလွန်သည့် လုပ်ရပ်များပင်ဖြစ်သည်။

**လူကုန်ကူးခံရသည့်အကြောင်းတရားများ**

လူကုန်ကူးခံရသူများသည် အလုပ်အကိုင်အခွင့်အလမ်းရှားပါးမှု၊ အလွန်အကျွံဆင်းရဲမှု၊ အသိပညာဗဟုသုတနည်းပါးမှု၊ အိမ်တွင်းအကြမ်းဖက်ခံရမှုနှင့် သူငယ်ချင်းများ၊ ဆွေမျိုးများစသည်တို့က နိုင်ငံရပ်ခြားတွင် သွားရောက်အလုပ်လုပ်ကိုင်ပါက ဝင်ငွေကောင်းကောင်းရမည်ဖြစ်ကြောင်း ပြောဆိုမှုများကို ယုံကြည်ကာ သွားရောက်ကြသဖြင့် လူကုန်ကူးသည့်မုဆိုးများ၏ ပစ်ကွင်းသို့ သက်ဆင်းသွားကြရသည်။ အချို့သောသူများသည် အားနာတတ်မှု၊ ရိုးသားမှု၊ မသိနားမလည်မှု၊ နိုင်ငံခြားကို အထင်ကြီးမှုတို့ကြောင့် သားကောင်ဘဝ သက်ဆင်းကာ တစ်ဖက်နိုင်ငံတွင် အခိုင်းအစေအဖြစ် ရောင်းချခြင်းခံကြရသည်။ သဘောမတူသူနှင့်ပေးစားကာ လက်ထပ်ထိမ်းမြားပေးခြင်း၊ အဓမ္မအလုပ်စေခိုင်းခံရခြင်း၊ ပြည့်တန်ဆာအလုပ်စေခိုင်းခံရခြင်းတို့ကို ခံကြရသည်။ ထို့အပြင် ရွှေ့ပြောင်းသွားလာလုပ်ကိုင်လိုသူများအပေါ် အကျိုးအမြတ်ရယူလိုသူများ၊ ခေါင်းပုံဖြတ်လိုသူများကြောင့် လူမှောင်ခိုမှု၊ လူကုန်ကူးမှုများ ဖြစ်ပေါ်လာရသည်။ တရားမဝင်ရွှေ့ပြောင်းသွားလာမှု၏ ဘဝနိဂုံးသည် လူကုန်ကူးခံရခြင်းပင်ဖြစ်သည်။

လူကုန်ကူးသူများသည် အမျိုးသမီးများနှင့် ကလေးငယ်များအပါအဝင် လူသားများကို မက်လုံးပေး စည်းရုံးသိမ်းသွင်းရောင်းချလေ့ရှိကြသည်။ လူကုန်ကူးမှုများသည် တစ်စတစ်စကြီးထွားလာသော နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုများပင်ဖြစ်သည်။ နိုင်ငံတကာအဖွဲ့အစည်းများကလည်း လူကုန်ကူးသူများကို လူ့အခွင့်အရေးချိုးဖောက်သူများအဖြစ် ပြစ်တင် ရှုတ်ချထားလျက်ရှိသည်။ သို့သော် လူ့အသိုက်အဝန်းကို ခြိမ်းခြောက်နေဆဲပင်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံတည်းအတွင်း၌ပင်လျှင် လူကုန်ကူးမှုများ တွေ့ရသည်။ ဆင်းရဲတွင်းနက်နေသူများ၊ ကလေးငယ်များ၊ အမျိုးသမီးငယ်များသည် လူကုန်ကူးသူများ၏ ပစ်မှတ်ဖြစ်လေ့ရှိကြသည်။ လူကုန်ကူးသူများသည် အမျိုးသမီးငယ်များကို လိင်ကျွန်ပြုရန်လည်းကောင်း၊ အရွယ်ရောက်သူအမျိုးသားများကို လုပ်အားခေါင်းပုံဖြတ်ရန်လည်းကောင်း၊ ကလေးငယ်များကို ကိုယ်လက်အင်္ဂါဖြတ်တောက်ရောင်းချရန်လည်းကောင်း မက်လုံးပေးဆွဲဆောင်စည်းရုံးရောင်းချလေ့ရှိကြသည်။

**လူကုန်ကူးခံရသူများ**

လူကုန်ကူးခံရသူတစ်ဦးအား လိင်ဖျော်ဖြေရေးအတွက် ခေါင်းပုံဖြတ်စေခိုင်းခြင်းကို လိင်ကုန်ကူးခြင်းဟု ခေါ်ဆိုသည်။ ကလေးငယ်များကို လိင်ကျွန်ပြုခြင်းအပါအဝင် ပြည့်တန်ဆာလုပ်ခိုင်းခြင်းဖြင့် လိင်ကုန်ကူးသူများက အမြတ်ထုတ်လေ့ရှိကြသည်။ လိင်ကုန်ကူးမှုသည် ကမ္ဘာတစ်ဝန်းတွင် လျင်မြန်စွာကြီးထွားလာသော ရာဇဝတ်မှုလုပ်ငန်းတစ်မျိုးဖြစ်နေသည်။ နိုင်ငံတကာအလုပ်သမားအဖွဲ့၏အဆိုအရ လူ ၂၀ ဒသမ ၉ သန်းသည် အဓမ္မအလုပ်စေခိုင်းခြင်းခံနေရပြီး ၎င်းတို့အနက် ၂၂ ရာခိုင်နှုန်းနှင့် ညီမျှသော လူ ၄ ဒသမ ၅ သန်းသည် လိင်ကျွန်ပြုခံနေရသည်။ လက်ရှိအချိန်တွင် တစ်ကမ္ဘာလုံး၌ လူကုန်ကူးခံရသူ ၄၀ ဒသမ ၃ သန်းခန့်သည် လုပ်အားခမရဘဲ ကျွန်ပြုခံနေကြရသည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် လူကုန်ကူးခံရသူများသည် ခြိမ်းခြောက်ခံရခြင်း၊ အကြမ်းဖက်ခံရခြင်းတို့ကြောင့် အနည်းငယ်သောလုပ်အားခ၊ သို့မဟုတ် လုပ်အားခလုံးဝမရဘဲ အလုပ်လုပ်နေကြရသည်။ နေရာတိုင်းတွင် တရားမဝင် ကျွန်ပြုနေခြင်းဖြစ်သည်။ ဆိုရလျှင် လူကုန်ကူးခံရသူများသည် ခေတ်သစ် ကျေးကျွန်များပင်ဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဆင်းရဲမွဲတေမှုမြင့်မားခြင်း၊ ကျောင်းနေရန် အခွင့်အလမ်းမရှိခြင်းတို့ကြောင့် ကလေးအလုပ်သမားများမြင့်မားနေဆဲရှိနေဆဲပင်ဖြစ်သည်။ လူကုန်ကူးသူများသည် ကလေးများကို မက်လုံးပေးဆွဲဆောင်ကာ လုပ်ငန်းခွင်များသို့ ပြန်လည်ရောင်းချလေ့ရှိကြသည်။

**လူကုန်ကူးမှုအန္တရာယ် ဝိုင်းဝန်းပူးပေါင်းတို့ ကာကွယ်**

လူကုန်ကူးမှုပြဿနာသည် နိုင်ငံတစ်နိုင်ငံရှိ အစိုးရတစ်ရပ်တည်း ဖြေရှင်းလို့မရသည့် ရာဇဝတ်မှုမျိုးဖြစ်သည်။ ကမ္ဘာ့နိုင်ငံအားလုံး ပေါင်းစပ်ချိတ်ဆက်ဆောင်ရွက်မှသာ ထိုရာဇဝတ်မှု လျော့နည်းကျဆင်းလာနိုင်သည်။ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများအကြား ပေါင်းစပ်ဆောင်ရွက်ခြင်း၊ နိုင်ငံတော်အဆင့် တာဝန်ရှိသူများ ပေါင်းစပ်ဆောင်ရွက်ခြင်း၊ စွမ်းဆောင်ရည်တည်ဆောက်ခြင်း၊ ပြည်သူများအား ဗဟုသုတ မျှဝေခြင်း၊ နည်းပညာပိုင်းဆိုင်ရာ အထောက်အကူပေးခြင်း၊ လူကုန်ကူးခံရသူများအား အပြည့်အဝကာကွယ်စောင့်ရှောက်ခြင်း၊ ပြည်သူများအကြား လူကုန်ကူးသူများအား ပူးပေါင်းဆန့်ကျင်တိုက်ဖျက်ရေး စိတ်ဓာတ်ကိန်းအောင်းလာအောင် ဆောင်ရွက်ခြင်းတို့ကို အလေးထားဆောင်ရွက်သွားရန် လိုအပ်သည်။

သက်ဆိုင်ရာအာဏာပိုင်များအနေဖြင့် လူကုန်ကူးသူများအား ဖမ်းဆီးရမိလျှင် ထိထိရောက်ရောက်အရေးယူပြီး ပြင်းထန်သောပြစ်ဒဏ်များချမှတ်သင့်ပါသည်။ လူကုန်ကူးသည့် တရားခံများကို ပြစ်ဒဏ်ချမှတ်ရာတွင် ပြည်သူလူထုသိအောင် သတင်းမီဒီယာများမှ ကျယ်ပြန့်စွာထုတ်ပြန်သင့်သည်။ ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်ပေးရာတွင်လည်း သက်ငယ်မုဒိမ်းမှုကျူးလွန်သူများ၊ လူကုန်ကူးသူများ၊ မူးယစ်ဆေးဝါးရောင်းဝယ်သူများကို ချန်လှပ်ထားသင့်သည်။ ထိုရာဇဝတ်သားများကို လွတ်ငြိမ်းချမ်းသာခွင့်ပေးလိုက်မည်ဆိုလျှင် အလားတူ ပြစ်မှုများကို အကြိမ်ကြိမ်ကျူးလွန်နေမည်သာဖြစ်သည်။ မိဘအုပ်ထိန်းသူများအနေဖြင့် အရွယ်မရောက်သေးသည့် ကျောင်းသားလူငယ်များ၊ အထူးသဖြင့် သမီးမိန်းကလေးများကို ယခင်ကထက် ပိုမိုဂရုစိုက်သင့်သည်။ လူကုန်ကူးသူများသည် လူငယ်များကို အသွင်မျိုးစုံဖြင့် စည်းရုံးသိမ်းသွင်းလျက်ရှိကြသည်။ ထို့ကြောင့် ကလေးငယ်များ၏ပတ်ဝန်းကျင်တွင် လူစိမ်းများတွေ့နေပြီဆိုလျှင် မေးမြန်းစုံစမ်းသင့်သည်။ သက်ဆိုင်ရာသို့ သတင်းပို့သင့်သည်။ ကျောင်း၊ ကျူရှင်သွားသည့်ကလေးများ သတ်မှတ်ချိန်အတွင်း ပြန်မရောက်လျှင် ချက်ချင်းရှာဖွေသွားသင့်သည်။ တတ်နိုင်ပါက မိဘ၊ အုပ်ထိန်းသူများ ကိုယ်တိုင် အကြိုအပို့ လုပ်သင့်သည်။




**လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့**

မည်သို့ပင်ဆိုစေ မြန်မာနိုင်ငံတွင် လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေကို ၂၀၀၅ ခုနှစ် စက်တင်ဘာလ ၁၃ ရက်တွင် စတင်ပြဋ္ဌာန်းခဲ့ပြီး နှစ်စဉ် စက်တင်ဘာလ ၁၃ ရက်ကို မြန်မာနိုင်ငံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်ခဲ့သည်။ လူကုန်ကူးမှု တိုက်ဖျက်ရေးအတွက် ပထမဆုံးလုပ်ငန်းသည် ပြည့်တန်ဆာလုပ်ငန်းများကို တားမြစ်သွားရေးပင်ဖြစ်သည်။ လူကုန်ကူးမှုသည် တစ်ကမ္ဘာလုံးကို ခြိမ်းခြောက်လျက်ရှိသောကြောင့် အစိုးရများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများသည် လူကုန်ကူးမှု တိုက်ဖျက်ရေးလုပ်ငန်းများကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်သည်။ လူကုန်ကူးမှုဖြစ်ပွားရခြင်းအကြောင်းတရားများကို ကျိုးကြောင်းဆီလျော်စွာ စီမံဆောင်ရွက်သွားမည်ဆိုလျှင် လူကုန်ကူးမှုများကို အတိုင်းအတာတစ်ခုအထိ လျှော့ချနိုင်မည်ဖြစ်သည်။ မည်သို့ဆိုစေ လူကုန်ကူးမှုသည် နေ့ချင်း ညချင်း တိုက်ဖျက်နိုင်မည်မဟုတ်သောကြောင့် နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်မှသာလျှင် အတိုင်းအတာတစ်ခုအထိ လျှော့ချနိုင်မည်ဟု ယုံကြည်မိပါတော့သည်။ ။

# မိတ္ထီလာ၌ မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲ စတင်ကျင်းပ

**မိတ္ထီလာ စက်တင်ဘာ ၉**

မိတ္ထီလာမြို့ (၁၃၆) ကြိမ်မြောက် သမိုင်းဝင်ဖောင်တော်ဦးစေတီ ဗုဒ္ဓပူဇနိယပွဲတော်တွင် ထည့်သွင်းကျင်းပသည့် မြန်မာ့ရိုးရာ လောင်းလှေပြိုင်ပွဲကို ယနေ့နံနက် ၁၀ နာရီက အဆိုပါ စေတီတော်အနီး ကန်ရေပြင်တွင် စတင်ကျင်းပကြောင်း သိရသည်။



"မြန်မာ့ရိုးရာ လောင်းလှေပြိုင်ပွဲကို ဒီနေ့စတင်ကျင်းပတာ ဖြစ်ပါတယ်။ ပြိုင်ပွဲကို စက်တင်ဘာ ၁၄ ရက်အထိ ကျင်းပသွားမှာဖြစ်ပြီး အဲဒီနေ့မှာ ဗိုလ်လုပွဲနဲ့ ဆုချီးမြှင့်ပွဲကို ကျင်းပမှာပါ ။ အကြီးတန်း ပထမဆုငွေကျပ် ငါးသိန်း၊ ဒုတိယဆု ငွေကျပ်သုံးသိန်း၊ တတိယဆု ငွေကျပ် နှစ်သိန်း၊ အငယ်တန်းပထမဆု ငွေကျပ်သုံးသိန်း၊ ဒုတိယဆု ငွေကျပ် နှစ်သိန်းနဲ့ တတိယဆုငွေကျပ်တစ်သိန်း ဂုဏ်ပြုဆုငွေ၊ ဆုဖလားနဲ့ တစ်ဦးချင်းဆုတံဆိပ်တွေကို ထိုက်ထိုက်တန်တန် ချီးမြှင့်ပွဲသွားမှာ ဖြစ်ပါတယ်။ ဒီနှစ်တော့ အငယ်တန်းပြိုင်ပွဲမှာ အသင်း ၂၂ သင်း ရှိပါတယ်"ဟု လှေပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဆန်းက ပြောသည်။

အဆိုပါ လှေပြိုင်ပွဲတွင် အကြီးတန်း ခြောက်သင်း၊ အငယ်တန်း ၂၂ သင်း စုစုပေါင်း ၂၈ သင်းပါဝင်ယှဉ်ပြိုင်ပြီး နေ့စဉ်ပြိုင် ပွဲစဉ် ၁၄ ခု ယှဉ်ပြိုင်လှော်ခတ်သည့်ပွဲအရေအတွက် ၂၈ ပွဲကျော် ရှိမည်ဖြစ်သည်။ လှေပြိုင်ပွဲသို့ နွားစမ်းတောင်၊ အုတ်နဲ့ဘုတ်၊ အင်းပက်လက်၊ လူးခင်းကြီး၊ မုန်တိုင် စသည့်ကျေးရွာများနှင့် မြင်းခြံဒေသတို့မှ လှေအသင်းများပါဝင်ယှဉ်ပြိုင်ကြပြီး လှေပြိုင်ပွဲကို ဘုရားပွဲလည်ပတ်သူများနှင့် လှေပြိုင်ပွဲကြိုက်နှစ်သက်သူများ ကြည့်ရှုအားပေးကြောင်း သိရသည်။

**ချမ်းသာ ( မိတ္ထီလာ)**

# သာယာဝတီမြို့တွင် တိုင်းဒေသကြီးအဆင့် ရှာဖွေကယ်ဆယ်ရေးနှင့် သဘာဝဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်ရေးသဏ္ဌာန်တူ သရုပ်ပြလေ့ကျင့်

**သာယာဝတီ စက်တင်ဘာ ၉**

သဘာဝဘေးအန္တရာယ် ကျရောက်လာပါက အချိန်မီစနစ်တကျပြန်လည်တုံ့ပြန်နိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်တွင် တိုင်းဒေသကြီးအဆင့် ရှာဖွေကယ်ဆယ်ရေးနှင့် သဘာဝဘေးအန္တရာယ်တုံ့ပြန် ဆောင်ရွက်နိုင်ရေး သဏ္ဌာန်တူ သရုပ်ပြလေ့ကျင့်ခြင်းကို စက်တင်ဘာ ၄ ရက် နံနက်က သာယာဝတီမြို့နယ် ဖိုးခေါင်-စံရွေးကျေးရွာအနီး မြစ်မခမြစ်အတွင်း၌ ကျင်းပရာ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး လှမျိုးရွှေ တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် ခရိုင်မီးသတ်ဦးစီးမှူး ဦးစန်းဦး ဦးဆောင်သော သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာသူ ကျေးရွာသား ၃၅၀ က ရေပြင်မီးငြိမ်းသတ်ရေး၊ ရေပြင်ရှာဖွေကယ်ဆယ်ရေးနှင့် ရေပြင်ကူညီကယ်ဆယ်ရေးဆောင်ရွက်ခြင်းတို့ကို သဏ္ဌာန်တူ သရုပ်ပြလေ့ကျင့်ခြင်း ဆောင်ရွက်ရာသို့ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ရဲဗလ ဦးသောင်းထိုက်၊ တိုင်းဒေသကြီး ဒုတိယမီးသတ်ဦးစီးမှူး ဦးကျော်ကျော်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချိုဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထိန်လင်းထွန်းနှင့် ခရိုင်အတွင်းရှိ မီးသတ်ဦးစီးမှူးများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့် ကျေးရွာနေပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။

**ကိုထူး**



❒ *ရှေ့ဖုံးမှ*

ယခု အဆိုပြုစီမံကိန်း၏ ချေးငွေသက်တမ်းကာလသည် (၃၂)နှစ်ဖြစ်ပြီး ဆိုင်းငံ့ကာလမှာ (၈)နှစ်ဖြစ်ပါကြောင်း၊ ဆိုင်းငံ့ကာလအတွင်း ပေးဆပ်ရမည့် အတိုးနှုန်းမှာ ၁ ရာခိုင်နှုန်းဖြစ်ပြီး ကျန်ရှိသည့်ကာလ (၂၄)နှစ်အတွက် အတိုးနှုန်းမှာ ၁ ဒသမ ၅ ရာခိုင်နှုန်း ဖြစ်ပါကြောင်း၊ ပြန်လည်ပေးဆပ်ရမည့် အတိုးအရင်းငွေများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရသုံးမှန်းခြေငွေစာရင်းတွင် ဘဏ္ဍာနှစ်အလိုက် ထည့်သွင်းရေးဆွဲပြီး ပြည်ထောင်စုအစိုးရနှင့် ပြည်ထောင်စု လွှတ်တော်တို့၏ အတည်ပြုခွင့်ပြုချက်ဖြင့် ပြန်လည်ပေးဆပ်သွားမည်ဖြစ်ပါကြောင်း။

ယခုစီမံကိန်းသည် နိုင်ငံတော်၏ စိုက်ပျိုးစီးပွားဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒများနှင့် လုပ်ငန်းစဉ်များကို အထောက်အကူဖြစ်စေမည့် စီမံကိန်းဖြစ်ပါကြောင်း၊ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအားဖြင့် သဘာဝဘေးဒဏ်ခံနိုင်သော ကျေးရွာအခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးလာခြင်း၊ ဆင်းရဲနွမ်းပါးသည့် ကျေးလက်အိမ်ထောင်စုများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖွံ့ဖြိုးလာခြင်းနှင့် မိသားစုဝင်ငွေတိုးပွားလာခြင်း၊ ကျေးရွာကုန်ထုတ်လုပ်ငန်းများ တိုးတက်လာခြင်း၊ အစိုးရအဖွဲ့အစည်းများနှင့် ကျေးလက်နေ ပြည်သူများ၏ သဘာဝဘေးအန္တရာယ် ရင်ဆိုင်တုံ့ပြန်နိုင်သည့် စွမ်းဆောင်ရည် မြင့်မားလာစေခြင်းစသည့် အကျိုးရလဒ်များ ခံစားရရှိမည်ဖြစ်ပါကြောင်း၊ ထို့ပြင် စီမံကိန်းမြို့နယ် (၁၇)မြို့နယ်ရှိ ကျေးရွာ (၂၉၄၂) ရွာမှ ကျေးလက်လူဦးရေ ၁ ဒသမ ၈၁ သန်းခန့်ကို အကျိုးပြုစေမည်ဖြစ်ပြီး ဒေသခံလူငယ် ၁၃၉၅ ဦးအား စီမံကိန်းတွင် လူထုစည်းရုံးရေးမှူးများအဖြစ် ခန့်အပ်တာဝန်ပေးခြင်းကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် တုံ့ပြန်နိုင်စွမ်းအားကောင်းသော လူထုဖွံ့ဖြိုးရေးစီမံကိန်းဖြင့် တိုင်းဒေသကြီး၊ ပြည်နယ် (၄)ခုရှိ မြို့နယ် (၁၇) မြို့နယ်တွင် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းများ စီမံအကောင်အထည်ဖော်ဆောင်ရွက်သွားရန်အတွက် အာရှဖွံ့ဖြိုးရေးဘဏ်မှ ချေးယူမည့်ချေးငွေ အမေရိကန်ဒေါ်လာ ၁၈၅ သန်းအား ချေးယူခွင့်ပြုနိုင်ပါရန် အဆိုပြု တင်ပြအပ်ပါကြောင်း ပြောကြားသည်။

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း**က အဆိုပါစီမံကိန်းသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ၊ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေ၊ ၂၀၁၈ ခုနှစ် ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာ၊ ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ မူဝါဒတို့နှင့် ကိုက်ညီမှုရှိပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၈-၂၀၃၀)၏ မဟာဗျူဟာ ၃ ဒသမ ၁၊ ၃ ဒသမ ၆ တို့နှင့်လည်း ကိုက်ညီမှုရှိသည်ကို စိစစ်တွေ့ရှိရပါကြောင်း။

## ကျေးလက်နေပြည်သူများ အထူးသဖြင့် ဖွံ့ဖြိုးမှုနောက်ကျနေသည့် ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝများ အမှန်တကယ် ဖွံ့ဖြိုးတိုးတက်လာစေရန် စီမံကိန်းရန်ပုံငွေများကို ထိထိရောက်ရောက် ဖြစ်အောင် သုံးစွဲနိုင်ရန် အရေးကြီး

စီမံကိန်းနှင့် ဘဏ္ဍာရေးရှုထောင့်မှ တင်ပြရပါက စီမံကိန်း၏ ရည်ရွယ်ချက်အတိုင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လူထုကိုယ်တိုင် ပါဝင်ဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေမိသားစုများ၏ ဝင်ငွေတိုးပွားစေခြင်း၊ လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်စေခြင်းတို့မှတစ်ဆင့် နိုင်ငံတော်၏ ဂျီဒီပီတိုးတက်မှုကို အထောက်အကူပြုနိုင်ရန် ဆောင်ရွက်သင့်ပါကြောင်း၊ သို့မှသာ နိုင်ငံတော်မှ ချမှတ်ဖော်ဆောင်နေသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များ ပိုမိုအောင်မြင်သည်နှင့်အမျှ ကမ္ဘာ့ကုလသမဂ္ဂ၏ Sustainable Development Goals များကိုပါ ပါဝင်ဖော်ဆောင်ပေးရာလည်း ရောက်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် ကျေးလက်နေပြည်သူများ အထူးသဖြင့် ဖွံ့ဖြိုးမှုနောက်ကျနေသည့် ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝများ အမှန်တကယ် ဖွံ့ဖြိုးတိုးတက်လာစေရန် စီမံကိန်းရန်ပုံငွေများကို ထိထိရောက်ရောက် ဖြစ်အောင် သုံးစွဲနိုင်ရန် အရေးကြီးပါကြောင်း၊ စီမံကိန်းတို့၏ သဘောသဘာဝအတိုင်း အတိုင်ပင်ခံစရိတ်များ၊ အုပ်ချုပ်မှုကိစ္စ၊ ရုံးကိစ္စ၊ မော်တော်ယာဉ်ဝယ်ယူခြင်းကိစ္စ၊ အစည်းအဝေးများပြုလုပ်သည့်ကိစ္စ၊ သင်တန်း၊ ဆွေးနွေးပွဲများစသည့် ကိစ္စများအတွက် သုံးစွဲရာတွင် စီမံကိန်းအကောင်အထည်ဖော်သူများက အထူးသတိပြု၍ လိုအပ်သလောက်သာ သုံးစွဲခြင်းဖြစ်စေရန် ဆောင်ရွက်သင့်ပါကြောင်း။

အဆိုပါ ချေးငွေသည် စီးပွားရေးတွက်ခြေကိုက်မှုကိုကြည့်၍ ချေးယူသောချေးငွေမျိုးမဟုတ်ဘဲ ကျေးလက်ဒေသဖွံ့ဖြိုးရေးမှတစ်ဆင့် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးယူသော ဖွံ့ဖြိုးရေးချေးငွေအမျိုးအစားဖြစ်ပြီး နိုင်ငံတော်၏ ဝင်ငွေများဖြင့်သာ နှစ်ရှည်ပြန်လည်ပေးဆပ်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ ဂျီဒီပီတိုးတက်လာခြင်းသည် တိုင်းပြည်ဝင်ငွေတိုးလာခြင်းသာ ဖြစ်ပါကြောင်း၊ တိုင်းပြည်ဝင်ငွေတိုးလာမှသာ ကြွေးမြီပြန်လည်ပေးဆပ်နိုင်စွမ်းလည်း ကောင်းမွန်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ယင်းစီမံကိန်းမှ နိုင်ငံ့ဂျီဒီပီတိုးတက်စေရေးကို အထောက်အကူပြုနိုင်အောင် ဆောင်ရွက်သင့်ပြီး စီမံကိန်းတိုးတက်မှုများကို စဉ်ဆက်မပြတ်တင်ပြသင့်ပါကြောင်း၊



ဒုတိယဝန်ကြီး ဦးလှကျော်



ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း



ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးနေမျိုးထွန်း



ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးဇော်ဝင်း

ထို့ကြောင့် တုံ့ပြန်နိုင်စွမ်းအားကောင်းသော လူထုဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ရန် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ထံမှ သက်သာမှုရှိသောချေးငွေ အမေရိကန်ဒေါ်လာ ၁၈၅ သန်း ရယူရေးအတွက် ပြည်ထောင်စုလွှတ်တော်မှ ဆွေးနွေးသုံးသပ်၍ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်းကြေညာသည်။

## ပညာရေး သုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူအတည်ပြု

ယင်းနောက် လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော **ပညာရေး သုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ်၏ အတည်ပြုချက်နှင့် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်တို့ ပါဝင်သည့် ပြင်ဆင်ချက်များကို ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးနေမျိုးထွန်းက တစ်ပိုဒ်ချင်းစီအလိုက် အဆိုပြုတင်ပြ၍ ပြည်ထောင်စုလွှတ်တော်နာယက က လွှတ်တော်၏ သဘောထား ရယူအတည်ပြုသည်။

ဆက်လက်၍ **၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်များအတွက် ငွေကြေးမူဝါဒ အကောင်အထည်ဖော်ဆောင်ရွက်ချက် အစီရင်ခံစာ**နှင့် ငွေရေးကြေးရေး တည်ငြိမ်မှုအခြေအနေအစီရင်ခံစာတို့နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်းက ငွေကြေးမူဝါဒကို အကောင်အထည်ဖော်ရန်အတွက် ငွေကြေးမူဝါဒနည်းလမ်းများကို အသုံးပြုရာတွင် မိမိတို့နိုင်ငံ၏ ငွေကြေးဈေးကွက်ဖွံ့ဖြိုးတိုးတက်မှုသာ ပိုမိုထိရောက်စွာ ကိုင်တွယ်အသုံးပြုနိုင်မည်ဖြစ်ပါကြောင်း၊ သီအိုရီအရ အဆိုပါနည်းလမ်းများ ဆောင်ရွက်နိုင်သည်ဆိုသော်လည်း မိမိတို့နိုင်ငံတွင် အစိုးရငွေတိုက်စာချုပ် (Secondary Market) ပင်လျှင် ဖြစ်ထွန်းခြင်းမရှိသေးပါကြောင်း၊ သို့သော် ဗဟိုဘဏ်အနေဖြင့် ငွေကြေးဈေးကွက်ဖွံ့ဖြိုးတိုးတက်ရန် တွန်းအားပေးဖန်တီးလျက်ရှိပါကြောင်း၊ ထို့ပြင် ငွေကြေးပမာဏတိုးတက်မှုနှုန်းအား ရည်မှန်းချက်ဘောင် အတွင်းရှိစေရန် သီးသန့်ငွေလိုအပ်ချက်သတ်မှတ်ခြင်း၊ အပ်ငွေလေလံ ခေါ်ယူခြင်း စသည့် ငွေကြေးမူဝါဒနည်းလမ်းများဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ကာလတိုအတွင်း နိုင်ငံခြားငွေလဲလှယ်နှုန်းကြီးမားစွာတက်ခြင်း၊ ကျခြင်းတို့ကို လျှော့ပါးစေရန်အတွက် နိုင်ငံခြားငွေထိန်းကျောင်းဆောင်ရွက်မှု မူဘောင် (Rule-based Interventions Framework) တစ်ရပ် ချမှတ်ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်ရေးတွင် ပို့ကုန်ရငွေများအား (Banking Channel) အသုံးပြု၍ ပြည်တွင်းသို့ အပြည့်အဝမှန်ကန်စွာဝင်ရောက်ရေးမှာ အဓိကကျသည့် အချက် ဖြစ်ပါကြောင်း၊ ထို့ပြင် မြန်မာကျပ်ငွေတန်ဖိုး ကျဆင်းမှုသည် နိုင်ငံ၏ နိုင်ငံခြားသုံး သီးသန့်ရန်ပုံငွေပိုင်ဆိုင်မှု၊ နိုင်ငံ၏စီးပွားရေး၊ ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးဆိုင်ရာ မေခရိုစီးပွားရေးအခြေအနေများ အားကောင်းခိုင်မာမှု အပေါ်တွင် များစွာမူတည်လျက်ရှိပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် အခြားဆက်စပ်ဝန်ကြီးဌာနများနှင့် မူဝါဒပိုင်းဆိုင်ရာတို့အား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း။

ထို့ပြင် ငွေရေးကြေးရေးစနစ်တည်ငြိမ်ရေးသည် ဗဟိုဘဏ်၏အဓိကရည်မှန်းချက်များထဲမှ တစ်ခုဖြစ်ပါကြောင်း၊ ငွေရေးကြေးရေးစနစ်တည်ငြိမ်စေရန်အတွက် ဗဟိုဘဏ်အနေဖြင့် ငွေရေးကြေးရေးအဖွဲ့အစည်းများအား စည်းမျဉ်းများချမှတ်၍ ကြပ်မတ်ကွပ်ကဲခြင်းနှင့် ကြီးကြပ်စစ်ဆေးခြင်းကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ငွေရေးကြေးရေးအဖွဲ့အစည်းများကို ကြပ်မတ်ကွပ်ကဲရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ၊ ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေတို့တွင် ချမှတ်ထားသည့် စည်းမျဉ်းများအရ မတည်ငွေရင်းတောင့်တင်းခိုင်မာမှု၊ ရပိုင်ခွင့်များအရည်အသွေးပြည့်မီမှု၊ စီမံခန့်ခွဲရေး ကောင်းမွန်မှု၊ ငွေကြေးလွယ်ကူမှု၊ ဈေးကွက်ဆုံးရှုံးနိုင်ခြေ ခံနိုင်ရည်ရှိမှု စသည်တို့ကို ပြည့်ဝစွာ လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိ စိစစ်ရန်အတွက် ဘဏ်များအားပုံမှန် သွားရောက်စစ်ဆေးခြင်း၊ လိုအပ်ပါက အထူးအစီအစဉ်ဖြင့် သွားရောက်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ကိုယ်စားလှယ်များတင်ပြသကဲ့သို့ ငွေကြေးစနစ်တည်ငြိမ်ရေးကို Liquidity Ratio ၊ Loan to Deposit Ratio ၊ Capital Adequency Ratio များနှင့် သတ်မှတ်ပြဋ္ဌာန်းကြသည့်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် အဆင့်ဆင့်ပြဋ္ဌာန်းခဲ့သည့် ဘဏ်ဥပဒေများနှင့်အညီ ဘဏ်များ၏ ငွေကြေးခိုင်မာတောင့်တင်းမှုကို အမြဲမပြတ် စောင့်ကြည့်ထိန်းကျောင်း လာခဲ့ပါကြောင်း၊ နောက်ဆုံးပြဋ္ဌာန်းလိုက်သည့် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေသည် ၂၀၁၆ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့်အတွက် ယင်းဥပဒေနှင့် အညီဖြစ်စေရန်နှင့် ဘဏ်များခိုင်မာတောင့်တင်းစေရန် ထိန်းသိမ်းရသည့် အချိုးရာခိုင်နှုန်းများမှ သွေဖည်ခြင်းမရှိစေရန်အတွက် ၂၀၁၇ ခုနှစ်တွင် စည်းမျဉ်း (၄) ရပ်ကို ထုတ်ပြန်ပြီး ဘဏ်များကို လိုက်နာဆောင်ရွက်စေခဲ့ပါကြောင်း၊ ပိုမိုတောင့်တင်းခိုင်မာစေရန် ပြဋ္ဌာန်းလိုက်နာစေသည့် စည်းမျဉ်းများဖြစ်သည့်အတွက် တွက်ချက်မှုပုံစံများနှင့် အချိုးများသည် ယခင်သတ်မှတ်ချက်များနှင့် မတူညီပါကြောင်း၊ သို့သော် ချက်ချင်းပြောင်းလဲရန် မလွယ်ကူသော်လည်း လိုက်နာမှုရှိကြပါကြောင်း၊ ထို့ကြောင့် ငွေကြေး တည်ငြိမ်မှုအခြေအနေများသည် ၂၀၁၇ - ၂၀၁၈ အစီရင်ခံသည့်ကာလထက် ဘဏ်များသည် ပိုမိုတိုးတက်ခိုင်မာမှုရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်နှင့် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်များအတွက် ငွေကြေးမူဝါဒ အကောင်အထည်ဖော်ဆောင်ရွက်ချက် အစီရင်ခံစာနှင့် ငွေရေးကြေးရေး တည်ငြိမ်မှု အခြေအနေ အစီရင်ခံစာ အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ၏ ပြန်လည်ရှင်းလင်းတင်ပြချက်ကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

## ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြု

ထို့နောက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ **ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် လွှတ်တော် ကိုယ်စားလှယ်များ၏ ပြင်ဆင်ချက်အဆို ပါရှိသည့် စီမံကိန်းလုပ်ငန်းများအတွက် ပြင်ဆင်ချက်**ကို ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးဇော်ဝင်းက တစ်ပိုဒ်ချင်းစီအလိုက် အဆိုပြုတင်ပြရာ ပြည်ထောင်စုလွှတ်တော် နာယက က သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၏ သဘောထားရယူပြီး လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။

ယင်းနောက် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း၏ ဥပဒေအကြောင်းအရာပါ ပြင်ဆင်ချက်တို့ကို ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးဇော်ဝင်းက တစ်ပိုဒ်ချင်းစီအလိုက် အဆိုပြုတင်ပြရာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး (ခေါ်) သန်းစိုး(ဘောဂဗေဒ) က ပြင်ဆင်လိုသည့် အပိုဒ်များအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုလွှတ်တော် နာယက က လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

ဆက်လက်၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အဆိုပါ ဥပဒေကြမ်းတစ်ရပ်လုံးကို ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးဆုံးဖြတ်ထားသည့်အတိုင်း အတည်ပြုပေးပါရန် အဆိုတင်သွင်းသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်က ဆုံးဖြတ်ထားသည့်အတိုင်း ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃) ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့ကို စက်တင်ဘာ ၁၂ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်**

■ *ကျောဖုံးမှ*

၂၀၁၉ ခုနှစ် ဩဂုတ် ၂၉ ရက်တွင် နောက်ဆုံးအယူခံရှုံးနိမ့်ခဲ့သည်ကို သိရှိရကြောင်း။

အဆိုပါ ရွှေ့ပြောင်းလုပ်သား ၂ ဦးကို မျှတစွာတရားစီရင်ခွင့်ရရှိရေး၊ ညှဉ်းပန်းနှိပ်စက်မှုမပြုရေး၊ တရားစီရင်ရာတွင် ကြန့်ကြာမှုမရှိစေရေး၊ မိသားစုနှင့် တွေ့ဆုံခွင့်ပြုရေး၊ ဥပဒေ၏ ကာကွယ်စောင့်ရှောက်မှုကို ခွဲခြားဆက်ဆံမှုမရှိစေဘဲခံစားခွင့်ရရှိရေး၊ ၎င်းတို့၏ အသက်ရှင်သန်ပိုင်ခွင့် ရရှိခံစားနိုင်ရေး တို့အတွက် ကူညီဆောင်ရွက်ပေးပါရန် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က ၂၀၁၄ ခုနှစ် အောက်တိုဘာလတွင် တစ်ကြိမ်၊ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင်တစ်ကြိမ် မေတ္တာရပ်ခံခဲ့ရာ ထိုင်းနိုင်ငံအမျိုးသားလူ့အခွင့် အရေးကော်မရှင်က အတတ်နိုင်ဆုံး ပူးပေါင်းဆောင်ရွက်ပေးခဲ့သည့်အတွက် မိမိတို့ကော်မရှင်အနေဖြင့် များစွာကျေးဇူးတင်မိကြောင်းနှင့် ယခုအခါ အဆိုပါ ရွှေ့ပြောင်းလုပ်သား ၂ ဦး၏ နောက်ဆုံးအယူခံ ရှုံးနိမ့်ခဲ့ခြင်းနှင့် စပ်လျဉ်း၍ ၎င်းတို့ ၂ ဦး၏ အသက်ရှင်သန်ပိုင်ခွင့် ခံစားရရှိနိုင်ရေးအတွက် ထိုင်းနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် လူ့အခွင့်အရေးရှုထောင့်မှ ကူညီဆောင်ရွက်ပေးပါရန် ညှိနှိုင်းမေတ္တာရပ်ခံအပ်ပါသည်ဟု ဖော်ပြထားသည်။

**သတင်းစဉ်**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၃၄ / ၂၀၁၉**
**၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်**
**(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်)**

**"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်း တိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | ကယားပြည်နယ်၊ လွိုင်ကော်မြို့ မင်္ဂလာရပ်ကွက်၊ မင်္ဂလာလမ်းနေ ဒေါ်မိုးမိုးနှောင်းသည် မူးယစ်ဆေးဝါးများသုံးစွဲ/ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၅-၉-၂၀၁၉ ရက်နေ့တွင် လွိုင်ကော်မြို့ မင်္ဂလာရပ်ကွက်၊ မင်္ဂလာလမ်းနေ ဒေါ်မိုးမိုးနှောင်း(၅၁)နှစ်၊ (ဘ)ဦးချစ်လွန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (လွိုင်ကော်)မယ(ပ)၄၉/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ လယ်ပြင်ကျေးရွာနေ တင်ရွှေသည် မူးယစ်ဆေးဝါးများဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၆-၉-၂၀၁၉ ရက်နေ့တွင် အင်းတော်မြို့နယ်၊ လယ်ပြင်ကျေးရွာနေ တင်ရွှေ(၆၆)နှစ်၊ (ဘ)ဦးကံကြီး၏ လယ်စောင့်တဲအား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်တစ်ရွာတည်းနေ မော်ဘီ (ခ)သိန်းဇော်ထွန်း(၃၄)နှစ်၊ (ဘ)ဦးထွန်းမြင့်သိန်း၊ မြင့်ကျော် (၂၇)နှစ်၊ (ဘ)ဦးကြီးအောင်၊ ဝင်းဌေး(၅၈)နှစ်၊ (ဘ)ဦးကြိုင်၊ စိုးလင်း(၄၆)နှစ်၊ (ဘ)ဦးခွေးမောင်နှင့် မောင်မောင်တုတ် (ခ)ရန်မျိုးနိုင်(၂၄)နှစ်၊ (ဘ)ဦးသောင်းမြင့်တို့(၆)ဦးအား ဘိန်းဖြူများ၊ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့် အတူဖမ်းဆီးရမိသဖြင့် မမစ(အင်းတော်)မယ(ပ)၉၀/၂၀၁၉၊ မယ(ပ)၁၆(ဂ)/၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၂၀)၊ မိုးကြိုးကွက်သစ်နေ မင်းရဲသျှင်(ခ)ပေါက်စီသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂-၉-၂၀၁၉ ရက်နေ့တွင် ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး (၆)၊ အိမ်တော်လမ်းပေါ်တွင် ရပ်ကွက်ကြီး(၂၀)၊ မိုးကြိုးကွက်သစ်နေ မင်းရဲသျှင်(ခ)ပေါက်စီ(၂၂)နှစ်၊(ဘ) ဦးသန်းဝင်း အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ပြင်ဦးလွင်) မယ(ပ)၂၉/၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၄ | မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ ကျောက်အိုက်ကျေးရွာနေ အုန်းမြင့်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၅-၉-၂၀၁၉ ရက်နေ့တွင် သပိတ်ကျင်းမြို့နယ်၊ ကျောက်အိုက်ကျေးရွာနေ အုန်းမြင့်(၄၆)နှစ်၊ (ဘ)ဦးကျော်အောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူဖမ်းဆီးရမိသဖြင့် နမစ (တကောင်း) မယ(ပ)၁၃/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | မွန်ပြည်နယ်၊ ခေါဇာမြို့ ရာဇဓိရာဇ်လမ်းနေ အောင်မင်းနိုင်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၃-၉-၂၀၁၉ ရက်နေ့တွင် ခေါဇာမြို့ အမှတ်(၂)ရပ်ကွက်၊ ရာဇဓိရာဇ်လမ်းနေ အောင်မင်းနိုင်(၃၃)နှစ်၊ (ဘ)ဦးမောင်ငယ်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ခေါဇာ) မယ(ပ)၁၃/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ စမ်းချောင်းလမ်းနေ ဇင်ဦးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၆-၉-၂၀၁၉ ရက်နေ့တွင် မရမ်းကုန်းမြို့နယ်၊ အမှတ်(၅) ရပ်ကွက်၊ စမ်းချောင်းလမ်းနေ ဇင်ဦး(ခ)သန့်ဇင်ဦး(၂၉)နှစ်၊ (ဘ)ဦးမျိုးညွန့်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မရမ်းကုန်း)မယ(ပ)၂၀/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၇ | ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သီပေါမြို့နယ်၊ တိန်းချေကျေးရွာနေ စိုင်းအိုက်မွန်း(ခ)အိုက်စတီးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၇-၉-၂၀၁၉ ရက်နေ့တွင် သီပေါမြို့နယ်၊ တိန်းချေကျေးရွာနေ စိုင်းအိုက်မွန်း(ခ)အိုက်စတီး(ခ)စိုင်းမွန်ခမ်း(၃၃)နှစ်၊ (ဘ) ဦးအောင်ပု၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(သီပေါ)မယ(ပ)၄၄/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၈ | ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့ အမှတ်(၉)ရပ်ကွက်နေ ခင်မောင်အေးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁-၉-၂၀၁၉ ရက်နေ့တွင် မော်လမြိုင်ကျွန်းမြို့ အမှတ်(၉) ရပ်ကွက်၊ ဇီဇဝါလမ်းပေါ်၌ ၎င်းရပ်ကွက်နေ ခင်မောင်အေး (၄၈)နှစ်၊(ဘ)ဦးမောင်စိန်အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မော်လမြိုင်ကျွန်း) မယ(ပ)၃/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် ၇-၉-၂၀၁၉ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၇၄၂)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၉၇၃)ဦး၊ မ(၁၈၂)ဦး၊ပေါင်း(၁၁၅၅)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၆၇၁၁.၆၇၈၄)ဂရမ်၊ ICE (၁၃၁၈.၇၂)ဂရမ်၊ ဘိန်း(၃၉၇၇၆.၉၅)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၃၂၉.၆)ဂရမ်၊ ဘိန်းစာမှုန့်(၁၉၈၀၉.၂၇)ဂရမ်၊ ဘိန်းစာရွက်(၇၈၃၃.၁၉)ဂရမ်၊ ဘိန်းစာရည်(၂.၅)လီတာ၊ စိတ်ကြွဆေးပြား(၃၃၉၄၄၁)ပြား၊ ဆေးခြောက် (၈၃၆၃.၂၂)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၅၁၃.၂၆)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြား အကြေမှုန့် (၂၉.၁၅)ဂရမ်၊ Ecstasy အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၁၈)လက်၊ ကျည်မျိုးစုံ(၂၅၇)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သောသတင်းများကို စိစစ်ဖော်ထုတ်အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်းစစ်ဆေးရေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေရှင်းလင်းခြင်း၊ သတင်းအရ မော်တော်ယာဉ်/ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်း၊ အချို့ဒေသများတွင် စီမံချက်ဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေး ဆောင်ရွက်ခြင်းတို့ ပြုလုပ်ခဲ့ရာ ယခုသီတင်းပတ်အတွင်း နယ်စပ်ဒေသများ၊ ပူးပေါင်းစစ်ဆေးရေးဂိတ်များအပါအဝင် ပြည်နယ်/တိုင်းဒေသကြီး အသီးသီး၌ ဖမ်းဆီးရမိမှုများမှာ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ တဲကြီးကုန်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်း(၁၀၂၀)ဂရမ်၊ ဖားကန့်မြို့နယ်၊ တောင်းကော့ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၄)ပြား၊ အဆင့်နိမ့်ဘိန်း(၃)ဂရမ်၊ မိုးကာကျေးရွာလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံ အမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၈၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ မိုးမောက်မြို့နယ်၊ လွယ်ဂျယ်မြို့ လွယ်ဂျယ်-မန်ကောင်းသွားလမ်းပေါ်၌ သတင်းအရ Crown ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံ အမျိုးသား (၁)ဦးထံမှ ဘိန်းဖြူ(၈၅၅)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ ဝိန်းခမ်းကျေးရွာအဝင် လွယ်ဂျယ်-မိုးမောက်သွား ကားလမ်းပေါ်၌ သတင်းအရ Crown ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၃၉၉၀၀)ပြား၊ ဘိန်းဖြူ(၆၆၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ ၎င်းနေရာ၌ပင် ကွင်းဆက်သတင်းအရ Wish ယာဉ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ ဘိန်းဖြူ(၇၃၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ ကျောက်စခန်း စစ်ဆေးရေးဂိတ်၌ သတင်းအရ Nissan ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၃)ဦးတို့ထံမှ ဘိန်းဖြူ(၁၄၅၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ မန်စီမြို့နယ်၊ မန်ရကျေးရွာအနီး မန်သာ-ဟန်ထက်ကျေးရွာသွားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၉၇၅)ပြား၊ ဆိုင်ကယ်(၁)စီး၊ မန်ရကျေးရွာအဝင်လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၁၇၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ အောင်သပြေကျေးရွာ၌ တရားခံအမျိုးသား (၂)ဦးထံမှ စိတ်ကြွဆေးပြား(၂၀၅)ပြား၊ ကရင်ပြည်နယ်၊ ဘားအံမြို့ အမှတ်(၂)ရပ်ကွက်လမ်းပေါ်၌ ရပ်တန့်ထားသည့် ဆိုင်ကယ်အား သတင်းအရစိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၀၂)ပြား၊ ဆိုင်ကယ် (၁)စီး၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ အမှတ်(၉)ရပ်ကွက်၌ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား(၄၇)ပြား၊ ဆေးခြောက်(၁၆)ဂရမ်၊ ဆိုင်ကယ်(၂)စီး၊ မွန်ပြည်နယ်၊ မုဒုံမြို့ မြို့မ(၄)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၆)ပြား၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ထိန်ကုန်းရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၇၄၈)ပြား၊ ရခိုင်ပြည်နယ်၊ မောင်တောမြို့ မြို့မအနောက်ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၃)ပြား၊ ကညင်တန်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၂၅၀)ပြား၊ စိတ်ကြွဆေးပြားအကြေမှုန့်(၈)ဂရမ်၊ အလယ်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးအား စိတ်ကြွဆေးပြား (၂၀၀)ပြားနှင့်အတူ ဖမ်းဆီးရမိပြီး ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ အမှတ်(၃)ရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦး၊ လသာကျေးရွာ၌ တရားခံ အမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၄၅၄၆၇၀)ပြား၊ ဆက်လက်ကွင်းဆက်စစ်ဆေး ဖော်ထုတ်ချက်အရ အမှတ်(၅)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦး၊ ဘူးသီးတောင်မြို့နယ်၊ ဂန္ဓမာကျေးရွာအနီးလမ်းပေါ်၌ သတင်းအရ (၃)ဘီးယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၄)ပြား၊ (၃)ဘီးယာဉ်(၁)စီး၊ ကျောက်ဖြူမြို့နယ်၊ ကုလားဘာတောင်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၇)ပြား၊ အမ်းမြို့ ဈေးရပ်ကွက်ကားကြီးဝင်းရှိ ကားဂိတ်၌ စစ်တွေမြို့သို့တင်ပို့ရန် ပါဆယ်ထုပ်လာရောက်ပို့ဆောင်သည့် တရားခံအမျိုးသား(၁)ဦးထံမှ ဆေးခြောက်(၄၀၀၀)ဂရမ်၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ စဝ်စံထွန်းရပ်ကွက်၌ တရားခံအမျိုးသား(၄)ဦးထံမှ စိတ်ကြွဆေးပြား(၅၀၀)ပြား၊ ချမ်းမြသာစည်ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၂)ပြား၊ ဘိန်းဆီခဲ(၀.၅)ဂရမ်၊ ဆီဆိုင်မြို့ဆီဆိုင်-လွိုင်ကော်သွားကားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၇၅၅)ပြား၊ ဆိုင်ကယ်(၁)စီး၊ မိုင်းရယ်မြို့နယ်၊ ပန်ညှောင်ကျေးရွာတံတားအနီး၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၉၉၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ မူဆယ်မြို့နယ်၊ ပန်ခမ်းကျေးရွာ ကူးတို့ဆိပ်အနီး လမ်းဘေး၌ အချိန်ကြာမြင့်စွာရပ်တန့်ထားသည့် Nissan(၁၂)ဘီးယာဉ်အား မသင်္ကာစစ်ဆေးရာ ပိုင်ရှင်တိမ်းရှောင်နေပြီး အက်စစ်(အမျိုးအစားစိစစ်ဆဲ)(၁၅၉၂၀)လီတာ၊ မော်တော်ယာဉ် (၁)စီး၊ နောင်ချိုမြို့နယ်၊ ကျောက်တောကျေးရွာလမ်းပေါ်၌ သတင်းအရဆိုင်ကယ်အား စိစစ်ရန်တားဆီးစဉ် နောက်ပြန်လှည့်မောင်းနှင်ထွက်ပြေးသွားပြီး ဆိုင်ကယ်ပေါ်မှ ပြုတ်ကျကျန်ခဲ့သည့် ကျောပိုးအိတ်အတွင်းမှ စိတ်ကြွဆေးပြား(၁၉၈၈၀)ပြား၊ သီပေါမြို့နယ်၊ ဆောင်ကြဲကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၀၇၅)ပြား၊ ဘိန်းဖြူ(၄.၈၂)ဂရမ်၊ကျိုင်းတုံမြို့နယ်၊ ဝမ်တာပင်းကျေးရွာအနီးကားလမ်းနှင့် နမ့်မလွေချောင်းကြား၌ ပိုင်ရှင်မဲ့အထုပ်(၁)ထုပ်အတွင်းမှ စိတ်ကြွဆေးပြား(၁၅၀၀၀)ပြား၊ စိတ်ကြွဆေးပြား အကြေမှုန့် (၈၃၀)ဂရမ်၊ တာချီလိတ်မြို့နယ်၊ မယ်ဟုတ်ကျေးရွာလမ်းပေါ်၌ သတင်းအရဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၂၀၄၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ မကာဟိုခမ်းရပ်ကွက်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၀၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပင်လည်ဘူးမြို့အဝင် ပင်လည်ဘူး-ကောလင်းသွားကားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ ဘိန်း(၃၈၆၂၀.၄၅)ဂရမ်၊ ဆိုင်ကယ် (၁)စီး၊ ခမ်းပါတ်မြို့ အမှတ်(၅)ရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၅၄၀)ပြား၊ ဘိန်းဖြူ (၁၀၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ တမူးမြို့ မြို့မရပ်ကွက်၊ မဟူရာလမ်းမကြီးပေါ်၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၉၇၅)ပြား၊ ဟုမ္မလင်းမြို့နယ်၊ နောင်ခမ်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်း (၁၁၀၀)ဂရမ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့ ဆန်းချိုရပ်ကွက်လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားစိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၇၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ တလိုင်းထိန်ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၈၀၂)ပြား၊ မြိတ်မြို့ ရေပုန်းရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၃)ဦးတို့ထံမှ ဘိန်းစာမှုန့်(၄၀၆၀)ဂရမ်၊ ကုန်းဖောက်(၂)ရပ်ကွက်၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၈)ပြား၊ ICE(၇.၅၅)ဂရမ်၊ ဘိန်းစာမှုန့်(၃၅၀၀)ဂရမ်၊ ဆိပ်ငယ်ရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၃၉၆၀)ပြား၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ရာပြည့်ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ ICE(၀.၀၆)ဂရမ်၊ တနင်္သာရီမြို့ ချောင်းငယ်ရပ်ကွက် ကူးတို့ဆိပ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းစာမှုန့်(၁၅၅၁၃.၅) ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ကော့သောင်းမြို့ ရွှေပြည်သာရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၄၃၈)ပြား၊ ဘိန်းစာမှုန့်(၆၈၀)ဂရမ်၊ ကွင်းဆက်စစ်ဆေး ဖော်ထုတ်ချက်အရ အေးရိပ်ငြိမ်ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၄)ပြား၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့ ကျွန်းသာယာရပ်ကွက်၌ တရားခံအမျိုးသား(၅)ဦးထံမှ စိတ်ကြွဆေးပြား (၁၁၂)ပြား၊ ဆိုင်ကယ်(၁)စီး၊ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့ ရွှေကြာအင်း(၁) ရပ်ကွက်အနီး တောင်တွင်းကြီး-မကွေးသွားကားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံ အမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၁)ပြား၊ ဘိန်းဖြူ(၀.၁)ဂရမ်၊

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

ဆိုင်ကယ်(၁)စီး၊ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်ကွက်ရှိတည်းခိုခန်း၌ ခေတ္တတည်းခိုနေသည့် တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၅၀)ပြား၊ ဘိန်းဖြူ(၄၀.၃)ဂရမ်၊ မိုးကုတ်မြို့နယ်၊ လယ်ကြီးကျေးရွာအနီး မိုင်းလုံ-မိုးကုတ်သွားကားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၁၀)ဂရမ်၊ ဘိန်း(၈၁၅)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ သပိတ်ကျင်းမြို့နယ်၊ တောင်လယ်ကျေးရွာ၊ တွင်းငယ်-မိုးမိတ်သွားကားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၉၆၂)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ အုန်းပိုင်ကျေးရွာနှင့် စံပွာယ်နဂိုရ်ကျေးရွာလမ်းဆုံ၌ ဆိုင်ကယ်(၁)စီးနှင့်အတူ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၈၂)ပြား၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ချစ်တီးကုန်းရပ်ကွက်၊ အောင်မင်္ဂလာအဝေးပြေး ကားဝင်းအတွင်း၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၃၃)ပြား၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၌ တရားခံအမျိုးသား(၈)ဦး၊ အမျိုးသမီး(၄)ဦး၊ ပေါင်း(၁၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၆၂၀)ပြား၊ ICE(၈၈၀)ဂရမ်အား လည်းကောင်း၊ လက်နက်နှင့်အတူ ဖမ်းဆီးရမိမှုဖြစ်စဉ်(၁)ခုရှိခဲ့ပြီး ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ်၊ မင်းအောင်ကျေးရွာ၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၂)ပြား၊ တူမီးသေနတ်(၁)လက် အားလည်းကောင်း၊ ထွက်ပြေးသဖြင့် ပစ်ခတ်ဖမ်းဆီးရမိမှုဖြစ်စဉ်(၁)ခုရှိခဲ့ပြီး ရှမ်းပြည်နယ်၊ တာချီလိတ်မြို့နယ်၊ ကော့မိုင်ဟုန်းကျေးရွာအနီး ကျိုင်းလပ်-တာလေသွားကားလမ်းပေါ်၌ သတင်းအရ Hilux ယာဉ်အား ရပ်တန့်စစ်ဆေးစဉ် မူးယစ်ဆေးဝါးများတွေ့ရှိသဖြင့် လုပ်ထုံးနှင့်အညီစစ်ဆေးရေတွက်နေချိန် Vigo ယာဉ်(၁)စီး ထပ်မံရောက်ရှိလာ၍ စစ်ဆေးရန်ရပ်တန့်ခိုင်းစဉ် ယာဉ်မောင်းမှာယာဉ်ပေါ်မှဆင်းပြေးသဖြင့် ပစ်ခတ်ဖမ်းဆီးရာ ခြေထောက်တွင် ကျည်ထိမှန် မစိုးရိမ်ရဒဏ်ရာရရှိပြီး ယာဉ်များနှင့်အတူ တရားခံအမျိုးသား(၃)ဦးထံမှ ကဖင်း(၁၉၅၀၀၀၀) ဂရမ်၊ မော်တော်ယာဉ်(၂)စီး၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ကျကကျေးရွာနှင့် ကော့မိုင်ဟုန်းကျေးရွာကြား ရွှေတြိဂံတိရစ္ဆာန်ဥယျာဉ်ဘေးမဲ့တောအနီး ချောင်းအတွင်းရပ်ထားသည့် Vigo ယာဉ်(၁)စီးနှင့် တောင်စောင်းရှိ ချုံများအတွင်း ဘီလပ်မြေအိတ်များဖြင့် ထည့်သွင်းဝှက်သိမ်းထားသည့် ကဖင်း(၆၇၅၀၀၀) ဂရမ်တို့အား ထပ်မံဖော်ထုတ်သိမ်းဆည်းရမိခဲ့ကြောင်းနှင့် သီးခြားဖော်ထုတ်ဖမ်းဆီးရမိမှု စုစုပေါင်းအနေဖြင့် ယခုသီတင်းပတ်(၁-၉-၂၀၁၉ရက်နေ့မှ ၇-၉-၂၀၁၉ရက်နေ့အထိ)အတွင်း အမှုပေါင်း(၂၂၁)မှု၊ တရားခံကျား(၂၇၈)ဦး၊ မ(၃၃)ဦး၊ ပေါင်း(၃၁၁)ဦး၊ စိတ်ကြွဆေးပြား(၅၉၂၆၇၆)ပြား၊ စိတ်ကြွဆေးပြားအကြေမှုန့်(၈၃၈)ဂရမ်၊ ဘိန်းဖြူ(၄၅၉၅)ဂရမ်၊ ICE(၈၈၉.၆၁)ဂရမ်၊ဘိန်း(၄၂၂၇၁.၄၅)ဂရမ်၊ ဘိန်းဆီခဲ(၀.၅)ဂရမ်၊ အဆင့်နိမ့် ဘိန်း(၃.၅)ဂရမ်၊ ဘိန်းစာမှုန့်(၂၃၇၅၃.၅)ဂရမ်၊ ဆေးခြောက်(၄၀၆၉.၄)ဂရမ်၊ ကဖင်း(၂၆၂၅၀၀၀)ဂရမ်၊ အက်စစ် (အမျိုးအစားစိစစ်ဆဲ) (၁၅၉၂၀) လီတာ၊ တူမီးသေနတ်(၁)လက်တို့အား ဖော်ထုတ်သိမ်းဆည်းရမိကြောင်း သတင်းရရှိပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါးရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

| | | |
|---|---|---|
| **အော်တိုတယ်လီဖုန်းနံပါတ်** | - | ၀၆၇-၅၉၀၂၀၀ |
| **ဖက်စ်ဖုန်းနံပါတ်** | - | ၀၆၇-၅၉၀၂၃၃ |
| **အီးမေးလ်လိပ်စာ** | - | **antinarcotics@presidentoffice.gov.mm** |

## စန်းမောင်မြင့် ဒါနဥပပါရမီသွေးလှူကုသိုလ် ဖောင်ဒေးရှင်း (၂၁)ကြိမ်မြောက် စုပေါင်း သွေးလှူဒါန်းပွဲပြုလုပ်မည်

**ရန်ကုန် စက်တင်ဘာ ၉**

**"စန်းမောင်မြင့် ဒါနဥပပါရမီသွေးလှူကုသိုလ် ဖောင်ဒေးရှင်း"**က ကြီးမှူးပြုလုပ်မည့် (၂၁)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ရန်ကုန်ဆေးရုံကြီးဝင်းထောင့်ရှိ အမျိုးသားသွေးဌာန (အမျိုးသားသွေးလှူဘဏ်)၌ စက်တင်ဘာ ၂၂ ရက် (တနင်္ဂနွေနေ့ ) နံနက် ၈ နာရီမှ ၁၁ နာရီခွဲအထိ ပြုလုပ်မည်ဖြစ်သဖြင့် မည်သူမဆို လာရောက်သွေးလှူဒါန်းနိုင်ပါသည်။ သွေးလှူရှင်များအား သွေးလှူဘဏ်မှ ပုံမှန်ကျွေးမွေးထောက်ပံ့မှုများအပြင် **"စန်းမောင်မြင့် သွေးလှူ ကုသိုလ်ဖောင်ဒေးရှင်း"**မှ အမှတ်တရလက်ဆောင် (ကြက်ဥ ၁၀ လုံး၊ UVကာကွယ် ၁၆ ကိုင်းထီးအကြီး နှင့် ချစ်စဖွယ်ထမင်းချိုင့်) တို့ဖြင့် ပံ့ပိုးဂုဏ်ပြုမည်ဖြစ်ပြီး သွေးလှူဒါန်းမည့် ပုဂ္ဂိုလ်များအနေဖြင့် **"စန်းမောင်မြင့် သွေးလှူကုသိုလ်ဖောင်ဒေးရှင်း"** ၀၉-၄၄၉ ၂၅၃၇၆၇၊ ၀၉-၆၉၅၁၃၅၁၅ ဖုန်းနံပါတ်များသို့ စက်တင်ဘာ ၂၀ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မူဆယ်မြို့၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး

**မူဆယ် စက်တင်ဘာ ၉**

မူဆယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မူဆယ်မြို့ အထက (၂) အခြေခံပညာအထက်တန်းကျောင်းနှင့် စာအုပ်စာပေချစ်မြတ်နိုးသူအသင်းတို့ပူးပေါင်း၍ စက်တင်ဘာလ ပထမပတ်က ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စာဖတ်ဝိုင်းကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြု ဗဟိုဌာန ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအယ်လ်စိုးထန်တူးက ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး ဟောပြောပွဲ ပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်ပြီး ခရိုင်ဦးစီးအရာရှိ၊ ကဗျာဆရာ မျိုးခိုင် (မူဆယ်)၊ မောင်ယဉ်မွန်(မောဝ်နေခြည်) နှင့် စာပေဝါသနာရှင် ကိုအောင်နိုင်တို့က ကလေးငယ်များကို အလုပ်သမားအဖြစ် ခိုင်းစေခြင်းသည် ဥပဒေနှင့်မညီညွတ်ကြောင်း၊ ကလေးများ သိသင့်သိထိုက်သည့် ဥပဒေအကြောင်းအရာများ၊ ကလေးများ သိသင့်သိထိုက်သည့် အလုပ်အကိုင်နှင့် ပတ်သက်သော ဗဟုသုတများကို ဟောပြောသည်။

ဆက်လက်ပြီး ဒေါက်တာမတင်ဝင်း၏ အလုပ်နဲ့ဘဝကိုတည်ဆောက်ခြင်း စာအုပ်ဖြင့် စာဖတ်ဝိုင်းကို ဆက်လက်ကျင်းပရာ ခရိုင်ဦးစီးအရာရှိ ကဗျာဆရာ မျိုးခိုင်(မူဆယ်)၊ မောင်ယဉ်မွန်(မောဝ်နေခြည်)နှင့် စာပေဝါသနာရှင် ကိုအောင်နိုင်တို့က ဦးဆောင်ဆွေးနွေးခဲ့သည်။ ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက မိမိထင်မြင်ယူဆချက်များကို ဆွေးနွေးခဲ့ရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြည့်စွက်ဆွေးနွေးခဲ့သည်။ ထို့နောက်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်များကို ကျောင်းသား ကျောင်းသူများက ကြည့်ရှုခဲ့ကြောင်း သိရသည်။


**ဆလိုင်းဗန်ရိုးထန် (ပြန်/ဆက်)**


### အပြည်ပြည်ဆိုင်ရာလေဆိပ်များ၊ ရေဆိပ်နှင့် နယ်စပ်ဝင်/ထွက်ပေါက်များမှ နိုင်ငံခြားသားများဝင်ရောက်မှုနှိုင်းယှဉ်ချက်

| စဉ် | လအမည် | ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် | | | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် | | |
|---|---|---|---|---|---|---|---|
| | | ကမ္ဘာလှည့် | လုပ်ငန်း | စုစုပေါင်း | ကမ္ဘာလှည့် | လုပ်ငန်း | စုစုပေါင်း |
| ၁ | အောက်တိုဘာ | ၄၆၆၉၃ | ၂၁၂၅၃ | ၆၇၉၄၆ | ၅၂၆၄၇ | ၂၁၀၀၅ | ၇၃၆၅၂ |
| ၂ | နိုဝင်ဘာ | ၆၃၅၂၉ | ၂၁၈၂၈ | ၈၅၃၅၇ | ၇၇၄၉၈ | ၂၁၄၈၂ | ၉၈၉၈၀ |
| ၃ | ဒီဇင်ဘာ | ၆၃၅၂၂ | ၁၉၆၁၉ | ၈၃၁၄၁ | ၈၂၄၇၄ | ၁၉၅၃၈ | ၁၀၂၀၁၂ |
| ၄ | ဇန်နဝါရီ | ၆၁၁၂၃ | ၂၀၄၈၅ | ၈၁၆၀၈ | ၉၃၁၂၅ | ၁၈၆၈၉ | ၁၁၁၈၁၄ |
| ၅ | ဖေဖော်ဝါရီ | ၅၇၄၅၀ | ၁၈၅၈၁ | ၇၆၀၃၁ | ၁၀၀၁၄၅ | ၂၃၉၄၉ | ၁၂၄၀၉၄ |
| ၆ | မတ် | ၅၁၄၆၁ | ၂၅၆၅၀ | ၇၇၁၁၁ | ၉၅၉၃၂ | ၂၃၆၉၃ | ၁၁၉၆၂၅ |
| ၇ | ဧပြီ | ၃၁၁၉၈ | ၂၀၃၉၂ | ၅၁၅၉၀ | ၇၁၁၄၈ | ၂၂၈၄၈ | ၉၃၉၉၆ |
| ၈ | မေ | ၂၉၀၉၆ | ၂၁၄၂၅ | ၅၀၅၂၁ | ၆၇၄၁၀ | ၂၂၁၂၃ | ၈၉၅၃၃ |
| ၉ | ဇွန် | ၂၈၈၄၄ | ၁၈၆၃၆ | ၄၇၄၈၀ | ၆၅၈၇၉ | ၂၁၇၁၄ | ၈၇၅၉၃ |
| ၁၀ | ဇူလိုင် | ၃၀၄၉၆ | ၂၀၆၇၃ | ၅၁၁၆၉ | ၇၈၈၃၅ | ၂၃၂၄၅ | ၁၀၂၀၈၀ |
| ၁၁ | ဩဂုတ် | ၃၂၀၆၈ | ၁၉၈၀၇ | ၅၁၈၇၅ | ၈၈၇၇၂ | ၂၁၉၅၅ | ၁၁၀၇၂၇ |
| စုစုပေါင်း | | ၄၉၅၄၈၀ | ၂၂၈၃၄၉ | ၇၂၃၈၂၉ | ၈၇၃၈၆၅ | ၂၄၀၂၄၁ | ၁၁၁၄၁၀၆ |

### အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် နယ်စပ်ဝင်/ထွက်ပေါက်များမှ နိုင်ငံခြားသားများ ဝင်ရောက်မှုနှိုင်းယှဉ်ချက်

| စဉ် | အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် နယ်စပ်ဝင်/ထွက်ပေါက်များ | ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ | | ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | ကမ္ဘာလှည့် | လုပ်ငန်း | ကမ္ဘာလှည့် | လုပ်ငန်း | |
| ၁ | ရန်ကုန်လေဆိပ်/ရေဆိပ် | ၂၆၁၆၇ | ၁၅၅၄၈ | ၄၆၆၃၃ | ၁၄၈၆၀ | |
| ၂ | မန္တလေးလေဆိပ် | ၄၈၄၀ | ၃၄၉၄ | ၃၅၅၈၀ | ၃၇၇၃ | |
| ၃ | နေပြည်တော်လေဆိပ် | ၁၈၈ | ၂၁၆ | ၈၆၆ | ၂၉၂ | |
| ၄ | မြိတ်လေဆိပ် | ၀ | ၀ | ၀ | ၀ | |
| ၅ | တာချီလိတ် | ၃၉၆ | ၇၈ | ၃၉၂၁ | ၉၁ | |
| ၆ | မြဝတီ | ၃၉၄ | ၃၆၃ | ၁၄၆၆ | ၂၈၉၅ | |
| ၇ | ကော့သောင်း | ၅၅ | ၈၇ | ၄၈ | ၅၁ | |
| ၈ | ထီးခီး | ၁၆ | ၁၀ | ၁၄၅ | ၁၄ | |
| ၉ | တမူး | ၁၂ | ၁၁ | ၁၁၂ | ၁၉ | |
| ၁၀ | ရိခေါဒါရ် | ၀ | ၀ | ၁ | ၀ | |
| စုစုပေါင်း | | ၃၂၀၆၈ | ၁၉၈၀၇ | ၈၈၇၇၂ | ၂၁၉၅၅ | |



# ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် တောင်ကြီး၌ မိုးသည်းထန်စွာရွာ၍ မြေသားများနိမ့်ကျပြိုဆင်းသည့်နေရာသို့ ကွင်းဆင်းကြည့်ရှု



**တောင်ကြီး စက်တင်ဘာ ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၌ စက်တင်ဘာလ ပထမပတ်မှစ၍ မိုးသည်းထန်စွာရွာမှုများဖြစ်ခဲ့ရာ မြို့မရပ်ကွက် နယ်မြေ(၃) အနောက်မြို့ပတ်လမ်းရှိ ကုန်းသာပရိယတ္တိ စာသင်တိုက် ကျောင်းမြေအတွင်း၌ မိုးသည်းထန်စွာရွာမှုကြောင့် ကျောင်းအောက်ခြေ အနိမ့်ပိုင်းရှိ တောင်၊ မြောက် အလျား ပေ ၁၅၀ ခန့် မြေသားများ တဖြည်းဖြည်းပြိုဆင်းခဲ့ရာ မြို့မရပ်ကွက် အနောက်မြို့ပတ်လမ်းနေထိုင်သူ ဦးခွန်ကိုကိုကြီး၏နေအိမ်၊ ဦးခွန်ကြည်၏ RC နှစ်ထပ် နေအိမ်၊ ဦးအုန်းမောင်၏ ခြောက်ထပ် RC နေအိမ်အပေါ်သို့ မြေများကျဆင်းခဲ့ပြီး အိမ်၏အနောက်ပိုင်း အောက်ခြေအနည်းငယ်ပျက်စီး၍ လူနှင့်တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

အဆိုပါ မိုးသည်းထန်စွာရွာမှုကြောင့် မြေသားများ နိမ့်ကျပြိုဆင်းသည့်နေရာသို့ စက်တင်ဘာ ၉ ရက် နံနက် ၉ နာရီခွဲက ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့်အတူ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ **(ယာပုံ)** ယင်းအနီးဝန်းကျင်ရှိ နေအိမ်များ ဆက်လက်၍ အန္တရာယ်ရှိနိုင်သဖြင့် ပြောင်းရွှေ့နေထိုင်သင့်ကြောင်းနှင့် တာဝန်ရှိသူများအား လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။ ပြည်သူများ အန္တရာယ် မဖြစ်စေနိုင်ရေးအတွက် ကြိုတင်၍ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက သစ်ပင်များ၊ ချုံနွယ်များရှင်းလင်းကာ မြေများပြိုဆင်းမှုမရှိနိုင်ရန်အတွက် မြေထိန်းနံရံများ ကြိုတင်ကာကွယ်ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

***

❊ *ရှေ့ဖုံးမှ*

ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါအသွင်ကူးစက်ဖြစ်ပွားနိုင်သော အသွင်ပြောင်းတုပ်ကွေးရောဂါပိုးအသစ်မဟုတ်ကြောင်း ဂျပန်နိုင်ငံရှိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အသိအမှတ်ပြုဓာတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးအတည်ပြုပြီး ဖြစ်ပါသည်။

**(က) (၂၀၁၉) ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့မှ စက်တင်ဘာလ(၉) ရက်နေ့အထိ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအချို့တွင် ရာသီတုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှုအခြေအနေ**

| စဉ် | နိုင်ငံ | ခန့်မှန်းလူဦးရေ(သန်း) | Influenza A (H1N1)pdm09 | Influenza A (H3N2) | Influenza B | စုစုပေါင်း |
|---|---|---|---|---|---|---|
| ၁ | တရုတ် | ၁,၄၃၄ | ၄၈,၇၇၉ | ၂၀,၂၅၂ | ၂၆,၃၇၅ | ၉၆,၄၀၆ |
| ၂ | အိန္ဒိယ | ၁,၃၆၆ | ၆,၀၀၈ | ၂,၄၈၃ | ၅၈၉ | ၉,၀၈၀ |
| ၃ | သြစတြေးလျ | ၂၅ | ၅၈၄ | ၄,၃၉၃ | ၁,၁၀၂ | ၆,၀၇၉ |
| ၄ | ဂျပန် | ၁၂၆ | ၁,၆၉၈ | ၃,၈၅၇ | ၅၀၄ | ၆,၀၅၉ |
| ၅ | ကာတာ | ၂ | ၂၀၁ | ၃၁၃ | ၁၄၀၂ | ၁,၉၁၆ |
| ၆ | ဘင်္ဂလားဒေ့ရှ် | ၁၆၃ | ၃၅၂ | ၅၅၄ | ၇၆၉ | ၁,၆၇၅ |
| ၇ | နီပေါ | ၂၉ | ၁,၁၀၅ | ၇၇ | ၃၈၁ | ၁,၅၆၃ |
| ၈ | ထိုင်း | ၇၀ | ၁၆၃ | ၂၈၉ | ၇၂၀ | ၁,၁၇၂ |
| ၉ | အီရန် | ၈၃ | ၅၅ | ၁,၀၆၃ | ၂၆ | ၁,၁၄၄ |
| ၁၀ | မြန်မာ | ၅၄ | ၅၅၃ | ၅၄ | ၉၁ | ၆၉၈ |
| ၁၁ | ပါကစ္စတန် | ၂၀၄ | ၂၆၃ | ၉၉ | ၂၁၆ | ၅၇၈ |
| ၁၂ | မလေးရှား | ၃၂ | ၁၂၈ | ၈၄ | ၃၃၈ | ၅၅၀ |
| ၁၃ | ဘူတန် | ၁ | ၃၀၆ | ၇၈ | ၁၃၇ | ၅၂၁ |
| ၁၄ | စင်ကာပူ | ၅ | ၁၁၈ | ၈၈ | ၂၆၁ | ၄၆၇ |
| ၁၅ | ကမ္ဘောဒီးယား | ၁၇ | ၁၅၂ | ၂၂၆ | ၈၁ | ၄၅၉ |

Source: Flunet, WHO

**(ခ) (၂၀၁၉) ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့မှ စက်တင်ဘာလ(၉)ရက်နေ့အထိ မြန်မာနိုင်ငံ၌ ရာသီတုပ်ကွေးရောဂါပိုးဖြစ်ပွားမှုအား ဆန်းစစ်သုံးသပ်ချက်**

**(ခ-၁) ရောဂါတွေ့ရှိမှုနှင့် ဖြစ်ပွားမှုအခြေအနေ**

| ရာသီတုပ်ကွေးရောဂါ သံသယလူနာ ဓာတ်ခွဲနမူနာအရေအတွက် | ရာသီတုပ်ကွေးရောဂါပိုးတွေ့လူနာဦးရေ | | | |
|---|---|---|---|---|
| | Influenza A (H1N1)pdm09 | Influenza A (H3N2) | Influenza B | စုစုပေါင်း |
| ၁,၆၃၂ | ၅၅၃ | ၅၄ | ၉၁ | ၆၉၈ |

အထက်ဖော်ပြပါ ဇယားများအရ ရာသီတုပ်ကွေးရောဂါပိုးတွေ့သူ (၆၉၈) ဦးအနက် ရာသီတုပ်ကွေးရောဂါဖြစ်ပွားမှုနှင့် ဆက်စပ်ရောဂါများကြောင့် သေဆုံးသူ (၁၁၀) ဦး ရှိခဲ့ပါသည်။

**(ခ-၂) ရာသီတုပ်ကွေးရောဂါနှင့် ဆက်စပ်သေဆုံးသူများအားဆန်းစစ်သုံးသပ်ချက်**

ရာသီတုပ်ကွေးရောဂါဖြစ်ပွားသူများတွင် နာတာရှည်ရောဂါအခံရှိသူများ၊ အသက်အရွယ်ကြီးလွန်းသူနှင့် ငယ်လွန်းသူကလေးငယ်များတွင် ရောဂါပိုမိုပြင်းထန်ပြီး သေဆုံးမှုနှုန်းမြင့်မားကြောင်း တွေ့ရှိရပါသည်။ (၁-၁-၂၀၁၉) ရက်နေ့မှ (၉-၉-၂၀၁၉) ရက်နေ့အထိ ရာသီတုပ်ကွေးရောဂါတွေ့ရှိ၍ သေဆုံးသူ (၁၁၀) ဦးအနက် အသက်အုပ်စု အသက် (၁၅-၆၅) နှစ်တွင် သေဆုံးမှုအများဆုံးဖြစ်ပြီး စုစုပေါင်းသေဆုံးမှု၏ (၄၄%) ဖြစ်ကာ နာတာရှည်ရောဂါအခံရှိသူ (ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အသက်ရှုလမ်းကြောင်းရောဂါ၊ အာရုံကြောရောဂါ၊ မွေးရာပါရောဂါလက္ခဏာစု၊ ကင်ဆာရောဂါနှင့် အခြားကိုယ်ခံအားကျဆင်းသည့်ရောဂါ) များတွင် သေဆုံးသူ (၈၈) ဦးအထိရှိပြီး စုစုပေါင်းသေဆုံးမှု၏ (၈၀%)ရှိကြောင်း တွေ့ရှိရပါသည်။ အထူးသဖြင့် ရောဂါလက္ခဏာများဖြစ်ပွားခဲ့သော်လည်း ဆေးရုံသို့နောက်ကျမှ ရောက်ရှိလာသူများတွင် သေဆုံးမှုနှုန်းမြင့်မားသည်ကို တွေ့ရှိရပါသည်။

**(ခ-၃) ရာသီတုပ်ကွေးရောဂါဖြစ်ပွားသူများအနက် ဓာတ်ခွဲအတည်ပြု Influenza A(H1N1)pdm09 ဖြင့် သေဆုံးသူများအား ဆန်းစစ်ခြင်း (၁-၁-၂၀၁၉ မှ ၉-၉-၂၀၁၉ ရက်နေ့အထိ)**

| နာတာရှည် ရောဂါအခံရှိသူများတွင် သေဆုံးသူဦးရေ | ရောဂါပိုးကူးစက်ခံရပါက သေဆုံးနိုင်ခြေများသော အုပ်စု (အသက်အရွယ်ကြီးရင့်သူများ၊ အသက်အရွယ်ငယ်လွန်းသူများ) တွင် သေဆုံးသူဦးရေ | ရာသီတုပ်ကွေးရောဂါ ဖြစ်ပွားပြီး အခြားသိသာထင်ရှားသော ရောဂါအခံမရှိသူများတွင် သေဆုံးသူဦးရေ | သေဆုံးသူ စုစုပေါင်း |
|---|---|---|---|
| ၈၈ (၈၀%) | ၁၃ (၁၂%) | ၉ (၈%) | ၁၁၀ |

**(ခ-၄) ပြည်သူ့ဆေးရုံများတွင် တက်ရောက်ကုသမှုအခြေအနေ**

(၁-၁-၂၀၁၉) ရက်နေ့မှ (၉-၉-၂၀၁၉) ရက်နေ့အထိ ရာသီတုပ်ကွေးရောဂါဖြင့် -

- စုစုပေါင်းဆေးရုံတက်ရောက်ကုသသူ ၄၄၀ ဦး
- ဆေးရုံမှ ဆင်းသွားသူ ၃၂၂ ဦး
- လက်ရှိ အတွင်းလူနာအဖြစ် တက်ရောက်ကုသလျက်ရှိသူ ၈ ဦး

**(ခ-၅) တိုင်းဒေသကြီး/ ပြည်နယ်အလိုက် Seasonal Influenza ဓာတ်ခွဲအတည်ပြု ဖြစ်ပွား/သေဆုံးသူဦးရေစာရင်း (၁-၁-၂၀၁၉) ရက်နေ့မှ (၉-၉-၂၀၁၉) ရက်နေ့အထိ**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | လူဦးရေ သိပ်သည်းဆ (Population Density per $Km^2$) | ရာသီတုပ်ကွေးရောဂါ သံသယလူနာ ဓာတ်ခွဲ စစ်ဆေးသူ ဦးရေ | ဓာတ်ခွဲ အတည်ပြု ဖြစ်ပွားသူ ဦးရေ | ဓာတ်ခွဲ အတည်ပြု သေဆုံးသူ ဦးရေ |
|---|---|---|---|---|---|
| ၁ | ရန်ကုန်တိုင်းဒေသကြီး | ၇၁၆ | ၆၈၀ | ၂၈၃ | ၆၈ |
| ၂ | နေပြည်တော် | ၁၆၄ | ၂၁၄ | ၉၉ | - |
| ၃ | ဧရာဝတီတိုင်းဒေသကြီး | ၁၇၇ | ၁၂၄ | ၅၉ | ၁၄ |
| ၄ | ပဲခူးတိုင်းဒေသကြီး | ၁၂၄ | ၁၀၉ | ၄၇ | ၁၀ |
| ၅ | ကချင်ပြည်နယ် | ၁၉ | ၁၁၂ | ၃၉ | ၁ |
| ၆ | မကွေးတိုင်းဒေသကြီး | ၈၇ | ၅၈ | ၃၈ | ၄ |
| ၇ | ရခိုင်ပြည်နယ် | ၈၇ | ၈၄ | ၃၂ | ၂ |
| ၈ | မန္တလေးတိုင်းဒေသကြီး | ၂၀၀ | ၅၂ | ၂၀ | ၂ |
| ၉ | ကရင်ပြည်နယ် | ၅၂ | ၈၉ | ၁၇ | - |
| ၁၀ | မွန်ပြည်နယ် | ၁၆၇ | ၂၆ | ၁၄ | ၃ |
| ၁၁ | စစ်ကိုင်းတိုင်းဒေသကြီး | ၅၇ | ၂၇ | ၁၃ | ၄ |
| ၁၂ | ရှမ်းပြည်နယ်(တောင်ပိုင်း) | - | ၁၇ | ၁၂ | ၁ |
| ၁၃ | ကယားပြည်နယ် | ၂၄ | ၁၂ | ၁၂ | - |
| ၁၄ | ရှမ်းပြည်နယ် (မြောက်) | - | ၁၃ | ၆ | - |
| ၁၅ | တနင်္သာရီတိုင်းဒေသကြီး | ၃၂ | ၉ | ၅ | ၁ |
| ၁၆ | ချင်းပြည်နယ် | ၁၃ | ၅ | ၂ | - |
| ၁၇ | ရှမ်းပြည်နယ် (အရှေ့) | - | ၁ | | - |
| | **စုစုပေါင်း** | **၇၆** | **၁,၆၃၂** | **၆၉၈** | **၁၁၀** |

*** ရှမ်းပြည်နယ် တစ်ခုလုံး၏ လူဦးရေသိပ်သည်းဆမှာ ၁ စတုရန်းကီလိုမီတာတွင် ၃၇ ဦးဖြစ်ပါသည်။**

ယခုနှစ် ရာသီတုပ်ကွေးရောဂါပိုးတွေ့ရှိမှုကို လေ့လာသုံးသပ်ရာတွင် တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ဇူလိုင်လ ပထမအပတ်နှင့် ဒုတိယပတ်တို့တွင် ဖြစ်ပွားမှု အမြင့်ဆုံးအခြေအနေသို့ ရောက်ရှိခဲ့သော်လည်း တွေ့ရှိမှုမှာ ဇူလိုင်လ တတိယပတ်မှစတင်၍ ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။ ရာသီတုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှု လျော့နည်းကျဆင်းလာသော်လည်း ရောဂါပိုးကူးစက်ခံရပါက အသက်အရွယ်ကြီးသူများနှင့် ကလေးသူငယ်များနှင့် သေဆုံးနိုင်ခြေများသော အုပ်စုများနှင့် နာတာရှည်ရောဂါအခံရှိသူများတွင် ရောဂါပိုးကူးစက်ခံရပါက ရောဂါလက္ခဏာ ပြင်းထန်နိုင်ပြီး သေဆုံးနိုင်ခြေများရှိသဖြင့် အဆိုပါ အုပ်စုများတွင် ရောဂါဖြစ်ပွားပါက နီးစပ်ရာကျန်းမာရေးဌာနများတွင် အမြန်ဆုံး တက်ရောက်ကုသမှုခံယူရန် လိုအပ်ပါသည်။

ယခုလက်ရှိအချိန်တွင် ရောဂါဖြစ်ပွားမှုမှာ လျော့နည်းကျဆင်းလာပြီး ပုံမှန်အခြေအနေသာ ဖြစ်ပွားလျက်ရှိကြောင်း တွေ့ရှိရသော်လည်း တိုင်းဒေသကြီး/ ပြည်နယ်များအနေဖြင့် ရာသီတုပ်ကွေးရောဂါ ဖြစ်ပွားမှုနှင့်ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ လမ်းညွှန်ချက်များချမှတ်ပြီး တိုင်းဒေသကြီး/ ပြည်နယ်များတွင် ရာသီတုပ်ကွေးရောဂါ စောင့်ကြပ်ကြည့်ရှုခြင်း၊ ကြိုတင်ကာကွယ်ခြင်းနှင့် ထိရောက်စွာတုံ့ပြန်ဆောင်ရွက်ခြင်း၊ ဗဟို၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ဆေးရုံများတွင်လည်း လိုအပ်သော ဆေးနှင့် ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ထားရှိခြင်း၊ ရောဂါဖြစ်ပွားလာပါက ထိရောက်စွာကုသခြင်းနှင့် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း စသည့်လုပ်ငန်းများကို ဆက်လက်အားဖြည့်ဆောင်ရွက်လျက်ရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ရာသီတုပ်ကွေးရောဂါဖြစ်ပွား၊ သေဆုံးမှုနှင့်ပတ်သက်၍ ပြည်သူများအကြား သတင်းအမှန်ရရှိပြီး စိုးရိမ်မှုလျော့ကျစေရန်အတွက် ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာဖြစ်သော www.mohs.gov.mm, https://www.facebook.com/MinistryOfHealthAndSportsMyanmar နှင့် https://www.facebook.com/MyanmarCDC ၏ Facebook စာမျက်နှာများတွင် အချိန်နှင့်တစ်ပြေးညီ ကြည့်ရှုနိုင်ပါသည်။ ရာသီတုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှု လျော့နည်းကျဆင်းလာသော်လည်း ပြည်သူများအနေဖြင့် ရာသီတုပ်ကွေးရောဂါ ကြိုတင်ကာကွယ်မှုနှင့်ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်များကို တိကျစွာ ဆက်လက်လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# နိုင်ငံတစ်ဝန်းရှိ ရေပိုလွှဲမှ ရေကျော်သည့် ရေလှောင်တမံ ၃၉ ခု စာရင်း

## (၉-၉-၂၀၁၉)ရက်နေ့ ရေပိုလွှဲမှ ရေကျော်သည့် ရေလှောင်တမံများစာရင်း

(၀၆း၀၀)နာရီ ရေအမှတ်

| စဉ် | ဆည်အမည် | တည်နေရာ (ခရိုင်/မြို့နယ်) | ကန်ရေပြည့်(ပေ) ကန်ရေသေ(ပေ) | ရေလှောင်ပမာဏ (ဧကပေ) | ရေအနက်(ပေ) | ရေလှောင်ပမာဏ (ဧကပေ) | မိုးရေချိန် (လက်မ) | ရေပိုလွှဲမှ ရေကျော်အမြင့်(ပေ) |
|---|---|---|---|---|---|---|---|---|
| | | **ကရင်ပြည်နယ်** | | | | | | |
| ၁ | ရေဘုတ်ရေလှောင်တမံ | ဘားအံခရိုင်/ | ၃၆ | ၂၈၄၇၄ | ၃၇.၉၀ | ၃၃၃၅၁ | ၀.၅၅ | ၁.၉၀ |
| | | လှိုင်းဘွဲ့မြို့ | ၁၉ | ၂၃၇၆ | | | | |
| | | **ချင်းပြည်နယ်** | | | | | | |
| ၂ | လိုင်ဗားရေလှောင်တမံ | ဖလမ်းခရိုင်/ | ၆၈.၈၀ | ၁၈၈၁ | ၆၉.၂၀ | ၁၉၀၉ | ၀.၂၆ | ၀.၄၀ |
| | | ဖလမ်းမြို့ | ၂၆ | ၁၀၃ | | | | |
| | | **စစ်ကိုင်းတိုင်းဒေသကြီး** | | | | | | |
| ၃ | ရာဇဂြိုဟ်ရေလှောင်တမံ | ကလေးခရိုင်/ | ၁၄၅ | ၅၂၀၀၀ | ၁၄၇.၀၀ | ၅၃၉၀၀ | ၁.၃၇ | ၂.၀၀ |
| | | ကလေးမြို့ | ၈၅ | ၈၀၀၀ | | | | |
| | | **ပဲခူးတိုင်းဒေသကြီး (အရှေ့)** | | | | | | |
| ၄ | ပသိရေလှောင်တမံ | တောင်ငူခရိုင်/ | ၈၀ | ၃၀၅၀၀ | ၈၀.၉၀ | ၃၁၃၅၅ | - | ၀.၉၀ |
| | | တောင်ငူမြို့ | ၂၅.၆ | ၁၅၀၅ | | | | |
| ၅ | ရေသိုးရေလှောင်တမံ | တောင်ငူခရိုင်/ | ၅၀ | ၁၅၅၀၀ | ၅၂.၂၀ | ၁၈၇၆၇ | ၀.၉၄ | ၂.၂၀ |
| | | အုတ်တွင်းမြို့ | ၂၂.၈၅ | ၇၂၅ | | | | |
| ၆ | မင်းရဲရေလှောင်တမံ | တောင်ငူခရိုင်/ | ၃၈ | ၂၃၅၀ | ၃၈.၅၀ | ၂၄၀၀ | ၀.၆၀ | ၀.၅၀ |
| | | အုတ်တွင်းမြို့ | ၂၅ | ၅၀၀ | | | | |
| ၇ | ငမြွေရေလှောင်တမံ | တောင်ငူခရိုင်/ | ၄၆ | ၂၃၈၀ | ၄၆.၄၀ | ၂၄၃၆ | ၀.၅၀ | ၀.၄၀ |
| | | ဖြူးမြို့ | ၂၇.၅ | ၃၅၀ | | | | |
| ၈ | ဖြူးချောင်းရေလှောင်တမံ | တောင်ငူခရိုင်/ | ၂၁၉ | ၆၃၂၅၃၃ | ၂၂၃.၅၀ | ၇၀၂၄၈၀ | ၀.၈၇ | ၄.၅၀ |
| | | ဖြူးမြို့ | ၁၁၆.၆ | ၂၉၉၄၉ | | | | |
| ၉ | ဘောနီရေလှောင်တမံ | ပဲခူးခရိုင်/ | ၇၃ | ၃၅၂၀၀ | ၇၄.၂၀ | ၃၇၁၂၀ | ၁.၄၂ | ၁.၂၀ |
| | | ဒိုက်ဦးမြို့ | ၃၃ | ၂၄၀၀ | | | | |
| ၁၀ | ပျဉ်ပုံကြီးရေလှောင်တမံ | ပဲခူးခရိုင်/ | ၄၀ | ၁၁၁၃၀ | ၄၁.၈၀ | ၁၁၈၀၂ | ၁.၀၀ | ၁.၈၀ |
| | | ဒိုက်ဦးမြို့ | ၈ | ၁၄၂၈ | | | | |
| ၁၁ | မဇင်းရေလှောင်တမံ | ပဲခူးခရိုင်/ | ၅၂ | ၂၆၁၈၆ | ၅၃.၅၀ | ၂၈၃၀၇ | ၀.၅၄ | ၁.၅၀ |
| | | ပဲခူးမြို့ | ၂၅ | ၂၄၇၆ | | | | |
| ၁၂ | ဇလက်ထော်ရေလှောင်တမံ | ပဲခူးခရိုင်/ | ၃၉.၅ | ၁၈၉၁၂ | ၄၀.၈၀ | ၂၀၄၀၅ | ၀.၅၅ | ၁.၃၀ |
| | | ပဲခူးမြို့ | ၁၂.၅ | ၇၅၀ | | | | |
| ၁၃ | ရွှေပြည်(၃)ရေလှောင်တမံ | ပဲခူးခရိုင်/ | ၂၈ | ၃၇၀၀ | ၂၈.၃၀ | ၃၈၄၀ | ၀.၉၀ | ၀.၃၀ |
| | | ပဲခူးမြို့ | ၈ | ၄၀ | | | | |
| | | **ပဲခူးတိုင်းဒေသကြီး (အနောက်)** | | | | | | |
| ၁၄ | တောင်ညိုရေလှောင်တမံ | သာယာဝတီခရိုင်/ | ၉၅ | ၂၁၀၀၀၀ | ၉၇.၀၀ | ၂၂၈၀၀၀ | ၀.၁၉ | ၂.၀၀ |
| | | နတ္တလင်းမြို့ | ၅၇.၅ | ၂၁၉၅၀ | | | | |
| ၁၅ | ဘော်ဘင်ရေလှောင်တမံ (၂) | သာယာဝတီခရိုင်/ | ၁၀၀ | ၂၆၅၈၈ | ၁၀၁.၀၀ | ၂၇၅၆၈ | - | ၁.၀၀ |
| | (ဘော်ဘင်ချောင်း) | ဇီးကုန်းမြို့ | ၆၅ | ၅၈၄၂ | | | | |
| ၁၆ | ကံတင်ဘီးလင်းရေလှောင်တမံ | သာယာဝတီခရိုင်/ | ၁၀၅ | ၁၃၄၁၇၅ | ၁၀၅.၇၀ | ၁၃၇၅၇၉ | - | ၀.၇၀ |
| | | မင်းလှမြို့ | ၅၅ | ၇၅၇၈ | | | | |
| ၁၇ | သဲကောရေလှောင်တမံ | သာယာဝတီခရိုင်/ | ၆၆ | ၅၂၅၀၀ | ၆၈.၀၀ | ၆၅၂၅၀ | ၀.၄၂ | ၂.၀၀ |
| | | လက်ပံတန်းမြို့ | ၄၀ | ၄၁၂၀ | | | | |
| | | **မကွေးတိုင်းဒေသကြီး** | | | | | | |
| ၁၈ | တောင်ခင်ရန်းရေလှောင်တမံ | ဂန့်ဂေါခရိုင်/ | ၇၉ | ၁၁၇၂၆ | ၇၉.၅၀ | ၁၁၉၁၀ | ၀.၃၀ | ၀.၅၀ |
| | | ဂန့်ဂေါမြို့ | ၃၈ | ၁၆၂၄ | | | | |
| ၁၉ | မြစ်သာရေလှောင်တမံ | ဂန့်ဂေါခရိုင်/ | ၁၈၅ | ၃၇၇၆၀၀ | ၁၈၆.၃၀ | ၃၈၆၁၅၄ | - | ၁.၃၀ |
| | | ဂန့်ဂေါမြို့ | ၁၃၅ | ၁၅၂၉၁၅ | | | | |
| ၂၀ | မုန်းချောင်းရေလှောင်တမံ | မင်းဘူးခရိုင်/ | ၁၄၀ | ၆၂၀၉၀၀ | ၁၄၂.၁၀ | ၆၄၃၀၉၇ | - | ၂.၁၀ |
| | | စေတုတ္တရာမြို့ | ၆၀ | ၉၂၅၀၀ | | | | |
| ၂၁ | မန်းချောင်းရေလှောင်တမံ | မင်းဘူးခရိုင်/ | ၁၂၀ | ၁၂၀၀၀၀ | ၁၂၁.၁၀ | ၁၂၄၂၀၀ | - | ၁.၁၀ |
| | | ငဖဲမြို့ | ၆၀ | ၁၀၅၀၀ | | | | |
| ၂၂ | ကြီးအုံကြီးဝရေလှောင်တမံ | မင်းဘူးခရိုင်/ | ၁၂၃.၅ | ၃၀၂၇၀၀ | ၁၂၇.၃၀ | ၃၃၈၄၂၀ | - | ၃.၈၀ |
| | | ပွင့်ဖြူ | ၅၆ | ၂၄၃၇၂ | | | | |
| ၂၃ | ဘွက်ကြီးရေလှောင်တမံ | သရက်ခရိုင်/ | ၉၅ | ၇၃၁၉၂ | ၉၅.၅၀ | ၇၄၆၆၉ | ၀.၃၅ | ၀.၅၀ |
| | | အောင်လံမြို့ | ၆၁ | ၁၇၆၁၅ | | | | |
| ၂၄ | ပဒဲရေလှောင်တမံ | သရက်ခရိုင်/ | ၁၀၅ | ၃၂၈၉၀ | ၁၀၅.၂၀ | ၃၃၁၅၈ | ၀.၃၀ | ၀.၂၀ |
| | | အောင်လံမြို့ | ၇၈ | ၈၉၃၀ | | | | |
| | | **မွန်ပြည်နယ်** | | | | | | |
| ၂၅ | ဝါးပါးရေလှောင်တမံ | သထုံခရိုင်/ | ၆၁ | ၄၁၅၀ | ၆၁.၅၀ | ၄၂၂၈ | ၂.၅၆ | ၀.၅၀ |
| | | သထုံမြို့ | ၁၇ | ၁၇၃ | | | | |
| ၂၆ | ကတိုက်ရေလှောင်တမံ | သထုံခရိုင်/ | ၁၂၃ | ၅၄၀၉၂ | ၁၂၄.၄၀ | ၅၅၄၂၃ | ၄.၈၈ | ၁.၄၀ |
| | | ပေါင်မြို့ | ၂၆ | ၁၁၇၅ | | | | |
| ၂၇ | ရွှေနတ်တောင်ရေလှောင်တမံ | မော်လမြိုင်ခရိုင်/ | ၇၄ | ၅၂၅၀ | ၇၄.၇၀ | ၅၃၇၁ | ၀.၅၈ | ၀.၇၀ |
| | | မော်လမြိုင်မြို့ | ၃၄ | ၉၁၀ | | | | |
| ၂၈ | အဇင်းရေလှောင်တမံ | မော်လမြိုင်ခရိုင်/ | ၈၂.၈ | ၁၅၄၂၇ | ၈၃.၁၀ | ၁၅၅၇၇ | ၀.၃၂ | ၀.၃၀ |
| | | မုဒုံမြို့ | ၂၅.၅ | ၁၂၆ | | | | |
| | | **ရခိုင်ပြည်နယ်** | | | | | | |
| ၂၉ | ပြိုင်းချောင်းရေလှောင်တမံ | မြောက်ဦးခရိုင်/ | ၉၆ | ၂၅၂၀၅ | ၉၉.၀၀ | ၂၆၇၀၅ | ၃.၂၀ | ၃.၀၀ |
| | | ကျောက်တော်မြို့ | ၂၆ | ၁၀၅၄ | | | | |
| ၃၀ | ဂရင်ဂျိုင်ရေလှောင်တမံ | မြောက်ဦးခရိုင်/ | ၂၆ | ၆၅ | ၂၆.၄၀ | ၆၇ | - | ၀.၄၀ |
| | | မင်းပြားမြို့ | ၁၂ | ၅ | | | | |
| ၃၁ | ကြက်တက်ရေလှောင်တမံ | မြောက်ဦးခရိုင်/ | ၃၀ | ၁၂၁ | ၃၀.၄၀ | ၁၂၅ | - | ၀.၄၀ |
| | | မင်းပြားမြို့ | ၁၀ | ၉ | | | | |
| ၃၂ | ရှောက်ချောင်းရေလှောင်တမံ | မြောက်ဦးခရိုင်/ | ၄၃ | ၁၁၄၀ | ၄၃.၂၀ | ၁၂၈၁ | ၃.၅၀ | ၂.၂၀ |
| | | ကျောက်တော်မြို့ | ၁၇ | ၁၂၀ | | | | |
| ၃၃ | တမန်းဒူးရေလှောင်တမံ | မြောက်ဦးခရိုင်/ | ၃၄.၇၅ | ၆၇၈ | ၃၄.၉၅ | ၆၈၅ | - | ၀.၂၀ |
| | | မြေပုံမြို့ | ၁၁.၇၅ | ၇၅ | | | | |
| | | **ရန်ကုန်တိုင်းဒေသကြီး** | | | | | | |
| ၃၄ | ငမိုးရိပ်ရေလှောင်တမံ | ရန်ကုန်(မြောက်ပိုင်း)ခရိုင်/ | ၆၂ | ၁၈၀၀၀၀ | ၆၄.၁၀ | ၂၀၁၄၀၀ | ၀.၆၇ | ၂.၁၀ |
| | | လှည်းကူးမြို့ | ၃၆ | ၁၂၀၀၀ | | | | |
| ၃၅ | တဘူးလှရေလှောင်တမံ | ရန်ကုန်(မြောက်ပိုင်း)ခရိုင်/ | ၈၅ | ၁၉၄၆၀၀ | ၈၆.၂၀ | ၂၀၁၂၀၀ | ၀.၃၀ | ၁.၂၀ |
| | | တိုက်ကြီးမြို့ | ၄၅ | ၂၄၃၂၅ | | | | |
| ၃၆ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ရန်ကုန်(တောင်ပိုင်း)ခရိုင်/ | ၁၃ | ၁၇၃၅ | ၁၄.၁၀ | ၁၉၇၇ | ၁.၀၀ | ၁.၁၀ |
| | | ကျောက်တန်းမြို့ | ၂.၅၀ | ၁၅၀ | | | | |
| ၃၇ | ဇာမဏီအင်းရေလှောင်တမံ | ရန်ကုန်(တောင်ပိုင်း)ခရိုင်/ | ၁၂ | ၅၃၆၄ | ၁၂.၉၅ | ၆၀၃၆ | ၁.၄၅ | ၀.၉၅ |
| | | သန်လျင်မြို့ | ၂ | ၃၂၆ | | | | |
| | | **ဧရာဝတီတိုင်းဒေသကြီး** | | | | | | |
| ၃၈ | နန်ကသူရေလှောင်တမံ | ဟင်္သာတခရိုင်/ | ၁၃၈ | ၄၀၄၈၇ | ၁၃၉.၅၀ | ၄၁၂၀၉ | ၀.၃၉ | ၁.၅၀ |
| | | အင်္ဂပူမြို့ | ၅၈ | ၆၆၁၈ | | | | |
| ၃၉ | ကညင်ရေလှောင်တမံ | ဟင်္သာတခရိုင်/ | ၁၇၄ | ၁၄၅၀၀၀ | ၁၇၅.၆၀ | ၁၄၈၀၂၄ | - | ၁.၆၀ |
| | | အင်္ဂပူမြို့ | ၈၆ | ၂၆၈၈၀ | | | | |

## ဇင်းကျိုက်မြို့၌ လေဆင်နှာမောင်းတိုက်ခတ်သဖြင့် လူနေအိမ်နှင့် အဆောက်အဦအချို့ အမိုးလန်ပျက်စီး


**ဇင်းကျိုက် စက်တင်ဘာ ၉**

မွန်ပြည်နယ် ပေါင်မြို့နယ် ဇင်းကျိုက်မြို့ ဇင်းကျိုက်ရပ်ကွက် နယ်မြေ (၂)၊ (၄)၊ (၇) ရပ်ကွက်တို့တွင် စက်တင်ဘာ ၈ ရက် ည ၁၂ နာရီကျော်ခန့်က လေဆင်နှာမောင်း ဝင်ရောက်တိုက်ခတ်ခဲ့သဖြင့် လူနေအိမ်အချို့နှင့် အဆောက်အဦအချို့တို့ သွပ်အမိုးလန်ခြင်း၊ သွပ်တန်းများကျိုးခြင်းနှင့် ဒိုင်းများကျိုးကျပျက်စီးခြင်းများ ဖြစ်ခဲ့သည်။ အဆိုပါနေရာသို့ ပေါင်မြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဇော်ထူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ဇင်းကျိုက်မြို့အုပ်ချုပ်ရေးမှူး ဦးငွေတိုးအောင်၊ ဇင်းကျိုက်ရဲကင်းစခန်းမှ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ပေါင်မြို့မှ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဇင်းကျိုက်မြို့မှ မီးသတ်တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့သည်။ (ဓါတ်ပုံ)



အဆိုပါလေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် လူနေအိမ် ၁၅ လုံး၊ ဒစ်ဂျစ်တယ်အိတ်ချိန်းရုံး၊ ကန်တော်ကြီးကန်ပေါင်စတီးလက်ရန်းနှင့် ဆွမ်းလောင်းဇရပ်တစ်လုံး ပျက်စီးခဲ့ပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရသည်။

**နေခြည် (ဇင်းကျိုက်)**



## ယူနီကုဒ်စနစ် စတင်ပြောင်းလဲ သုံးစွဲကြပါစို့


- နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရန်အတွက် e-Government စနစ်၊ စနစ်တကျ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်ပါသည်။
- e-Government စနစ်၊ စနစ်တကျ တိုးတက်လာရေးအတွက် အစိုးရ၊ စီးပွားရေး လုပ်ငန်းများနှင့် ပြည်သူလူထုအကြား ကောင်းမွန်သော ဆက်သွယ်ရေး၊ ရေးသား ပြောဆိုသောစနစ် တူညီရေး လိုအပ်ပါသည်။
- တူညီသော စနစ်ဖြစ်စေရန် နိုင်ငံတကာစံနှုန်း၊ မြန်မာစာ ရေးထုံးများနှင့် ကိုက်ညီသော ယူနီကုဒ်စနစ်သုံး မြန်မာစာစနစ် သို့ စတင်ပြောင်းလဲသုံးစွဲကြပါစို့။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

## ယူနီကုဒ်စနစ် ဘယ်တော့ပြောင်းမှာလဲ

၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့မှစ၍ နိုင်ငံတကာ စံချိန်စံညွှန်းအဖွဲ့အစည်း (ISO)၏ ISO/IEC 10646 စံချိန်စံညွှန်းနှင့်အညီ မြန်မာနိုင်ငံအမျိုးသား စံချိန်စံညွှန်း ကောင်စီက မြန်မာနိုင်ငံ၏စံအဖြစ် သတ်မှတ်ထားရှိသည့်၊ ယူနီကုဒ်စနစ်သုံး မြန်မာစာ စနစ်ကို တစ်နိုင်ငံလုံး စတင်ပြောင်းလဲ သုံးစွဲသွားမည် ဖြစ်ပါသဖြင့် ပြည်သူ တစ်ရပ်လုံး ပူးပေါင်းပါဝင် ပြောင်းလဲသုံးစွဲနိုင်ရေး တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန




## ၂၀၁၉ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော ဆီမီးဖိုင်နယ်ပွဲစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၉**

ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော (အမျိုးသား / အမျိုးသမီး) ဆီမီးဖိုင်နယ်ပွဲစဉ်များကိုယနေ့နံနက် ၈ နာရီမှစတင်၍ ဝဏ္ဏသိဒ္ဓိ အားကစားရုံ (B) တွင် ဆက်လက်ယှဉ်ပြိုင်ကစားလျက်ရှိသည်။

ယနေ့ယှဉ်ပြိုင်ကစားသော (အမျိုးသမီး)ဆီမီးဖိုင်နယ် ပွဲစဉ်များအဖြစ် ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် ပညာရေး ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပြည်ထဲရေးဝန်ကြီး ဌာနအသင်းက (၂၅-၆)မှတ်၊ (၂၅-၅)မှတ်၊ (၂၅-၁၆)မှတ် ဖြင့် လည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအသင်း နှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအသင်းက (၂၅-၂၂) မှတ်၊ (၂၅-၂၃)မှတ်၊ (၂၃-၂၅)မှတ်၊ (၁၈-၂၅)မှတ်၊ (၁၅-၁၁) မှတ်ဖြင့်လည်းကောင်း၊ ဆက်လက်၍ (အမျိုးသား) ဆီမီး ဖိုင်နယ်ပွဲစဉ်များအဖြစ် ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက (၂၅-၁၅)မှတ်၊ (၂၅-၇) မှတ်၊ (၂၅-၁၁)မှတ်ဖြင့်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီး ဌာနအသင်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်းတို့ ယှဉ်ပြိုင် ကစားကြရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက (၂၅-၂၂) မှတ်၊ (၂၅-၁၄)မှတ်၊ (၂၅-၂၀)မှတ်ဖြင့် လည်းကောင်း အနိုင် ရရှိသွားသည်။

စက်တင်ဘာ ၁၁ ရက် နံနက် ၈ နာရီမှစတင်၍(အမျိုးသမီး) တတိယလုပွဲပွဲစဉ်အဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်း နှင့် ပညာရေးဝန်ကြီးဌာနအသင်းတို့သည် လည်းကောင်း၊ (အမျိုးသား) တတိယလုပွဲ ပွဲစဉ်အဖြစ် မြန်မာနိုင်ငံတော်ဗဟို ဘဏ်အသင်းနှင့် ပညာရေးဝန်ကြီးဌာန အသင်းတို့သည် လည်းကောင်း ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၌ ဒါရိုက်တာနှင့် သရုပ်ဆောင်သင်တန်းမှ သင်တန်းသားများအား လက်တွေ့ရိုက်ကူးခြင်း သင်ခန်းစာများ ပို့ချပေးလျက်ရှိ

**ရန်ကုန် စက်တင်ဘာ ၉**

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၌ ဖွင့်လှစ်သင်ကြားပို့ချလျက်ရှိသော ဒါရိုက်တာနှင့် သရုပ်ဆောင်သင်တန်းမှ သင်တန်းသားများကို ယနေ့တွင် လက်တွေ့ရုပ်ရှင်ရိုက်ကူး ခြင်း သင်ခန်းစာများ ပို့ချပေးလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအနေဖြင့် ထူးချွန်ထက်မြက်သော အနုပညာ ရှင်များ ပေါ်ထွန်းလာစေရေးအတွက် ဒါရိုက်တာနှင့် သရုပ်ဆောင်သင်တန်း ၁/၂၀၁၉ ကို ဇွန်လ ၂၄ ရက်မှစ၍ ဖွင့်လှစ်သင်ကြားပို့ချပေးလျက်ရှိရာ ဝါရင့်သရုပ်ဆောင်ကြီးများ၊ ရုပ်ရှင်အနုပညာရှင်ကြီးများက လာရောက်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ယနေ့ သင်ကြားပို့ချပေးလျက်ရှိသော ရိုက်ကူးခြင်းသင်ခန်းစာနှင့် ပတ်သက်၍ သင်တန်းဆရာတစ်ဦးဖြစ်သူ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး စည်းရုံးရေးမှူး (၁)၊ သရုပ်ဆောင်၊ ဒါရိုက်တာတစ်ဦးဖြစ်သည့် အကယ်ဒမီ အောင်ခိုင်က "ဒီနေ့ သင်တန်း မှာတော့ ဒါရိုက်တာတွေရော၊ သရုပ်ဆောင်တွေရောပေါ့။ ဒါရိုက်တာတွေက ဘယ်လို ညွှန်ကြားရမလဲ၊ သရုပ်ဆောင်ဆိုတာ ဘာလုပ်ရမလဲ၊ စိတ်ဘယ်လိုထည့်ရမလဲ၊ သူတို့အရွယ်နဲ့ သူတို့ဟာ အမေအရွယ်ဆိုတာ မဖြစ်နိုင်သေးဘူး။ ဒါပေမယ့် အမေအခန်း က ဝင်လာရင်ဘယ်လိုလုပ်ရမလဲဆိုတာကို လက်တွေ့ရိုက်ကူးတာကို သရုပ်ပြနေတာ ပါ" ဟု ပြောကြားသည်။

အဆိုပါ သင်တန်းကာလမှာ သုံးလခန့်ကြာမြင့်ပြီး သင်တန်းတွင် ဒါရိုက်တာ သင်တန်းသား ၁၀ ဦးနှင့် သရုပ်ဆောင်သင်တန်းသား ၄၉ ဦး စုစုပေါင်းသင်တန်းသား ၅၉ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

## အာရှ ယူ- ၁၉ ခြေစစ်ပွဲအတွက် မြန်မာအသင်း စက်တင်ဘာ ၁၂ ရက် စတင်လေ့ကျင့်မည်

**ရန်ကုန် စက်တင်ဘာ ၉**

မြန်မာ ယူ-၁၉ အသင်းသည် အိမ်ရှင် အဖြစ် လက်ခံကျင်းပမည့် ၂၀၂၀ အာရှ ယူ-၁၉ ခြေစစ်ပွဲအတွက် စက်တင်ဘာ ၁၂ ရက်တွင် ပြန်လည်လေ့ကျင့်မည် ဖြစ်သည်။ မြန်မာအသင်းသည် အာဆီယံ ယူ-၁၈ ပြိုင်ပွဲနှင့် ၂၀၁၉ MNL ယူ-၂၁ အမှတ်ပေးပြိုင်ပွဲအပြီးတွင် လေ့ကျင့်မှု ရပ်နားထားပြီး တစ်ပတ်ကျော်ရပ်နားပြီးမှ ပြန်လည်လေ့ကျင့်မည်ဖြစ်သည်။

မြန်မာ ယူ- ၁၉ အသင်းသည် ပဏာမကစားသမား ၂၈ ဦးဖြင့် လေ့ကျင့် ပြင်ဆင်မည်ဖြစ်ပြီး အသင်းနှင့် အံမဝင် သည့် ကစားသမားများကို အပြောင်း အလဲ ပြုလုပ်သွားမည်ဖြစ်သည်။ ၂၀၁၉ အာဆီယံ ယူ-၁၈ ပြိုင်ပွဲယှဉ်ပြိုင်ခဲ့သည့် ကစားသမား ၂၃ ဦးကို အခြေခံကာ ချန်လှပ်ခဲ့သည့် ကစားသမားများဖြင့် ပြန်လည်ပူးပေါင်းပြီး လေ့ကျင့်သွားမည် ဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းသည် စက်တင်ဘာ ၂၈ ရက်မှ အောက်တိုဘာ ၁ ရက်အထိကျင်းပမည့် တရုတ်(တိုင်ပေ) ဖိတ်ခေါ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင် မည်ဖြစ်ပြီး အောက်တိုဘာတွင်လည်း နိုင်ငံတကာ ခြေစမ်းပွဲများ ယှဉ်ပြိုင် ကစားမည်ဖြစ်သည်။

ယင်းအသင်းကို နည်းပြချုပ်အဖြစ် ဦးစိုးမြတ်မင်းက ဆက်လက်ကိုင်တွယ် မည်ဖြစ်ပြီး ယခုနှစ်အတွင်း ဖိတ်ခေါ် ပြိုင်ပွဲနှင့် အဓိကနိုင်ငံတကာပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။ မြန်မာ ယူ- ၁၉ အသင်းသည် ယခုနှစ်အတွင်း ဗီယက်နမ် ယူ- ၁၉ ဖိတ်ခေါ်ပြိုင်ပွဲ၊ ဟောင်ကောင် ယူ-၁၈ ဖိတ်ခေါ်ပြိုင်ပွဲ၊ အာဆီယံ ယူ-၁၈ ပြိုင်ပွဲအပြင် ပြည်တွင်း ပြိုင်ပွဲဖြစ်သည့် MNL ယူ-၂၁ ပြိုင်ပွဲ တို့တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဟောင်ကောင် ယူ- ၁၈ ဖိတ်ခေါ်ပြိုင်ပွဲနှင့် MNL ယူ- ၂၁ အမှတ်ပေးပြိုင်ပွဲတွင် ချန်ပီယံဆုရခဲ့သည်။

မြန်မာအသင်း ယှဉ်ပြိုင်မည့် ၂၀၂၀အာရှ ယူ-၁၉ ခြေစစ်ပွဲကို နိုဝင်ဘာ ၆ ရက်မှ ၁၀ ရက်အထိ ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်ပြီး မြန်မာ၊ တောင်ကိုရီးယား၊ တရုတ်နှင့် စင်ကာပူ အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာ ယူ-၁၉ အသင်းတွင် **နည်းပြချုပ်**-ဦးစိုးမြတ်မင်း၊ **လက်ထောက်နည်းပြ**-ဦးမင်းမင်းထွန်း၊ ဦးအောင်လတ်သူ၊ **ဂိုးနည်းပြ**-ဦးစိန်အေး၊ ကစားသမားများ အဖြစ် **ဂိုး**- နေလင်းထက်၊ ပြည့်ဖြိုးသူ၊ စောထက်၊ **နောက်တန်း**-သက်ဟိန်းစိုး၊ ဉာဏ်လင်းထက်၊ စည်သူမိုးခန့်၊ ရှင်းသန့် အောင်၊ ဝေယံစိုး၊ စောထော်နေမှူး၊ ကောင်းခန့်ကျော်(၁)၊ မျိုးကိုကိုလင်း၊ **အလယ်တန်း**-ရဲမင်းကျော်၊ နောင်နောင် စိုး၊ ဇော်ဝင်းသိန်း၊ အောင်ကိုဦး၊ ရန်ကျော် စိုး၊ ပြည့်ဖြိုးအောင်၊ ခွန်ကျော်ဇင်ဟိန်း၊ မိုးဆွေ၊ ဟိန်းထက်အောင်၊ သူရအောင်၊ ရန်နိုင်လင်း၊ **ရှေ့တန်း**-လမင်းထွေး၊ ညီညီ၊ စောကျော်အဲ၊ ဩဘာခ၊ ရဲထက်အောင်၊ ကောင်းဇင်မိုးတို့ ပါဝင်ကြသည်။

**ညီမြတ်သော်တာ**

● *ကျော်ဖုံးမှ*

ဂျပန် လက်ရွေးစင်အသင်း နည်းပြချုပ် မိုရီယာဆုက "ဒီပွဲက ကမ္ဘာ့ ဖလားခြေစစ်ပွဲမှာ ပထမဆုံးကစားရတဲ့ပွဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ အသင်းက ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်ဖို့ မျှော်မှန်း ထားတာကြောင့် ပွဲတိုင်းက အရေးကြီးပါ တယ်။ မြန်မာအသင်းက အသင်းကောင်း တစ်သင်းဖြစ်သလို နိုင်ငံခြားသားနည်းပြ နဲ့ ပြင်ဆင်ထားတာဖြစ်ပါတယ်။ မွန်ဂို လီးယားကို ရှုံးခဲ့တဲ့ပွဲကို ကျွန်တော် လေ့လာထားပါတယ်။ သူတို့ရှုံးခဲ့ပေမယ့် ခြေအသာနဲ့ ကစားနိုင်ခဲ့ပြီးဂိုးမရခဲ့လို့သာ အနိုင်မရခဲ့တာပါ။ သူတို့မှာ လူငယ်ကစား သမားတွေများပြီး ယူ-၂၀ ကမ္ဘာ့ဖလား ပြိုင်ပွဲယှဉ်ပြိုင်ခဲ့ဖူးတဲ့ ကစားသမားတွေ အများစု ပါဝင်နေတယ်လို့ သိရပါတယ်။ ကျွန်တော်တို့ ရန်ကုန်မှာ လေ့ကျင့်တဲ့ ရက်တိုင်း မိုးရွာတာနဲ့ ကြုံရပေမယ့် ဒါက အသင်းအတွက် ပြဿနာမဖြစ်နိုင်ပါဘူး။ ကစားနေကျပုံစံအတိုင်း ကစားနိုင်ရင် ပွဲကိုအသာစီးရမှာပါ။ ဘယ်သူတွေကို သုံးမလဲဆိုတာတော့ လောလောဆယ်မှာ ပြောလို့မရသေးပါဘူး။ ညနေပိုင်းမှာ ပြုလုပ်မယ့် လေ့ကျင့်ခန်းအစီအစဉ်ပြီးမှ အကောင်းဆုံးဖြစ်မယ့် ၁၁ ယောက်ကို အသုံးပြုမှာပါ။ ကူဘိုကို အသုံးပြုမလား ဆိုတာ သူ့ရဲ့လေ့ကျင့်ရေးကွင်းပေါ်က စွမ်းဆောင်ရည်က အရေးကြီးပါတယ်။ အကောင်းဆုံးရလဒ်တစ်ခု ရယူနိုင် အောင် ကြိုးစားသွားမှာပါ" ဟုပြောကြား သည်။

မြန်မာအသင်းနှင့် ဂျပန်အသင်း သည် ၁၉၉၄ အာရှအားကစားပြိုင်ပွဲတွင် တွေ့ဆုံပြီးနောက်ပိုင်း နှစ်ပေါင်း ၂၀ ကျော်မှ အဓိကနိုင်ငံတကာပြိုင်ပွဲတွင် ပြန်လည်တွေ့ဆုံခြင်း ဖြစ်သည်။

ဂျပန် လက်ရွေးစင်အသင်းတွင် ဥရောပအခြေစိုက် ကစားသမားအများစု ပါဝင်လာပြီး ယိုရှီဒါ၊ ကူဘို၊ ကာဝါဇာကီ၊ အိုဆာကို စသည့်ကစားသမားများ ပါဝင်လာသည်။ မြန်မာ့လက်ရွေးစင် အသင်းမှာလည်း မွန်ဂိုလီးယားနှင့် ကစား ခဲ့သည့် လူစာရင်းကို အခြေခံကာ ယှဉ်ပြိုင်မည်ဖြစ်ပြီး နောက်ခံလူ ဇော်ရဲ ထွန်းကိုသာ အားဖြည့်ရွေးချယ်ထား သည်။

**ညီမြတ်သော်တာ**

○ *ကျော်ဖုံးမှ*

နှစ်ယောက်တွဲ အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲ၊ အမျိုးသား+ အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲတို့ ပါဝင်မည်ဖြစ်ပြီး International Series ကြက်တောင် ပြိုင်ပွဲတွင် ချန်ပီယံဆု များစွာရယူဖူး သည့် သက်ထားသူဇာသည် အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲတွင် ဆီဒင်သတ်မှတ် ချက် (၁) ရရှိထားသည်။ ပြိုင်ပွဲပထမနေ့ တွင် အမျိုးသားတစ်ဦးချင်း ပြိုင်ပွဲသာ ကျင်းပမည်ဖြစ်ပြီး မြန်မာကစားသမား များအနက် ချမ်းဝင်းဦးနှင့် ဟောင်ပန်ဆန် တရုတ် (တိုင်ပေ)၊ မင်းထက်ကောင်းနှင့် မာနီဂန်ဒန် (အိန္ဒိယ)၊ အောင်မျိုးထူးနှင့် လင်ရီရှန် (မလေးရှား)၊ သူရိန်နှင့် ကောင်ချီခတ် (မလေးရှား)၊ ဘုန်းပြည့် နိုင်နှင့် ရှီရန်ရှာ (အိန္ဒိယ)၊ ဇော်လင်းထူး နှင့် ဟိုင်ကယ် (မလေးရှား)တို့ ယှဉ်ပြိုင် ရမည်ဖြစ်သည်။ မြန်မာကြက်တောင် ကစားသမားများသည် ပြိုင်ပွဲအမျိုးအစား ငါးမျိုးစလုံးတွင် ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်သည်။

ပြိုင်ပွဲဝင်မည့် မြန်မာကြက်တောင် အသင်းတွင် အမျိုးသား-ချမ်းဝင်းဦး၊ အောင်မျိုးထူး၊ ဟိန်းစည်သူတိုး၊ မင်းထက် ကောင်း၊ ဘုန်းပြည့်နိုင်၊ သူရိန်၊ ဇော်လင်း ထူး၊ အမျိုးသမီး- သက်ထားသူဇာ၊ ခိုင်သဥ္ဇာ၊ တွယ်တာဦး၊ သင်းသင်းစံ၊ ရီရီလွင်နှင့် ဇွန်မျိုးသက်တို့ ပါဝင်သည်။ ယင်းပြိုင်ပွဲကို စက်တင်ဘာ ၁၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ၂၀၁၈ ခုနှစ် နှစ်ကုန် ပိုင်းမှ စတင်ကာ ပြည်ပပြိုင်ပွဲများ၌ အောင်မြင်မှုများရထားသည့် သက်ထား သူဇာသည် ၃၂ ဦးအဆင့်မှ စတင်ယှဉ်ပြိုင် ရမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# ရန်ကုန်-မန္တလေးအမြန်လမ်းတွင် ခရီးသည်တင်ယာဉ်တိမ်းမှောက်ကာ သုံးဦးသေ၊ ၂၈ ဦး ဒဏ်ရာရ




**ပဲခူး စက်တင်ဘာ ၉**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၁၆/၆ နှင့် ၇ အကြားတွင် ယနေ့နံနက် ၃ နာရီခန့်က ခရီးသည်တင်ယာဉ်တစ်စီး တိမ်းမှောက်၍ ယာဉ်ပေါ်ပါ ခရီးသည်သုံးဦးသေဆုံးကာ ၂၈ ဦးဒဏ်ရာများရရှိကြောင်း အမှတ် ၃ လမ်းဆုံအမြန်လမ်းမကြီးရဲစခန်းမှ သိရ သည်။

မန္တလေးဘက်မှ ရန်ကုန်ဘက်သို့ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ်ရပ်ကွက်နေသူ တင်ထွန်းဦး (၄၅ နှစ်) မောင်းနှင်ပြီး ခရီးသည် ၄၅ ဦး တင်ဆောင်လာသော 7C / ---- ခရီး သည်တင်ယာဉ်သည် အခင်းဖြစ်နေရာအရောက် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်သွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါ ကျိုက်လတ်မြို့နေသူ ကိုသန်းနိုင်ထွန်း (၄၉ နှစ်)၊ ကွမ်းခြံကုန်းမြို့နေသူ ဦးအောင်ကျော်ဦး (၆၀ နှစ်)၊ ဟင်္သာတမြို့နေသူ မမိုးသူ (၃၀ နှစ်) တို့သုံးဦး နေရာ၌သေဆုံးခဲ့ပြီး အမျိုးသား ၁၂ ဦး၊ အမျိုးသမီး ၁၆ ဦး စုစုပေါင်း ၂၈ ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရ၍ ယာဉ်မောင်း တင်ထွန်းဦးကို အမှတ် ၃ လမ်းဆုံ အမြန်လမ်းကြီးရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သန်းလွင်**

# ကမာရွတ်မြို့နယ်နေ နိုင်ငံခြားသူတစ်ဦး၏ လက်တော့ပ်အား ခိုးယူခဲ့သူကို ဖမ်းမိ

**ရန်ကုန် စက်တင်ဘာ ၉**

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်တွင် စက်တင်ဘာ ၂ ရက်က နိုင်ငံခြားဘာသာတက္ကသိုလ်ကျောင်းသူ၏ နေအိမ်တိုက်ခန်းအတွင်းမှ လက်တော့ပ်ခိုးယူခဲ့သူ အမျိုးသမီးတစ်ဦးကို စက်တင်ဘာ ၈ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ကမာရွတ်မြို့နယ် အမှတ် ၈ ရပ်ကွက် မာလာလမ်းနေသူ Ms.Hwamg Som Hee (ခ) ခင်ဝင်းဝါ (၂၆ နှစ်)သည် စက်တင်ဘာ ၂ ရက် နံနက် ၈ နာရီခွဲခန့်က ရန်ကုန်မြို့နိုင်ငံခြားဘာသာတက္ကသိုလ်သို့ ကျောင်းသွားတက်ခဲ့ပြီး ညနေ ၅ နာရီခွဲတွင် နေအိမ်သို့ပြန်လည်ရောက်ရှိစဉ် အိမ်တံခါးပွင့်နေပြီး ဧည့်ခန်းစားပွဲပေါ်တွင် တင်ထားသော လက်တော့ပ်တစ်လုံး ပျောက်ဆုံးနေသဖြင့် ကမာရွတ်မြို့မရဲစခန်းသို့ စုံစမ်းဖော်ထုတ်အရေးယူပေးရန် တိုင်တန်းခဲ့သည်။

အမှုအား ရန်ကုန်အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့ရုံးမှ ဒုရဲမှူးတင်အောင်ဖြိုး ဦးစီးသော ရဲတပ်ဖွဲ့ဝင်များ၊ ကမာရွတ်မြို့နယ်ရဲစခန်းမှ တပ်ဖွဲ့ဝင်များပူးပေါင်း၍ စုံစမ်းဖော်ထုတ်ခဲ့ရာ စက်တင်ဘာ ၈ ရက်ညနေ ၅ နာရီ မိနစ် ၂၀ က ဆိပ်ကြီးခနောင်တိုမြို့နယ် မြို့သစ်(၂) ရပ်ကွက်နေထိုင်သူ ခင်စန်းဝေ(ခ) မဘူးသီး (၃၅ နှစ်) ကို ဒလမြို့နယ် ဆာပါချောင် သမ္ဗန်ဆိပ်တွင် ဖမ်းဆီးရမိသဖြင့် အရေးယူထားကြောင်း သိရသည်။

**ကိုကြီးတင်**

# မြဝတီမြို့၌ မီးပူတိုက်နေစဉ် မီးပလတ်ခုံအပူလွန်ကဲရာမှ နေအိမ်ငါးလုံး မီးလောင်

**မြဝတီ စက်တင်ဘာ ၉**

ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၂)ရပ်ကွက် ပုလဲရတနာ ၁ လမ်းရှိ မစိုးစိုးထွေး၏ နေအိမ်တွင် ယနေ့ နံနက် ၁၀ နာရီ မိနစ် ၂၀ ခန့်က မီးပူတိုက်နေစဉ် မီးပလတ်ခုံ အပူလွန်ကဲပြီး မီးလောင်ခဲ့ရာ နေအိမ်ငါးလုံးဆုံးရှုံးသွားကြောင်း သိရသည်။

မီးလောင်မှုဖြစ်ရာသို့ မြဝတီခရိုင်မီးသတ်ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဖြိုးမင်းဇော်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၁၁ နာရီမိနစ် ၂၀ တွင် မီးငြိမ်းသတ်နိုင်ခဲ့ပြီး မီးလောင်မှုကြောင့် နေအိမ်ငါးလုံးဆုံးရှုံးခဲ့သဖြင့် မစိုးစိုးထွေး (၂၅ နှစ်) ကို အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**



မြဝတီမြို့၌ မီးပလတ်ခုံအပူလွန်ကဲရာမှနေအိမ်များ မီးလောင်နေမှုကို တွေ့ရစဉ်။

# မြန်မာ့ရုပ်မြင်သံကြား

**၁၀-၉-၂၀၁၉ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၇း၃၅ - ရာသီတုပ်ကွေးရောဂါကို မိမိကစ၍ ကာကွယ်ပါ
၇း၄၀ - လေ့လာစရာစုံလင် အမိမြန်ပြည်တစ်ခွင် "ရသစုံပေး မြို့ရွှေကလေး"
၈း၃၅ - "မေတ္တာရင်ခွင် နွေးထွေးစေချင်"(မိခင်ဝိုင်း)
၉း၁၀ - အသက်အန္တရာယ်ကင်းစေဖို့ ထိုင်ခုံခါးပတ် ပတ်ကြစို့
၉း၃၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
၁၀း၃၀ - ရေဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှု လျော့နည်းသက်သာစေရေး ဆောင်ရွက်သင့်သည့် နည်းလမ်းများ
၁၁း၃၅ - ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "ဝန်မကျ ကြွေးမပြေ"
၁၁း၅၅ - မြန်မာနိုင်ငံတွင်ဖြစ်ပွားလျက်ရှိသော သက်ငယ်မုဒိမ်းမှု အခြေအနေများ
၁၂း၃၀ - ရေကြီးပြီးနောက် ရှောင်ရှားသင့်သည့်အချက်များ
၁၂း၃၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "အိမ်ကြီးရှင် သခင်မ" (အပိုင်း-၁၅)
၁၄း၃၀ - Yes or No Talk Show
၁၄း၅၅ - ရာသီတုပ်ကွေးသံသယရောဂါ လက္ခဏာများ

**ညပိုင်း**

၁၆း၃၅ - ဒေသတစ်လွှား စိတ်ဝင်စားဖွယ်ရာများ "ကယား"
၁၇း၁၀ - People Talk "ဝိုင်းဝန်းကူညီ အနာဂတ်လမ်းဆီ"
၁၇း၃၀ - မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာစကားဝိုင်း
၁၈း၄၀ - (၂၀၂၂)ခုနှစ်၊ ကမ္ဘာ့ဖလားခြေစစ်ပွဲဘောလုံးပြိုင်ပွဲကို တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်(မြန်မာ့လက်ရွေးစင်အသင်းနှင့် ဂျပန်လက်ရွေးစင်အသင်း)
- ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၀း၃၅ - ရေဘေးအတွက်ကြိုတင်ပြင်ဆင်ရန်များ
- ပြည်သူ့နီတိ "စွမ်း"

# (၅၅)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



**ရန်ကုန်**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ (၅၅)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၇ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ ရဲအကူတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များနှင့် ခရိုင်ရဲတပ်ဖွဲ့များမှ တပ်ဖွဲ့ဝင်များ စုစုပေါင်း ၃၀၀ တို့က လသာမြို့နယ်ရှိ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် စုပေါင်းသန့်ရှင်းရေးပြုလုပ်ခဲ့ရာ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် မျိုးမင်းထိုက်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့သည်။

**အရာတော်**

(၅၅)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးရဲလွင်၊ မြို့မရဲစခန်းမှူး ဒုရဲမှူးအောင်စိုးနိုင်တို့ ဦးဆောင်သည့် တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များ စုစုပေါင်း ၆၂ ဦးတို့သည် ယနေ့နံနက်ပိုင်းက အရာတော်မြို့နယ်ပြည်သူ့ဆေးရုံကြီး အတွင်း/အပြင်၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းနှင့် ဆေးရုံတွင် ဆေးကုသမှုခံယူနေသည့် လူနာ ၃၀ အား ကြက်ဥနှင့် ဆန်ပြုတ်အာဟာရများ တိုက်ကျွေးခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**



# မြစ်ကြီးနား-တနိုင်း ကားလမ်း၌ ကုန်တင်ယာဉ်နှင့် ခရီးသည်တင်ယာဉ်တိုက်မိ၍ ကိုးဦးဒဏ်ရာရ

**မိုးကောင်း စက်တင်ဘာ ၉**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် တနိုင်း-မြစ်ကြီးနားကားလမ်းရှိ မကောက်ဇွတ်တောင်အတက်၌ စက်တင်ဘာ ၈ ရက် ညနေပိုင်းက ကုန်တင်ယာဉ်နှင့် ခရီးသည်တင်ယာဉ်တို့ တိုက်မိ၍ ခရီးသည်တင်ယာဉ်ပေါ်ပါ ကိုးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ယမန်နေ့ ညနေ ၅ နာရီက မိုးကောင်းမြို့နယ် မရမ်းကထောင်ကျေးရွာအနီး မြစ်ကြီးနား-တနိုင်းကားလမ်း၊ မကောက်ဇွတ်တောင်အဆင်း မိုင်တိုင် အမှတ် KM ၁၃ နှင့် ၁၄ အကြားတွင် တနိုင်းဘက်သို့ မိုးကောင်းမြို့ မီးရထားဝင်းနေ ယာဉ်မောင်း ကျော်ဇင်ထွန်း(၂၈ နှစ်) မောင်းနှင်ပြီး ယာဉ်နောက်လိုက် ကျော်လင်းလိုက်ပါလာသည့် ခြောက်ဘီးယာဉ်နှင့် မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက်နေ မဂျာနန်(၃၆ နှစ်) အပါအဝင် ကိုးဦး လိုက်ပါလာသည့်ယာဉ်တို့ မျက်နှာချင်းဆိုင်တိုက်မိခဲ့သည်။ ယာဉ်တိုက်မှုကြောင့် ယာဉ်မောင်းအပါအဝင် ကိုးဦး ထိခိုက်ဒဏ်ရာရရှိကာ မိုးကောင်းဆေးရုံမှ တစ်ဆင့် မြစ်ကြီးနားဆေးရုံသို့ လွှဲပြောင်းဆေးကုသမှုခံယူရန် ပို့ဆောင်ထားကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အခြားယာဉ်ကြောအတွင်းသို့ ဝင်ရောက်မောင်းသူ မဂျာနန်ကို နမ္မတီးနယ်မြေရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# မိတ္ထီလာ-တောင်သာသွားကားလမ်းတွင် ယာဉ်တစ်စီး တိမ်းမှောက်၍ လေးဦးသေ၊ ခုနစ်ဦး ဒဏ်ရာရ

**တောင်သာ စက်တင်ဘာ ၉**

မိတ္ထီလာ- တောင်သာသွားကားလမ်းတွင် ယနေ့နံနက် ၆နာရီခွဲခန့်က ယာဉ်တစ်စီးတိမ်းမှောက်၍ လေးဦးသေ၊ ခုနစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရုံးစည်ကြီးရဲစခန်းမှ သိရသည်။

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ရုံးစည်ကြီးကျေးရွာ အောင်မင်္ဂလာရေကန်အနီး တောင်သာ-မိတ္ထီလာကားလမ်း မိုင်တိုင်အမှတ် ၃၀/၂ နှင့် ၃ အကြားတွင် မိတ္ထီလာမြို့ဘက်မှ တောင်သာမြို့ဘက်သို့ သာယာဝတီမြို့နယ် ငဖြူကလေးကျေးရွာနေ ယာဉ်မောင်း ရန်နိုင်အောင်သူ(၂၉နှစ်) မောင်းနှင်ပြီး ခရီးသည်အမျိုးသားခုနစ်ဦး၊ အမျိုးသမီးငါးဦး စုစုပေါင်း ၁၂ ဦး လိုက်ပါလာသော ယာဉ်အမှတ် YGN/---- ယာဉ်မှာ ဝဲဘက်ရှေ့ဘီးပေါက်၍ ကားလမ်း၏ ဘေးချိုင့်အတွင်း ထိုးကျတိမ်းမှောက်ခဲ့သည်။ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါ မောင်ကျော်မင်းထက်၊ ဒေါ်ကရင်မ (ခ)ဒေါ်သန်းမြင့်၊ ဒေါ်မြင့်သောင်းနှင့် ဦးစိန်သော့တို့မှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ပြီး ကျန်ခရီးသည်များအနက် ယာဉ်မောင်းအပါအဝင် ခရီးသည်ခုနစ်ဦးမှာ ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း ရုံးစည်ကြီးရဲစခန်းမှ သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်အားမဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်း ရန်နိုင်အောင်သူကို ရုံးစည်ကြီး နယ်မြေရဲစခန်းက အမှုဖွင့် ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

**သစ်ပင်နည်းလာ တို့ကမ္ဘာ လွန်စွာပူအေး ဥတုဘေး။**

# အင်အားပြင်းတိုင်ဖွန်းမုန်တိုင်း ဖာဆိုင် ဂျပန်နိုင်ငံသို့ ဝင်ရောက်တိုက်ခတ်

**တိုကျို စက်တင်ဘာ ၉**

အင်အားပြင်းသည့် တိုင်ဖွန်းမုန်တိုင်း ဖာဆိုင် ဂျပန်နိုင်ငံ ချီဘာစီရင်စုသို့ စက်တင်ဘာ ၉ ရက် နံနက်ပိုင်းတွင် ဝင်ရောက်ခဲ့ကြောင်း သိရသည်။

မုန်တိုင်းဝင်ရောက်တိုက်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူ ၁၀ ဦးထက်မနည်း ရှိခဲ့ပြီး အဆောက်အအုံအများအပြား ပျက်စီးခဲ့ကာ ချီဘာစီရင်စု ကာနာဂါဝါတွင် အိမ်ထောင်စုပေါင်း ၉၂၀၀၀၀ တို့ လျှပ်စစ်ဓာတ်အားပြတ်တောက်မှု ဖြစ်ပွားခဲ့သည်။

ဖာဆိုင် တိုင်ဖွန်းမုန်တိုင်းသည် ဒေသစံတော်ချိန် နံနက် ၅ နာရီတွင် ဝင်ရောက်တိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး ကန်တိုဒေသကို ဖြတ်သန်းကာ အရှေ့မြောက်ပိုင်း အီဘာရာကီစီရင်စုအနီးသို့တိုက်ခတ်ခဲ့သည်။ လေတိုက်နှုန်း တစ်စက္ကန့်လျှင် မီတာ ၄၀ မှ ၅၇ ဒသမ ၅ မီတာဖြင့် ချီဘာစီရင်စုသို့ ဝင်ရောက်လာခဲ့ကြောင်း ဂျပန်မိုးလေဝသနှင့် ဇလဗေဒ အေဂျင်စီက ပြောကြားခဲ့သည်။

မုန်တိုင်းကြောင့် ဂျပန်နိုင်ငံတစ်ဝန်းတွင် မိုးရွာသွန်းမှုများဖြစ်ပွားခဲ့ပြီး မြေပြိုခြင်း၊ မြစ်ရေလျှံခြင်းနှင့် လှိုင်းလေကြီးခြင်းများ ဖြစ်ပေါ်နိုင်သည့်အတွက် အထူးသတိထားကြရန် မိုးလေဝသအာဏာပိုင်များက သတိပေးနှိုးဆော်ထားသည်။ တိုင်ဖွန်းမုန်တိုင်း အန္တရာယ်ကြောင့် စက်တင်ဘာ ၉ ရက် နံနက်ပိုင်းတွင် မြေအောက်ရထားနှင့် ဓာတ်ရထားပြေးဆွဲမှုများကို ရပ်နားထားခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



မုန်တိုင်းကြောင့် အဆောက်အအုံများ ထိခိုက်ပျက်စီးမှုကို တွေ့ရစဉ်။

# တာလီဘန်တို့နှင့် ဆွေးနွေးမှု အနာဂတ်တွင် ပြန်စနိုင်မည်ဟု အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးမျှော်လင့်

**ဝါရှင်တန် စက်တင်ဘာ ၉**

အနာဂတ်တွင် တာလီဘန်နှင့် အမေရိကန် ပြည်ထောင်စုတို့ကြား ဆွေးနွေးပွဲ ပြန်စနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက စက်တင်ဘာ ၈ ရက်တွင် ပြောကြားခဲ့သည်။

ပြီးခဲ့သည့် စက်တင်ဘာ ၅ ရက်က တာလီဘန်တို့၏ တိုက်ခိုက်မှုကြောင့် အမေရိကန်စစ်သည်တစ်ဦး သေဆုံးခဲ့ပြီးနောက် အမေရိကန် - တာလီဘန် ဆွေးနွေးပွဲရပ်တန့်သွားသည်ဟု မစ္စတာ ပွန်ပီအိုက ဖော့ခ်နယူးစ်နှင့် တွေ့ဆုံမေးမြန်းခြင်း ပြုလုပ်စဉ် ပြောကြားခဲ့သည်။

တာလီဘန်များသည် တိုင်းပြည်အတွင်း တိုက်ခိုက်မှုများ ပြုလုပ်ရင်း အမေရိကန်နှင့် ဆွေးနွေးပွဲတွင် အကျိုးအမြတ်များရရှိအောင် ကြိုးစားနေကြသည်။ ရလဒ်မှာ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားခြင်းပင်ဖြစ်သည်ဟု မိုက်ပွန်ပီအိုက ပြောကြားခဲ့သည်။

ဆွေးနွေးပွဲကို မကြာခင်ပြန်လည်စတင်နိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း မစ္စတာပွန်ပီအိုက ပြောကြားခဲ့သည်။ ယခုလို ပြန်လည်သင့်မြတ်ရေးအတွက် သတင်းစကားမှာ အမေရိကန်သမ္မတ ထရမ့်က စက်တင်ဘာ ၈ ရက်တွင် ပြုလုပ်ရမည့် အစည်းအဝေးကို ဖျက်ခဲ့ပြီးနောက် ပေါ်ပေါက်လာသည့် စကားဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# ပြင်သစ်နိုင်ငံတွင် ယခုနှစ်နွေရာသီအတွင်း အပူလှိုင်းကြောင့် လူ ၁၄၀၀ ကျော် သေဆုံး

**ပါရီ စက်တင်ဘာ ၉**

ပြင်သစ်နိုင်ငံတွင် ယခုနှစ်နွေရာသီအတွင်း အပူလှိုင်း နှစ်ခုဖြစ်ခဲ့ရာ ယင်းနှင့်ဆက်စပ်မှုများကြောင့် လူပေါင်း ၁၄၃၅ ဦး သေဆုံးခဲ့ရသည်ဟု ပြင်သစ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

ယခုနှစ်အတွင်း စံချိန်တင်အပူချိန်မြင့်တက်မှုသည် ပြင်သစ်နိုင်ငံနှင့် ဥရောပအစိတ်အပိုင်းအချို့တွင် ဇွန် ၂၄ ရက်မှ ဇူလိုင် ၇ ရက်အထိ လည်းကောင်း၊ ဇူလိုင် ၂၁ ရက်မှ ၂၇ ရက်အထိလည်းကောင်း ဖြစ်ပေါ်ခဲ့သည်။ အပူလှိုင်းနှစ်ခုဖြတ်စဉ်အတွင်း သေဆုံးမှုများမှာ ပုံမှန်အခြေအနေထက် ၉ ဒသမ ၁ ရာခိုင်နှုန်းမြင့်မားကြောင်း ပြင်သစ်ကျန်းမာရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။



ပြင်သစ်နိုင်ငံတစ်ဝန်းတွင် အပူလှိုင်းကြောင့် ခြောက်သွေ့နေသည်ကို တွေ့ရစဉ်။

ယခုနှစ်အတွင်း ပြင်သစ်နှင့် ဥရောပနိုင်ငံအချို့တွင် စံချိန်တင်အပူချိန်မြင့်တက်မှုနှင့် ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။ ဇွန် ၂၈ ရက်တွင် ပြင်သစ်နိုင်ငံတောင်ပိုင်း၌ အပူချိန်မှာ ၄၅ ဒသမ ၉ ဒီဂရီ ဆဲစီးရပ်စ်အထိရှိခဲ့ကြောင်း ပြင်သစ်အမျိုးသားရာသီဥတုဌာနမှ သိရသည်။

ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုကြောင့် အပူချိန်မြင့်မားမှု ပိုမိုဖြစ်ပေါ်လာမည်ကို ရာသီဥတုပညာရှင်များက စိုးရိမ်ကြသည်။ အပူချိန်မြင့်တက်လာမှုကို ကမ္ဘာ့တိုက်ကြီးများတွင် ကိုင်တွယ်ဖြေရှင်းနိုင်ခြင်းမရှိပေ။ အပူချိန်မြင့်မားမှုကြောင့် ပြည်သူ့သယ်ယူပို့ဆောင်ရေး လုပ်ငန်းများမှာလည်း ရပ်တန့်သွားနိုင်သည်။

သက်ကြီးရွယ်အိုများမှာ အပူဒဏ်ကို ခံစားရမှုအများဆုံးပင်ဖြစ်သည်။ နွေရာသီအတွင်း အပူရှိန် မြင့်တက်မှုနှင့်ဆက်စပ်ပြီး သေဆုံးခဲ့သူလူပေါင်း ၉၇၄ ဦးမှာ အသက် ၇၅ နှစ်နှင့်အထက် လူများဖြစ်ကြောင်း၊ လူ ၁၀ ဦးမှာ အလုပ်လုပ်ကိုင်နေစဉ် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

အလုပ်လုပ်ရင်းသေဆုံးသူ ၁၀ ဦး အနက် ရှစ်ဦးမှာ ပထမအပူလှိုင်းဖြတ်စဉ် သေဆုံးခဲ့ခြင်းဖြစ်ပြီး နှစ်ဦးမှာ ဒုတိယအပူလှိုင်းဖြတ်စဉ် သေဆုံးခဲ့ခြင်းဖြစ်သည်။ အများစုမှာ အပြင်ဘက်တွင် အလုပ်လုပ်ကိုင်နေစဉ် သေဆုံးခဲ့ခြင်းဖြစ်သည်။ ပြင်သစ်နိုင်ငံတွင် ယခုလို ကြောက်မက်ဖွယ်ကောင်းသည့် အပူလှိုင်းမျိုး ယခင်ကလည်း ကြုံတွေ့ခဲ့ဖူးသည်။ ၂၀၁၅ ခုနှစ်နှင့် ၂၀၁၈ ခုနှစ် နွေရာသီတို့တွင် အပူချိန်မြင့်တက်မှုကြောင့် သေဆုံးနှုန်းမှာ ၁၀ ဒသမ ၁ ရာခိုင်နှုန်းနှင့် ၁၅ ရာခိုင်နှုန်း အသီးသီးရှိခဲ့ကြသည်ဟု ကျန်းမာရေး ဝန်ကြီးဌာနက ပြောသည်။

**စီအင်န်အင်န်**

# ဆီးရီးယားအရှေ့ပိုင်း လေကြောင်းတိုက်ခိုက်မှုအတွင်း အစိုးရကိုထောက်ခံသည့် တိုက်ခိုက်ရေးအဖွဲ့ဝင် ၁၈ ဦးကျဆုံး

**ဒမတ်စကတ် စက်တင်ဘာ ၉**

အီရတ်နယ်စပ်အနီးရှိ ဆီးရီးယားအရှေ့ပိုင်း ဒါအယ်လ်ဇိုာ အစွန်အဖျား ဧရိယာအနီး တစ်ဝိုက်နှင့် အယ်လ်ဘူကာမယ်လ် မြို့တွင်းရှိ အီရန်ကဆောင်ရွက်နေသည့် စစ်အခြေစိုက်စခန်းနှင့် လက်နက်သိုလှောင်ရုံများကို စစ်လေယာဉ်အချို့က လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ရာ အစိုးရကိုထောက်ခံသည့် တိုက်ခိုက်ရေးအဖွဲ့ဝင် ၁၈ ဦးကျဆုံးခဲ့ကြောင်း သိရသည်။

### သေဆုံးသူအရေအတွက် မြင့်တက်လာ

ဗြိတိန်အခြေစိုက် လူ့အခွင့်အရေး လေ့လာစောင့်ကြည့်မှုအဖွဲ့က ဒဏ်ရာပြင်းထန်သူများရှိနေသည့်အတွက် သေဆုံးသူအရေအတွက် မြင့်တက်လာနိုင်သေးကြောင်း ပြောကြားခဲ့သည်။ စစ်လေယာဉ်များမှာ မည်သည့်အဖွဲ့အစည်းမှဖြစ်ကြောင်းကို မသိရှိရသေးပေ။

### ပစ်ချခဲ့

၂၀၁၈ ခုနှစ် ဇွန်လအတွင်းက အယ်လ်ဘူကာမယ်လ်အနီးတွင် အစ္စရေးတို့၏ လေကြောင်း တိုက်ခိုက်မှုကြောင့် အီရန်နိုင်ငံသားများနှင့် အီရန်ထောက်ခံသည့် တိုက်ခိုက်ရေးအဖွဲ့ဝင် ၅၅ ဦးကျဆုံးခဲ့ရသည်။ လက်ဘနွန်ရှိ ဟစ်ဇဘိုလာအဖွဲ့သည် လက်ဘနွန်တောင်ပိုင်းကောင်းကင်ပေါ် ပျံသန်းနေသည့် အစ္စရေးဒရုန်းယာဉ်တစ်စင်း လက်ဘနွန်တောင်ပိုင်း ရာမက်မြို့ဆီသို့ နယ်စပ်ဖြတ်ကျော်လာပြီးနောက်တွင် အဆိုပါဒရုန်းယာဉ်ကို ရက်အစောပိုင်းက ပစ်ချခဲ့ကြောင်း ကြေညာလိုက်သည်။

အစ္စရေးသည် အီရန်ကို မဟာရန်သူအဖြစ် သတ်မှတ်ထားပြီး အီရန်တို့၏ တည်နေရာများနှင့် ဟစ်ဇဘိုလာအဖွဲ့ဆီသို့သွားမည့် ယာဉ်တန်းများကို ပစ်မှတ်ထားလျက် ဆီးရီးယား၌ လေကြောင်းတိုက်ခိုက်မှုများ ရာနှင့်ချီ ပြုလုပ်ခဲ့သည်။

**ဆင်ဟွာ**

# ဆူဒန်သမ္မတ နန်းတော်တွင် ဒေါ်လာသန်းနှင့်ချီ၍ ဝှက်ထားကြောင်း မျက်မြင်သက်သေတစ်ဦးပြော

**ခါတွန် စက်တင်ဘာ ၉**

ဆူဒန်နိုင်ငံမှ ဖြုတ်ချခံထားရသည့် သမ္မတ အိုမာအယ်ဘတ်ရှီရာတစ်ဦးသာ ဆူဒန်သမ္မတ နန်းတော်အတွင်းရှိ ဒေါ်လာသန်းနှင့်ချီ၍ ဝှက်ထားသည့် အခန်းသို့ ဝင်ရောက်နိုင်သည်ဟု မျက်မြင်သက်သေတစ်ဦးက ပြောသည်။

သမ္မတဟောင်း အိုမာအယ်ဘတ်ရှီရာကို တရားရုံး၌ နောက်ဆုံးကြားနာစစ်ဆေးစဉ် သမ္မတရုံးအဖွဲ့ခေါင်းဆောင်ဟောင်းတစ်ဦးက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။ အဆိုပါမျက်မြင်သက်သေကငင်းသည် အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၈ သန်းကို အဖွဲ့အစည်းများသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း၊ ခါတွန်မြို့ရှိ အာဖရိကအပြည်ပြည်ဆိုင်ရာ တက္ကသိုလ်နှင့် အထောက်အကူပြုရေး တပ်ဖွဲ့အကြီးအကဲတို့ထံ လွှဲပြောင်းပေးခဲ့ကြောင်း ပြောကြားခဲ့သည်။

ဧပြီလအတွင်းက ဖြုတ်ချခံခဲ့ရသည့် သမ္မတဟောင်း ဘတ်ရှီရာသည် အကျင့်ပျက်ခြစားမှုများ၊ နိုင်ငံခြားငွေ တရားမဝင် ပိုင်ဆိုင်မှုများဖြင့် တရားစွဲဆိုခံထားရသည်။ ယခုအခါ ၎င်းကို နာမည်ဆိုးဖြင့် ကျော်ကြားသည့် ခါတွန်အကျဉ်းထောင်၌ ဖမ်းဆီးခံထားရသည်။



တရားရင်ဆိုင်နေရသည့် ဆူဒန်သမ္မတ အိုမာအယ်ဘတ်ရှီရာ

ဒေါ်လာသန်းနှင့်ချီ၍ ဝှက်ထားသည့်အခန်းသော့ကို သမ္မတဟောင်း ဘတ်ရှီရာ တစ်ဦးသာသိကြောင်း၊ ၎င်း၏ တာဝန်မှာ သမ္မတဟောင်းခိုင်းသည့်အတိုင်း ပိုက်ဆံများကိုအခန်းအတွင်း ထည့်ထားရန်သာဖြစ်ကြောင်း ၂၀၁၅ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ သမ္မတရုံးတွင် တာဝန်ထမ်းဆောင်ခဲ့သူ ဗိုလ်ချုပ် ယက်စီရာဘတ်ရှီရာက ပြောသည်။

ဒုတိယမျက်မြင်သက်သေ တစ်ဦးဖြစ်သည့် တက္ကသိုလ်မှ စာရင်းကိုင်တစ်ဦးကလည်း ယူရို ၄ ဒသမ ၅ သန်း လက်ခံရရှိခဲ့သည်ဟု ထွက်ဆိုခဲ့သည်။ အဆိုပါငွေများမှာ သမ္မတထံမှ လက်ခံရရှိခဲ့သည့် ထောက်ပံ့ငွေများဟု ၎င်းက အတည်ပြုပြောကြားခဲ့သည်။

**စီအင်န်အင်န်**

# ဖိအားပေးခံခဲ့ရတာတွေအတွက် တစ်ဆင့်ချင်းတုံ့ပြန်နေတဲ့ အီရန်

**ကလျာမိုးမြင့်**

**အီရန်ရဲ့နျူကလီးယားစွမ်းအင်အေဂျင်စီအကြီးအကဲဖြစ်တဲ့ အလီအက်ကဘာဆာလီဟီက ဥရောပအင်အားကြီးနိုင်ငံတွေဟာ ၎င်းတို့ပေးထားတဲ့ကတိတွေကို ပျက်ကွက်ခဲ့တဲ့အတွက် အီရန်အနေနဲ့ ရွေးချယ်စရာမရှိတဲ့အခြေအနေကို ကျရောက်ခဲ့ရတယ်လို့ ယခုရက်ပိုင်းအတွင်းမှာ ဥရောပနိုင်ငံတွေအပေါ် အပြစ်တင်စကားဆိုခဲ့ပြီး ဒီလိုတွေဖြစ်ပြီးနောက် အီရန်အနေနဲ့လည်း နျူကလီးယားသဘောတူညီချက်အရ ပေးအပ်ထားတဲ့ ကတိကဝတ်တွေအတိုင်း လိုက်နာဆောင်ရွက်နေတာတွေကို တဖြည်းဖြည်းနောက်ဆုတ်သွားတော့မယ်လို့ ပြောကြားခဲ့ပါတယ်။**



တီဟီရန်၌ အိုင်အေအီးအေမှ တာဝန်ရှိသူများနှင့် အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးခဲ့ကြစဉ်။

### စာချုပ်ကိုထိုးနှက်

တီဟီရန်မြို့ကို တစ်ရက်တာခရီးစဉ်ရောက်ရှိနေတဲ့ နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီအကြီးအကဲ ကော်နယ်ဖီရူတာနဲ့ အတူရှိနေစဉ်အတွင်း အလီအက်ကဘာဆာလီဟီက သတင်းထောက်တွေရဲ့မေးမြန်းမှုကို အခုလိုဖြေကြားလိုက်တာဖြစ်ပါတယ်။ သမိုင်းဝင် နျူကလီးယားသဘောတူစာချုပ်ကို ထိုးနှက်လိုက်တဲ့အနေနဲ့ ယူရေနီယံသန့်စင်မှုကို ပိုမိုမြန်ဆန်တဲ့နှုန်းနဲ့ ကန့်သတ်ပမာဏကျော်လွန် ထုတ်လုပ်ဖို့ အရှိန်မြှင့်လုပ်ဆောင်နေတယ်လို့ အီရန်က ပြောကြားလိုက်ပြီးတဲ့နောက်မှာ အိုင်အေအီးအေအကြီးအကဲ ကော်နယ်ဖီရူတာရဲ့အီရန်ခရီးစဉ် ပေါ်ထွက်လာခဲ့တာပါ။

### သုံးခုမြောက်ခြေလှမ်း

ဒီအစီအစဉ်ဟာဆိုရင် အမေရိကန်ဆီကနေ အဆက်မပြတ်ကျရောက်လာနေတဲ့ ပိတ်ဆို့မှုနဲ့ ဖိအားတွေကနေ သက်သာရာရစေဖို့အတွက် နျူကလီးယားသဘောတူစာချုပ်မှာ ပါဝင်ကြတဲ့ကျန်အဖွဲ့အစည်းတွေဆီက ကတိကဝတ်တွေပေးအပ်လာဖို့ ကြိုးပမ်းနေတဲ့အီရန်က မေလအတွင်းမှာ အကောင်အထည်ဖော်ခဲ့တဲ့ နည်းဗျူဟာရဲ့ သုံးခုမြောက်ခြေလှမ်းအဖြစ်နဲ့ မြင်တွေ့လာရပါတယ်။

နျူကလီးယားသဘောတူစာချုပ်ကနေ ပြီးခဲ့တဲ့နှစ်မှာ အမေရိကန်နုတ်ထွက်သွားပြီး အီရန်အပေါ် အပြစ်ပေးအရေးယူတဲ့ ပိတ်ဆို့မှုတွေကို စတင်ချမှတ်လာတဲ့အချိန်မှာ ဗြိတိန်၊ပြင်သစ်နဲ့ ဂျာမနီနိုင်ငံတွေက နျူကလီးယားသဘောတူစာချုပ်ကို ဆက်လက်ထိန်းသိမ်းဖို့ ကြိုးစားခဲ့ကြပါတယ်။ ထွက်သွားတဲ့ အမေရိကန်နေရာမှာ ဥရောပသမဂ္ဂ အစားထိုးဝင်ရောက်လာတယ်လို့ ယူဆခဲ့ပေမယ့် မျှော်လင့်ထားသလို ဖြစ်မလာခဲ့ဘဲ ဥရောပနိုင်ငံတွေဟာ ၎င်းတို့ရဲ့တာဝန်တွေကို ပျက်ကွက်ခဲ့တယ်လို့ ဆာလီဟီက သတင်းထောက်တွေကိုပြောကြားခဲ့ပါတယ်။

### ကတိတွေဖောက်ဖျက်ခဲ့

နျူကလီးယားသဘောတူညီချက်ပါ ကတိကဝတ်တွေကို အီရန်က လိုက်နာစောင့်ထိန်းနေသမျှ ကာလပတ်လုံး ဥရောပနိုင်ငံတွေကလည်း လိုက်နာစောင့်ထိန်းမှာဖြစ်တယ်လို့ ဥရောပသမဂ္ဂပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့တာကို ကျွန်ုပ်တို့ကြားခဲ့ရတယ်။ ဒီတော့ကျွန်ုပ်သိချင်တာက ၎င်းတို့ဟာ ဘာတစ်ခုမှ မလိုက်နာဖို့ ကတိပေးခဲ့တာလား၊ ဒါမှမဟုတ် ကတိတွေဖောက်ဖျက်ဖို့ ကတိပေးခဲ့တာလား၊ ဥရောပနိုင်ငံသားတွေဟာ မကြာသေးခင်ကပဲ ဒီလိုလုပ်ခဲ့ကြပြီလို့ ၎င်းက ပြောကြားလိုက်ပါတယ်။

### တစ်လမ်းသွားပုံစံ

အီရန်အဏုမြူစွမ်းအင်အေဂျင်စီ အကြီးအကဲက နျူကလီးယားသဘောတူစာချုပ် (JCPOA) ဟာ အခုအချိန်မှာ တစ်လမ်းသွားပုံစံတစ်ခုသာ ဖြစ်တယ်လို့ မှတ်ချက်ချခဲ့ပါတယ်။ စာချုပ်ကို နှစ်လမ်းသွားပုံစံအဖြစ် ယူဆခဲ့ပေမယ့် ဒီလိုဖြစ်မလာခဲ့ဘူး။ ဒီတော့ အီရန်နိုင်ငံအနေနဲ့က အခုလုပ်ဆောင်ခဲ့ပြီးတဲ့ ခြေလှမ်းအဆင့်သုံးခုနဲ့အတူ မှန်ကန်သင့်လျော်တဲ့အချိန်အခါတစ်ခုမှာ မှန်ကန်တဲ့ ဆုံးဖြတ်ချက်ကို အတိအကျ ချမှတ်တော့မှာဖြစ်တယ်လို့ ဆာလီဟီက ဆိုပါတယ်။

တီဟီရန်ကို ခရီးစဉ်ရောက်ရှိနေစဉ်အတွင်း ဖီရူတာဟာ အီရန်က လုပ်ဆောင်နေတဲ့ သုတေသနဆောင်ရွက်မှုနဲ့၊ ဖွံ့ဖြိုးတိုးတက်မှုနဲ့ဆက်စပ်နေတဲ့ လှုပ်ရှားမှုတွေကိုကြေညာခဲ့တာနဲ့ပတ်သက်ပြီးတော့လည်း အသိပေးအကြောင်းကြားမှုကို ရရှိခဲ့ပြီးဖြစ်တယ်လို့ ဗီယင်နာအခြေစိုက် နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီက ဖော်ပြထားပါတယ်။

### အီရန်ရဲ့ပူးပေါင်းမှုလိုအပ်

ကုလသမဂ္ဂ အဏုမြူစောင့်ကြည့်အဖွဲ့ကတော့ လက်ရှိဖြစ်နေတဲ့ အပြန်အလှန်တုံ့ပြန်ဆောင်ရွက်မှုတွေမှာ အီရန်ရဲ့အချိန်နဲ့တစ်ပြေးညီ ပြည့်ပြည့်ဝဝပူးပေါင်းဆောင်ရွက်မှု လိုအပ်တယ်လို့ ပြောကြားခဲ့ပြီး ဒီကိစ္စမှာ သတင်းအချက်အလက်မျှဝေမှုနဲ့ပတ်သက်ပြီး စိုးရိမ်စရာအခြေအနေတွေရှိလာနိုင်တဲ့အကြောင်း သံအမတ်ကြီးတွေက စောင်းပါးရိပ်ခြည်ဖော်ပြခဲ့ကြပါတယ်။ ဩဂုတ် ၃၀ ရက်က ဖော်ပြခဲ့တဲ့အစီရင်ခံစာထဲမှာ နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီက သဘောတူညီမှုကို လိုက်နာခြင်းရှိမရှိ တည်နေရာစုံစမ်းစစ်ဆေးမှုတွေနဲ့ ကင်မရာတွေကတစ်ဆင့် ဆက်လက်ပြီး စစ်ဆေးနေတယ်လို့ ဖော်ပြထားပါတယ်။

### စာချုပ်ကို သွေဖည်တဲ့ခြေလှမ်းတွေရပ်ဖို့လို

နျူကလီးယားသဘောတူစာချုပ်ကို ဆက်လက်ထိန်းသိမ်းနိုင်ရေး ဥရောပနိုင်ငံတွေရဲ့ ကြိုးပမ်းမှုကို ဦးဆောင်နေတဲ့ ပြင်သစ်နိုင်ငံက အီရန်အနေနဲ့ စာချုပ်ကိုသွေဖည်တဲ့ ခြေလှမ်းတွေကို ရပ်လိုက်ဖို့ ပြီးခဲ့တဲ့ရက်ပိုင်းအတွင်း အီရန်ကို တိုက်တွန်းခဲ့ပါတယ်။ စကားပြောဆိုဆွေးနွေးနိုင်မယ့် လမ်းကြောင်းမှန်သမျှကို ယနေ့အချိန်အထိ ဖွင့်ထားဆဲဖြစ်တယ်။ ဒါပေမယ့် အီရန်က စာချုပ်နဲ့မညီတဲ့ လုပ်ဆောင်ချက်တွေကိုတော့ စွန့်လွှတ်ရလိမ့်မယ်လို့ နိုင်ငံခြားရေးဝန်ကြီး ဂျိန်းဗက်စ်လီဒရီယန်က ပြောကြားခဲ့ပါတယ်။

### အပြန်အလှန်ဆွေးနွေး

ပျက်ပြယ်လုနီးနီးဖြစ်နေတဲ့ သဘောတူစာချုပ်ဟာ အီရန်ရဲ့ နျူကလီးယားအစီအစဉ်အပေါ် ထိန်းချုပ်မှုတွေအတွက် အပြန်အလှန်အနေနဲ့ အရေးယူပိတ်ဆို့မှုတွေကနေ သက်သာရာရစေဖို့ဆိုတဲ့ ရည်ရွယ်တဲ့ သဘောတူညီမှုဖြစ်ပါတယ်။ ပြင်သစ်သမ္မတ အီမန်နျူရယ်လ် မက်ခရွန်နဲ့ ၎င်းရဲ့မိတ်ဖက် ရုရှားသမ္မတဗလာဒီမာပူတင်တို့ဟာ စက်တင်ဘာ ၈ ရက်က တယ်လီဖုန်းနဲ့ဆက်သွယ်ပြီး အပြန်အလှန်ဆွေးနွေးမှုတွေပြုလုပ်ခဲ့ကြတယ်လို့ သိရပါတယ်။

သဘောတူစာချုပ်ကို ထိန်းသိမ်းဖို့ စိတ်ဝင်စားတဲ့ သက်ဆိုင်ရာအဖွဲ့အစည်းတွေအားလုံးက စုစည်းညီညွတ်စွာ အားထုတ်ဆောင်ရွက်ကြဖို့ ခေါင်းဆောင်နှစ်ဦးက အလေးပေးဆွေးနွေးခဲ့တာဖြစ်သလို စာချုပ်ကိုအပြည့်အဝလိုက်နာဖို့ကိုလည်း လိုလားနေတယ်လို့ ကရင်မလင်နန်းတော်ရဲ့ ထုတ်ပြန်ချက်မှာပါရှိပါတယ်။

### ကန့်သတ်ချက်ကို ကျော်လွန်

နျူကလီးယားသဘောတူစာချုပ်ကနေ အမေရိကန်နုတ်ထွက်လိုက်တဲ့ ၂၀၁၈ ခုနှစ်မေလကစပြီး အီရန်ဟာ စာချုပ်ပါကတိကဝတ်တွေကို လိုက်နာဆောင်ရွက်ပြီးနေလာသမျှကို လျှော့ချသွားဖို့ တုံ့ပြန်တဲ့ခြေလှမ်းတွေကို ဆက်တိုက်ဆိုသလို လှမ်းလာခဲ့တာပါ။

ဇူလိုင် ၁ ရက်မှာတော့ သဘောတူညီချက်ထဲမှာပါတဲ့ ယူရေနီယံထုတ်လုပ်မှုကန့်သတ်ပမာဏ ၃၀၀ ကီလိုဂရမ်ကိုကျော်လွန်ပြီး ယူရေနီယံထုတ်လုပ်မှုကို တိုးမြှင့်လိုက်ပါတယ်။ နောက်ပိုင်းမှာ အီရန်က ယူရေနီယံပမာဏကို ၃ ဒသမ ၇ ရာခိုင်နှုန်းထက် ကျော်လွန်ထုတ်လုပ်လိုက်ပြီဖြစ်ကြောင်း လူသိရှင်ကြားကြေညာခဲ့ပါတယ်။

### စောင့်ကြည့်ခွင့်ပြုမယ်

စာချုပ်ပါစည်းကမ်းတွေလိုက်နာမှုကို တဖြည်းဖြည်းနဲ့ လျှော့ချမှုတွေလုပ်ဆောင်နေသော်ငြားလည်းပဲ အီရန်အဏုမြူစွမ်းအင်အေဂျင်စီက အီရန်ဟာ ၂၀၁၅ သဘောတူညီချက်နဲ့အညီ ၎င်းရဲ့နျူကလီးယားဆိုင်ရာ အဆောက်အအုံတွေကို နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီက စောင့်ကြည့်စစ်ဆေးမှုတွေ ပြုလုပ်ခွင့်ကိုတော့ ဆက်ပေးနေဦးမှာဖြစ်တယ်လို့ ဆိုထားပြန်ပါတယ်။

နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီအကြီးအကဲ ဖီရူတာဟာ အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက် ဂျာဗက်ဇာရစ်ဖ်နဲ့လည်း စက်တင်ဘာ ၈ ရက်က စကားပြောဆိုဆွေးနွေးမှုတွေ လုပ်ဆောင်ခဲ့ပါတယ်။ အီရန်နျူကလီးယားအရေးမှာ အီရန်က ဘယ်လိုခြေလှမ်းမျိုးတွေ ဆက်လှမ်းလာဦးမလဲဆိုတာကို မသိနိုင်သေးတဲ့အတွက် အိုင်အေအီးအေအနေနဲ့ကတော့ ဆက်လက်စောင့်ကြည့်နေဆဲပါပဲ။ ။

**ကိုးကား- အေအက်ဖ်ပီ**

---

## နိုင်ငံတကာသတင်းတိုထွာ

### အမေရိကန်နှင့်ဖြစ်ပွားနေသည့် ကုန်သွယ်ရေးစစ်ပွဲကြောင့် တရုတ်တင်ပို့ကုန်ကျဆင်းမှုဖြစ်ပေါ်

**ပေကျင်း စက်တင်ဘာ ၉**

တရုတ်နှင့် အမေရိကန် နှစ်နိုင်ငံကုန်သွယ်ရေးစစ်ပွဲဖြစ်ပွားမှုကြောင့် ဖြစ်ပေါ်လာသည့်အကျိုးဆက်တစ်ခုအနေဖြင့် ဩဂုတ်လအတွင်း အမေရိကန်နိုင်ငံသို့ သင်္ဘောဖြင့် ကုန်စည်ပို့ဆောင်မှုများ လျော့ကျလာသကဲ့သို့ တရုတ်နိုင်ငံ၏ တင်ပို့ကုန်များလည်း ကျဆင်းခဲ့ကြောင်းသိရသည်။

စီးပွားရေး အရှိန်အဟုန်လျော့ကျမှုကို ထိန်းချုပ်နိုင်ရန်အတွက် တရုတ်နိုင်ငံသည် အထောက်အကူပြုစေမည့် ဆောင်ရွက်ချက်များကို မကြာမီ ကြေညာလာနိုင်ဖွယ်ရှိသည်ဟု ခန့်မှန်းရသည်။ ယင်းဆောင်ရွက်မှုများအနက် အဓိကကျသည့် ချေးငွေအတိုးနှုန်းများကို လေးနှစ်အတွင်း ပထမဆုံးအကြိမ် လျှော့ချမည့်အစီအစဉ်လည်းပါဝင်သည်ဟုဆိုသည်။

ကမ္ဘာ့ဒုတိယစီးပွားရေးအင်အားကြီး နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံမှ ဩဂုတ်လတင်ပို့ကုန်များသည် ယခင်နှစ်အစောပိုင်းကာလနှင့်စာလျှင် ၁ ရာခိုင်နှုန်းကျဆင်းသွားခဲ့ပြီး ဇွန်လမှစတင်ကာ အများဆုံးကျဆင်းခဲ့ကြောင်းသိရသည်။ **အေအက်ဖ်ပီ**

### ကူဝိတ်စော်ဘွားဆေးကုသမှုပြုလုပ်နေ၍ အမေရိကန်-ကူဝိတ် အစည်းအဝေးပွဲ ရွှေ့ဆိုင်း

**ကူဝိတ်စီးတီး စက်တင်ဘာ ၉**

ကူဝိတ်စော်ဘွား ရှိတ်ခ် ဆာဘတ်အယ် အာမက်အယ်ဂျာဘာ အယ်ဆာဘတ်နှင့် အမေရိကန် သမ္မတ ဒေါ်နယ်ထရမ့်တို့ကြား အစည်းအဝေးပြုလုပ်ရန် စီစဉ်ထားသော်လည်း ကူဝိတ်စော်ဘွားသည် အမေရိကန်ပြည်ထောင်စုတွင် ဆေးစစ်မှုပြုလုပ်ရန် ဆေးရုံတက်ရောက်နေသည့်အတွက် အစည်းအဝေးကို ရွှေ့ဆိုင်းလိုက်ကြောင်း ကူဝိတ်သတင်းအေဂျင်စီက စက်တင်ဘာ ၈ ရက်တွင် ပြောကြားခဲ့သည်။

ဆေးရုံတက်နေရ၍ အမေရိကန်သမ္မတနှင့် တွေ့ဆုံဆွေးနွေးပွဲကို ရွှေ့ဆိုင်းလိုက်ပြီး မကြာမီရက်များအတွင်း တွေ့ဆုံမည့်ရက်ကို ပြန်လည်သတ်မှတ်လိမ့်မည်ဟု သိရသည်။ စက်တင်ဘာ ၂ ရက်တွင် ကူဝိတ်စော်ဘွားသည် အမေရိကန်ပြည်ထောင်စုသို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။

စက်တင်ဘာ ၁၂ ရက်တွင် အမေရိကန်သမ္မတ ထရမ့်နှင့် အိမ်ဖြူတော်၌ တွေ့ဆုံဆွေးနွေးမှုပြုလုပ်မည်ဟု သတ်မှတ်ထားခဲ့သည်။ ပင်လယ်ကွေ့ဒေသတွင် အမေရိကန်နှင့် အီရန်တို့ကြား ဆက်ဆံရေးတင်းမာမှုများဖြစ်ပေါ်နေချိန် ကူဝိတ်စော်ဘွားသည် အမေရိကန်သို့ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ ကူဝိတ်နိုင်ငံသည် ဒေသတွင်းငြိမ်းချမ်းရေးအတွက် ကူညီဆောင်ရွက်သွားမည်ဟု ကတိပြုထားသည်။

**အင်န်အိတ်ချ်ကေ**

# တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် ကျောင်းပြင်ပမူလတန်းပညာရေးဆောင်ရွက်နေမှုများ ရှင်းလင်းပွဲတက်ရောက်

**မုံရွာ စက်တင်ဘာ ၉**

၂၀၁၉-၂၀၂၀ ပညာသင်နှစ် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ငါးမြို့နယ်တွင် ကျောင်းပြင်ပ မူလတန်းပညာရေး ဆောင်ရွက်နေမှုများ ရှင်းလင်းပွဲနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် တက်ရောက်သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုရေးဝန်ကြီးက လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်လုံး အကြားအလပ်မရှိ အားလုံးသင်ယူနိုင်ခွင့်ရရှိစေရန် နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်မှုအရ ပညာရေးဝန်ကြီးဌာနမှ ကျောင်းပြင်ပ မူလတန်းပညာရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းလုံးဝမနေခဲ့ရသူများ၊ မူလတန်းပညာမပြီးဆုံးမီ ကျောင်းထွက်ခဲ့ရသူများကို ပညာသင်ယူရေးအခွင့်အလမ်းသတ်မှတ်ပေးပြီး မူလတန်းပညာပြီးမြောက်အောင် သင်ယူနိုင်ရေးနှင့် အလယ်တန်း၊ အထက်တန်းအထိ တက်ရောက်နိုင်ကာ သက်မွေးနှင့် အဆင့်မြင့်ပညာများ ဆက်လက်သင်ယူနိုင်ရေးအထိ ရည်ရွယ်ကြောင်း၊ တိုင်းဒေသကြီးအနေဖြင့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် မုံရွာ၊ ဆားလင်းကြီး၊ တန့်ဆည်၊ ကောလင်းနှင့် ကလေးမြို့နယ်တို့၌ သင်ကြားရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြို့နယ်အဆင့် ကြီးကြပ်မှုကော်မတီကလည်း ကျောင်းပြင်ပမူလတန်း ပညာရေးအကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ လုပ်ငန်းများအဆင်ပြေချောမွေ့အောင် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စေလိုကြောင်း၊ ကျောင်းပြင်ပပညာရေးလုပ်ငန်း ဆောင်ရွက်နေသော မြို့နယ်များရှိ ကျောင်းသား ကျောင်းသူများအတွက် အလှူရှင် AGEG Co.,Ltd နှင့် ကျောင်းပြင်ပမူလတန်းပညာရေးအစီအစဉ် ဖြစ်ထွန်းပေါ်ပေါက်အောင် ဆောင်ရွက်ပေးကြသော တိုင်းဒေသကြီး ပညာရေးမှူးမှ တာဝန်ရှိသူများကို ကျေးဇူးတင်ကြောင်း အမှာစကား ပြောကြားသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးအတွင်း မြို့နယ် ငါးမြို့နယ်၌ ဆောင်ရွက်လျက်ရှိသော ကျောင်းပြင်ပ မူလတန်းပညာရေးကိစ္စ ဆောင်ရွက်ထားရှိမှုအခြေအနေများအား သက်ဆိုင်ရာ (မုံရွာ၊ ဆားလင်းကြီး၊ တန့်ဆည်၊ ကောလင်း၊ ကလေး) စသည့် မြို့နယ်အုပ်ချုပ်ရေးမှူးများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် လွှတ်တော်ဥက္ကဋ္ဌ ဦးသန်းတို့က ကျောင်းပြင်ပမူလတန်းပညာရေး သင်တန်းသားများအတွက် ထောက်ပံ့ပစ္စည်းများကိုပေးအပ်ရာ သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးများက လက်ခံယူခဲ့သည်။

ယနေ့ အခမ်းအနားသည် ၂၀၁၉-၂၀၂၀ ပညာသင်နှစ် တိုင်းဒေသကြီးအတွင်း ကျောင်းပြင်ပမူလတန်းပညာရေးကို မြို့နယ်ငါးမြို့နယ် (မုံရွာ၊ ဆားလင်းကြီး၊ တန့်ဆည်၊ ကောလင်း၊ ကလေး) ကျောင်းသား ၂၇၁ ဦး၊ ကျောင်းသူ ၂၃၉ ဦးဖြင့် ကျောင်းချိန်ပြင်ပသင်ကြားရေးလုပ်ငန်းများကိုအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အဆိုပါ ကျောင်းသား ကျောင်းသူများအတွက် တစ်ဦးလျှင် ကျောင်းဝတ်စုံတစ်ရုပ် နှစ်စုံစီနှင့် ဗလာစအုပ်၊ ခဲတံ၊ ခဲဖျက်၊ ပေတံ၊ ဘောပင် စသည့်စာရေး ကိရိယာများကို Asia Great Economic Group Co.,Ltd မှ ငွေကျပ်သိန်း ၄၀ ကျော် အကုန်ကျခံထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**



တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် ကျောင်းပြင်ပမူလတန်းပညာရေး သင်တန်းသားများအတွက် ထောက်ပံ့ပစ္စည်းများကို မြို့နယ်အုပ်ချုပ်ရေးမှူးအား ပေးအပ်စဉ်။

# ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို လွိုင်ကော်မြို့နယ် လူငယ်ရေးရာကော်မတီဖွဲ့စည်းနိုင်ရေးနှင့် လူငယ်မူဝါဒ ထပ်ဆင့်ရှင်းလင်းပွဲတက်ရောက်

**လွိုင်ကော် စက်တင်ဘာ ၉**

လူငယ်များသည် နိုင်ငံ၏အနာဂတ်ဖြစ်ပြီး လူငယ်များအနေဖြင့် နိုင်ငံ့သားကောင်းများအဖြစ် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကျိုးပြုကဏ္ဍများတွင် ပါဝင်လာစေရေးအတွက် ရည်ရွယ်၍ လွိုင်ကော်မြို့နယ် လူငယ်ရေးရာ ကော်မတီဖွဲ့စည်းနိုင်ရေးနှင့် လူငယ်မူဝါဒထပ်ဆင့်ရှင်းလင်းပွဲ အခမ်းအနားကို ယမန်နေ့က လွိုင်ကော်မြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက လူငယ်ဆိုသည်မှာ နိုင်ငံ၏ သားကောင်း၊ သမီးကောင်းရတနာများပင်ဖြစ်ကြောင်း၊ ယင်းသို့ တင်စားခြင်းသည် လူငယ်များကို တန်ဖိုးထားအသိအမှတ်ပြုခြင်းကြောင့်ဖြစ်ကြောင်း၊ လူငယ်များအနေဖြင့် တန်ဖိုးထားသည့်ဂုဏ်နှင့် ညီညွတ်သည့် ကြံ့စည်တွေးတောခြင်းဖြင့် နိုင်ငံ့အတွက် အဖိုးတန်သည့် နိုင်ငံ့တာဝန်ကို ပခုံးပြောင်းယူနိုင်သည့် လူငယ်များဖြစ်အောင် ကြိုးပမ်းရန်လိုကြောင်း၊ နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်ကလည်း လူငယ်များကို နေရာပေးအသိအမှတ်ပြုရန် အစဉ်ပြောကြားလျက်ရှိကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် လူငယ်ကော်မတီများ ဖွဲ့စည်း၍ လူငယ်ရေးရာမူဝါဒများကို ဖော်ဆောင်နိုင်ရေးအတွက် ပံ့ပိုးကူညီပေးရန် ညွှန်ကြားထားပြီးဖြစ်ကြောင်း၊ လူငယ်များသည် ပြည်နယ်အစိုးရနှင့် အသင်းအဖွဲ့များနှင့် ချိတ်ဆက်၍ ၎င်းတို့၏အားများကို ယူတတ်ကြရန်လိုကြောင်း၊ ပြည်နယ်အစိုးရသည် လိုအပ်သောပံ့ပိုးမှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့် လိုအပ်သည်များကို တင်ပြပေးစေလိုကြောင်း ပြောကြားခဲ့သည်။



လွိုင်ကော်မြို့နယ် လူငယ်ရေးရာကော်မတီဖွဲ့စည်းနိုင်ရေးနှင့် လူငယ်မူဝါဒ ထပ်ဆင့်ရှင်းလင်းပွဲကျင်းပစဉ်။

ထို့နောက် ပြည်နယ်စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးက ပြည်နယ်လူငယ်ရေးရာ ကော်မတီစတင်ဖွဲ့စည်းဆောင်ရွက်မှုအခြေအနေများ၊ ဖွဲ့စည်းထားရှိမှုများ၊ လူငယ်ရေးရာမူဝါဒများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်းများ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာသူများက လူငယ်မူဝါဒဖြစ်ပေါ်လာပုံအား ရှင်းလင်းတင်ပြခြင်း၊ လူငယ်မူဝါဒရည်မှန်းချက်နှင့် ရည်ရွယ်ချက်များအား ရှင်းလင်းတင်ပြခြင်း၊ ပေါင်းစပ်ညှိနှိုင်းမှု ယန္တရားများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခြင်း၊ အုပ်စုဖွဲ့ဆွေးနွေးခြင်း၊ မြို့နယ်လူငယ်ရေးရာ ကော်မတီဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**လွိုင်ကော်သား**

# ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် (၅၃)နှစ်မြောက် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားတက်ရောက်

**တောင်ကြီး စက်တင်ဘာ ၉**

၂၀၁၉-၂၀၂၀ ပညာသင်နှစ် (၅၃)နှစ်မြောက် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယမန်နေ့က တောင်ကြီးမြို့ အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း စိန်မြင်းမိုရ်ခန်းမ၌ ကျင်းပသည်။

ရှမ်းပြည်နယ် ဝန်ကြီးချုပ်ဒေါက်တာလင်းထွဋ်က နည်းပညာရပ်များ အရှိန်အဟုန် မြင့်မားစွာတိုးတက်နေသည်မှာ စာမတတ်သူများအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်ပြီး လူ့အဖွဲ့အစည်းအတွင်း ရပ်တည်နိုင်ရန်၊ အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်ရန်၊ လူမှုစီးပွားပတ်ဝန်းကျင်ကောင်းများ ဖန်တီးနိုင်ရန်အတွက် အခြေခံအရေး၊ အဖတ်၊ အတွက်အချက် စွမ်းရည်များရှိရုံဖြင့် မလုံလောက်ပါကြောင်း၊ ဝေးလံခက်ခဲသောဒေသရှိ တိုင်းရင်းသား ကလေးလူငယ်များ၏ သင်ယူတတ်မြောက်မှုအတွက်လည်း ကျောင်းပညာရေးနှင့်အတူ တိုင်းရင်းသားဘာသာစာပေများကို တွဲဖက်သင်ပေးခြင်းဖြင့် တတ်မြောက်မှုစွမ်းရည် မြှင့်တင်ပေးလျက်ရှိကြောင်း၊ ကလေးသူငယ်ဘဝတွင် အခြေခံအရေး၊ အဖတ်အတွက် စွမ်းရည်ရရှိနိုင်မည်ဖြစ်ပြီး ထိုမှတစ်ဆင့် လူငယ်ဘဝမှ လုပ်ငန်းခွင်ဝင်ရောက်ရန်၊ ပညာဆက်လက်ဆည်းပူးရန် လေ့လာမှုများ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပညာရေး၏အခြေခံဖြစ်သော စာတတ်မြောက်ရေးလှုပ်ရှားမှုမှတစ်ဆင့် စာတတ်မြောက်ခြင်း၏အကျိုးဆက်ဖြစ်သော ဆင်းရဲနွမ်းပါးမှု လျော့နည်းခြင်း၊ အလုပ်အကိုင်အခွင့်အလမ်း ရရှိခြင်း၊ မိခင်နှင့် ကလေးသူငယ်များ ကျန်းမာရေးအသိများ တိုးပွားခြင်း၊ ခေတ်မီနည်းပညာရပ်များ ဆက်လက်ဆည်းပူးနိုင်ခြင်း၊ ဆန်းသစ်တီထွင် ဖန်တီးနိုင်စွမ်းရှိခြင်း စသည့်အခွင့်အလမ်းကောင်းများရရှိအောင် အားလုံးဝိုင်းဝန်းကြိုးပမ်းကာ လူတိုင်းစာတတ်မြောက်ရေး လုပ်ငန်းများကို သမိုင်းပေးတာဝန်တစ်ရပ်အဖြစ် အလေးအနက် ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ဆက်လက်၍ ယူနက်စကို ညွှန်ကြားရေးမှူးချုပ်၏ နိုင်ငံတကာစာတတ်မြောက်ရေးနေ့သဝဏ်လွှာကို ပြည်နယ်ပညာရေးညွှန်ကြားရေးမှူး ဦးဝင်းမောင်က ဖတ်ကြားပြီး ၂၀၁၉ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးနှင့် ပိုစတာပြိုင်ပွဲ ဆုရရှိသူများကို ဆုချီးမြှင့်ရာ အထက်တန်းဆင့်(စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ)၊ အလယ်တန်းဆင့်(စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ)နှင့် မူလတန်းဆင့်(စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ)များအား ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာ မျိုးထွန်းတို့က ပေးအပ်ခဲ့ကြသည်။ **မောင်မောင်သန်း(တောင်ကြီး)**

# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သီးနှံများအတွက် ထောက်ပံ့ကြေးငွေပေးအပ်ပွဲ တက်ရောက်

**မင်းဘူး စက်တင်ဘာ ၉**

မင်းဘူး(စကု)မြို့နယ်တွင် ၂၀၁၈ ခုနှစ်အတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သီးနှံများအတွက် ထောက်ပံ့ကြေးငွေပေးအပ်ပွဲကို ယမန်နေ့က မင်းဘူးမြို့အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက အမှာစကားပြောကြားခဲ့ပြီး တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေးက ၂၀၁၈ ခုနှစ်အတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သီးနှံများအတွက် ထောက်ပံ့ကြေးငွေပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

မင်းဘူး(စကု)မြို့နယ်တွင် ၂၀၁၈ ခုနှစ်အတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော တောင်သူ ၁၀၈၂၆ ဦး၏ ပျက်စီးသီးနှံဧရိယာပေါင်း ၁၉၇၁၇ ဧကမှ ထောက်ပံ့ကြေးငွေ စုစုပေါင်း ငွေကျပ် ၈၃၈၃ ဒသမ ၇ သိန်း အနက်မှ နှမ်းစပါးနှင့် နှမ်းနှမ်းအတွက် တောင်သူ ၇၉၉၇ ဦး၏ သီးနှံဧရိယာပေါင်း ၁၅၆၃၅ ဧကအတွက် ငွေကျပ် ၈၁၈၀ ဒသမ ၅ သိန်းအား ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မိုးနှမ်းနှင့် ပဲတီစိမ်းသီးနှံများအတွက် ငွေကျပ် ၂၀၃ ဒသမ ၂ သိန်းတို့ကို ဆက်လက် ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာန အစီအစဉ်ဖြင့် ရရှိထားသော ၅၀ ကီလိုဂရမ် ကွန်ပေါင်းဓာတ်မြေဩဇာ အိတ် ၄၂၁၈ အိတ်ကိုလည်း ၅ ဧကလျှင် တစ်အိတ်နှုန်းဖြင့် ဆက်လက်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုးဝင်း(မင်းဘူး)**

# ကချင်ပြည်နယ် ရဝမ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နောင်မွန်းမြို့နယ် ဒေသခံပြည်သူများနှင့် တွေ့ဆုံ

**နောင်မွန်း စက်တင်ဘာ ၉**

ကချင်ပြည်နယ် ပူတာအိုခရိုင် နောင်မွန်းမြို့နယ်တွင် ပြည်နယ်ရဝမ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲအခမ်းအနားကို စက်တင်ဘာ ၇ ရက်တွင် နောင်မွန်းမြို့နယ် လုံမောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ရဝမ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးရန်နမ်းဖုန်က ဒေသတွင်း ပညာရေး၊ ကျန်းမာရေး၊ လုံခြုံရေး၊ စည်းလုံးညီညွတ်ရေးနှင့် အခြားဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်သူများကလည်း ပူးပေါင်းပါဝင်ရန်လိုအပ်ကြောင်း၊ ဌာနဆိုင်ရာများကလည်း ပြည်သူတို့၏ လိုအပ်ချက်များနှင့် ပြည်သူ့အသံကို အလေးထား ဆောင်ရွက်ကြရန်လိုကြောင်း တိုက်တွန်းမှာကြားသည်။ ထို့နောက် ဒေသခံပြည်သူများက ကျေးရွာတွင်းဖွံ့ဖြိုးရေးနှင့် လိုအပ်ချက်များတင်ပြကြရာ ပြည်နယ်ရဝမ်တိုင်းရင်းသား လူမျိုးရေးရာ ဝန်ကြီးကသက်ဆိုင်ရာ ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

တွေ့ဆုံပွဲသို့ ရဝမ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့် မြို့နယ်အဆင့်ဌာန ဆိုင်ရာများ၊ စာပေနှင့် ရိုးရာယဉ်ကျေးမှုကော်မတီဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

**တစ်စမြင် တစ်စကောက် အမှိုက်အားလုံးခြင်းထဲရောက်**

# မကွေးမြို့၌ ကလေးငယ်များအပေါ် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ရုပ်တန့်ရေး အသိပညာပေး

**မကွေး စက်တင်ဘာ ၉**

မကွေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် World Vision International - Myanmar နှင့် မိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်းကျင်းပသည့် ကလေးငယ်များအပေါ် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုရုပ်တန့်ရေး ပြည်သူလူထုသို့ အသိပညာပေးခြင်းကို ယမန်နေ့က မကွေးမြို့ အေးစေတီဘုရားဝင်းအတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ ညွှန်ကြားရေးမှူး ဒေါ်နန္ဒာနွယ်ဟန်က ဦးစီးဌာန၏ ကလေးငယ်များအပေါ် အကြမ်းဖက်မှု ရုပ်တန့်ရေးဆိုင်ရာ အသိပညာပေး ဆောင်ရွက်နေမှုများကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ World Vision International – Myanmar မှ Associate Director – External ဒေါ်ဖီးဘီက ကလေးငယ်များအား ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။



မကွေးမြို့၌ ကလေးငယ်များအပေါ် ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုရုပ်တန့်ရေး အသိပညာပေးဆွေးနွေးစဉ်။

အဆိုပါအသိပညာပေးအခမ်းအနားကို World Vision International-Myanmar , Save the Children, Good Neighbors Myanmar , ကမ်းလင့်ရှောင်ခြည်၊ Women Club, Social Care Volunteer Group တို့ ပူးပေါင်း၍ "တို့တွေအားလုံးပါဝင်လို့ ကလေးများအပေါ် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုရုပ်တန့်စို့" ဆောင်ပုဒ်ဖြင့် ကျင်းပရာ မကွေး၊ ရေနံချောင်း၊ ဆိပ်ဖြူနှင့် ချောက်မြို့နယ်များမှ ကလေးများ ပါဝင်ဆင်နွှဲကြပြီး ကလေးများအား ဉာဏ်စမ်းပဟေဠိ အဖြေဆိုခြင်း အစီအစဉ်များ ပါဝင်ယှဉ်ပြိုင်စေ၍ ဆုလက်ဆောင်များ ချီးမြှင့်ခြင်း၊ ညနေပိုင်းတွင် တေးသံရှင်များ၏ တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခြင်းနှင့်အတူ ကလေးများ၏ တေးသရုပ်ဖော်များဖြင့် ဖျော်ဖြေတင်ဆက်ကြကြောင်း သိရသည်။

**ဝေဖြိုးလေး (မကွေး)**

# ထီးလင်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအတွက် စက်ဘီးအစီး ၁၉၀ ကျော် ပေးအပ်လှူဒါန်း

**ထီးလင်း စက်တင်ဘာ ၉**

မကွေးတိုင်းဒေသကြီး ထီးလင်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအတွက် Lesswalk.org မှ လှူဒါန်းသော စက်ဘီးများ ပေးအပ်ပွဲကို ယမန်နေ့က ထီးလင်းမြို့ အထက(အောင်သပြေ)ခန်းမ၌ ကျင်းပရာ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးရဲမင်းထွန်းက အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး၊ ယောလူငယ်အဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အထက-ထီးလင်းတွင် ၄၉ စီး၊ အထက-ကျင်းတွင် ၄၈ စီး၊ အထက-ဆင်စွယ်တွင် ၅၃ စီး နှင့် အထက-ရေမျက်နီတွင်၄၁ စီးတို့ကို သက်ဆိုင်ရာ ကျောင်းအုပ်ကြီး များထံသို့ လည်းကောင်း၊ စက်ဘီးများ သယ်ယူပို့ဆောင်ရေးအတွက် ငွေကြေးပါဝင် လှူဒါန်းပေးခဲ့ကြသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို လည်းကောင်း ပေးအပ်ချီးမြှင့်ပြီး **(အောက်ပုံ)** အခြေခံပညာကျောင်းများ (ကိုယ်စား) အထက-ထီးလင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်စန်းက ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။

"ကျွန်တော်တို့အနေနဲ့ ယောဒေသအတွက် ဖွံ့ဖြိုးတိုးတက်ရေး၊ ရေဘေး၊ မီးဘေး စတဲ့ သဘာဝဘေးအန္တရာယ်တွေမှာ ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် အတတ်နိုင်ဆုံး ကူညီပံ့ပိုး ဆက်သွယ်ဆောင်ရွက်ပေးပါတယ်။ အခုလည်း စက်ဘီးမရသေးတဲ့ ကျောင်းတွေအတွက် နောက်နောင် အပတ်တွေမှာ ရရှိအောင် ကြိုးပမ်းဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ယောလူငယ်အဖွဲ့ကို ပူးပေါင်းပါဝင် အားပေးဆောင်ရွက်ပေးကြဖို့ တိုက်တွန်းလိုပါတယ်" ဟု ယောလူငယ်အဖွဲ့ဥက္ကဋ္ဌက ပြောသည်။

**မြို့နယ် (ပြန်/ဆက်)**



# မင်းတပ်မြို့ရှိ ဆေးဆိုင်များ၌ စံမညီဆေးဝါးများ ရောင်းချခြင်း ရှိ မရှိ စစ်ဆေး

**မင်းတပ် စက်တင်ဘာ ၉**

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့် ဆက်စပ်ဌာနများ ပူးပေါင်း၍ မင်းတပ်မြို့ရှိ ဆေးဆိုင်များ၌ စက်တင်ဘာလပထမပတ်က စံမညီဆေးဝါးများ ရောင်းချခြင်း ရှိ မရှိ ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

မိမိတို့ဌာနနှင့် ဆက်စပ်ဌာနများ ပူးပေါင်းပြီး ဆေးဆိုင်များ၌ သက်တမ်းလွန်ဆေးဝါးများနှင့် စံမညီဆေးဝါးများရောင်းချမှု ရှိ မရှိ၊ ဆေးဆိုင်များ၌ ဆေးဝါးများ စနစ်တကျထားသိုမှု ရှိ မရှိ၊ ဆေးဝါးရောင်းချခွင့်လိုင်စင် ရှိ မရှိနှင့် စပ်ဆေး၊ ထိန်းချုပ်ဆေးဝါးများအား ဆရာဝန်ညွှန်ကြားမှုရမှသာ ရောင်းချရန်တို့ကို အဓိကစစ်ဆေးကြောင်း ဒုကြီးကြပ်ရေးမှူး (အစားအသောက်) ဦးကျော်ဆန်းလှိုင်က ပြောသည်။

အရည်အသွေးကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော ဆေးဝါးများကို ပြည်သူလူထုသုံးစွဲနိုင်ရန် ရည်ရွယ်၍ တစ်လတစ်ကြိမ် ပုံမှန်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ခိုင်ရှိန်း**

# ရမ်းဗြဲမြို့နယ်၌ လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေးဟောပြော

**ကျောက်ဖြူ စက်တင်ဘာ ၉**

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနနှင့် ဌာနဆိုင်ရာတို့ ပူးပေါင်းပြီး ယမန်နေ့က ရမ်းဗြဲမြို့နယ် လက်ပန်အဝကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ခန်းမဆောင်၌ လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်ရေး ဟောပြောပွဲပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်ဝင်းက လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ပတ်သက်ပြီး ကလေးငယ်၊ သက်ကြီးများ အပါအဝင် နေရာဒေသမရွေး လူကုန်ကူးမှုမခံရအောင် အသိတရားရှိကြရန်နှင့် သက်ငယ်မုဒိမ်းမှုဖြစ်ပွားမှုများ၊ အမျိုးသမီးများလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရမှုများအကြောင်းနှင့် အခြားကိစ္စရပ်များကိုလည်း ထည့်သွင်းဟောပြောသည်။

အခမ်းအနားသို့ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ အပါအဝင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**အောင်လှဖြူ(ရမ်းဗြဲ)**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၉-၉-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၂၄၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၂၇၂၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၂၄၆၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၂၇၂၇၀၀ |

(ရွှေဈေးအား ရွှေဈေးကွက်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၆၀/၉၀၀ | ကျပ် | ၉၁၀/၉၂၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၇၀/၉၁၀ | ကျပ် | ၉၂၅/၉၄၀ | ကျပ် |
| အောက်တိန်း ၉၂ | ၇၆၀/၈၀၅ | ကျပ် | ၈၁၀/၈၄၅ | ကျပ် |
| အောက်တိန်း ၉၅ | ၈၅၀/၈၉၅ | ကျပ် | ၉၁၀/၉၅၀ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၁၈ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၉၆ · ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၁၄ · ၆ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၉၃ · ၉ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၄၃၇ · ၆ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၅၆ · ၃ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၅ · ၈၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ · ၄၉၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၈ · ၉၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၇ · ၉၀ |
| ထိုင်း | တစ်ဘတ် | ကျပ် ၅၀ · ၁၉၆ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

**စတော့အိတ်ချိန်း ဈေးကွက် (၉-၈-၂၀၁၉)**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၂၀၀၀ | ၁၁၅၀၀ | ၁၂၉၅ | ၁၅၁၅၆၅၀၀ |
| MTSH | ၄၄၀၀ | ၄၅၀၀ | ၁၃၈၂၅ | ၆၁၂၀၅၃၀၀ |
| MCB | ၈၄၀၀ | ၈၄၀၀ | ၅၉၂ | ၄၉၇၂၈၀၀ |
| FPB | ၂၄၅၀၀ | ၂၅၀၀ | ၁၁၅ | ၂၈၄၈၅၀၀ |
| TMH | ၃၀၀၀ | ၃၀၅၀ | ၂၄၂၈ | ၇၂၈၅၀၅၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး** | - | စိုးစိုးနိုင် |
| **သတင်းထောက်ချုပ်** | - | မြင့်ဆွေ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီခွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခာတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# မင်းလှမြို့နယ် ကျေးရွာငါးရွာ၌ စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ် စတင်အကောင်အထည်ဖော်

**မင်းလှ စက်တင်ဘာ ၉**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်အတွင်းရှိ သံပုရာကန်၊ မဲဇလီတော၊ ကိုင်း၊ သဖန်းချောင်း၊ ဥယျာဉ်ကျေးရွာ ငါးရွာတွင် စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ်အား စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ကျေးလက်နေပြည်သူများ ပလတ်စတစ်သုံးစွဲမှုကို လျှော့ချပြီး ပြန်လည်အသုံးပြုနိုင်သည့်ပစ္စည်းများကို ပြန်လည်သုံးစွဲစေတတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်၊ အမှိုက်များအား ခွဲခြားစွန့်ပစ်တတ်စေရန်၊ မြစ်ချောင်းများအတွင်းသို့ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်ခြင်းများ ရှောင်ကြဉ်ရန်၊ လူနေမှုအဆင့်အတန်းမြင့်မားလာစေရန်နှင့် နွေရာသီကာလ မီးဘေးအန္တရာယ်ကင်းရှင်းစေရန် ရည်ရွယ်လုပ်ဆောင်နေသည်ဟု မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်နန္ဒာအိက ပြောသည်။

ဆက်လက်၍ ကျေးရွာသူ ကျေးရွာသားများ စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှု စနစ်အကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် ပိုမိုသိရှိလာပြီး လက်တွေ့လိုက်နာကျင့်သုံးတတ်စေရန် ကျေးရွာစွန့်ပစ်အမှိုက်ကော်မတီဖွဲ့စည်းခြင်း၊ အသိပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်း၊ စွန့်ပစ်အမှိုက်နှင့်ပတ်သက်သည့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ပညာပေးဗီနိုင်းပိုစတာများအား ကျေးရွာရှိကျောင်းများ၊ လမ်းများတွင် စိုက်ထူထားရှိခြင်း၊ သန့်ရှင်းရေးပြုလုပ်ခြင်းတို့အား ယမန်နေ့က မဲဇလီတောကျေးရွာတွင် ဆောင်ရွက်ခဲ့ကြောင်း မြို့နယ်ဦးစီးမှူးက ပြောသည်။



စွန့်ပစ်အမှိုက်စနစ်တကျ စွန့်ပစ်ရန်လက်တွေ့ဆောင်ရွက်စဉ်။

ယခုလိုပြုလုပ်ပေးသည့်အတွက် ကျေးရွာသူ ကျေးရွာသားများ၏ ကျန်းမာသန့်ရှင်းရေးလုပ်ငန်းများကို စနစ်တကျပြုလုပ်တတ်လာပြီး သဘာဝ သယံဇာတအရင်းအမြစ်ထုတ်ယူသုံးစွဲမှု လျှော့နည်းစေရန်၊ ပလတ်စတစ်ကြွပ်ကြွပ်အိတ်သုံးစွဲမှုကို လျှော့ချပြီး ပြန်လည်အသုံးပြုနိုင်သည့် ပစ္စည်းများကို ပြန်လည်သုံးစွဲစေတတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်၊ အမှိုက်များအား ခွဲခြားစွန့်ပစ်တတ်စေရန်၊ အဖွဲ့အစည်းဖြင့် ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်နှင့် ယခုမိုးရာသီကာလတွင် ခြင်ပေါက်ဖွားမှုနှုန်း လျော့နည်းလာစေရန်ရည်ရွယ်၍ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း သန့်ရှင်းရေးပြုလုပ်သွားမည်ဖြစ်ကြောင်း မဲဇလီတောကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်စိုးက ပြောသည်။

**ငြိမ်းသူ**

# အစိုးရစက်မှုလက်မှုသိပ္ပံ(သရက်)၌ ဖွင့်လှစ်ခဲ့သော အသက်မွေးပညာ ကာလတိုသင်တန်းများဆင်း

**သရက် စက်တင်ဘာ ၉**

အစိုးရစက်မှုလက်မှုသိပ္ပံ(သရက်)၏ ၂၀၁၈-၂၀၁၉ ပညာသင်နှစ် အသက်မွေးပညာ ကာလတိုသင်တန်းများဖြစ်သော (အခြေခံပန်းရန်၊ ကွန်ပျူတာ၊ တစ်လုံးထိုးအင်ဂျင်၊ စက်ချုပ်နှင့် အင်္ဂလိပ်စကားပြော)သင်တန်းများဆင်းပွဲကို စက်တင်ဘာလပထမပတ်က အဆိုပါကျောင်း၌ ကျင်းပသည်။



အသက်မွေးပညာသင်တန်းဆင်းပွဲ ကျင်းပစဉ်။

သင်တန်းဆင်းပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းရွှေနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မိုးအောင်တို့က အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာကြီး ဒေါက်တာကျော်စံဝင်းက ကျေးဇူးတင်စကားပြောကြားကာ သင်တန်းဆင်း ကျောင်းသား ကျောင်းသူများအား သင်တန်းဆင်းလက်မှတ်များကို တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။ ဖွင့်လှစ်ခဲ့သော စက်ချုပ်သင်တန်းတွင် ၁၅ ဦး၊ ပန်းရန်သင်တန်းတွင် ၂၃ ဦး၊ တစ်လုံးထိုးအင်ဂျင် သင်တန်းတွင် ၁၉ ဦး၊ ကွန်ပျူတာ သင်တန်းတွင် ၁၆ ဦးနှင့် အင်္ဂလိပ်စကားပြော သင်တန်းတွင် ၁၂ ဦး စုစုပေါင်း သင်တန်းသား သင်တန်းသူ ၈၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ပေါက်ကလေး (သရက်)**

# မိတ္ထီလာမြို့ပေါ်ရှိ အချက်အချာနေရာများတွင် လမ်းမီးတိုင်များစိုက်ထူခြင်းလုပ်ငန်း ၇၀ ရာခိုင်နှုန်း ပြီးစီး

**မိတ္ထီလာ စက်တင်ဘာ ၉**

မိတ္ထီလာမြို့ပေါ်ရှိ အချက်အချာနေရာများတွင် လမ်းမီးတိုင်များစိုက်ထူခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ၇၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

မိတ္ထီလာမြို့ အချက်အချာနေရာများတွင် လမ်းမီးတိုင်စိုက်ထူခြင်းလုပ်ငန်းများကို ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေနှင့် ၂၀၁၉-၂၀၂၀ မူလရန်ပုံငွေတို့ဖြင့် စည်ပင်သာယာရေးအဖွဲ့က ကြီးကြပ်ပြီး Farmer Phoe Yar Zar Company မှ တာဝန်ယူ၍ ဧပြီလမှ စတင်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ထိုသို့ လမ်းမီးတိုင်များ စိုက်ထူခြင်းကို မြို့ပေါ်အချက်အချာကျသော နေရာများဖြစ်သော ရန်ကုန်-မန္တလေးလမ်းမကြီးအတိုင်း သာစည်လမ်းဆုံထိပ်မှ ရန်မျိုးအောင် လမ်းဆုံ (ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန) အထိ လမ်းမီးတိုင်များ စိုက်ထူလျက်ရှိသည်။ ၎င်းအပြင် မိတ္ထီလာ-မြင်းခြံလမ်းအတိုင်း ဝန်ဇင်းကန်ပေါင်နှင့် မိတ္ထီလာ-ကျောက်ပန်းလမ်းပေါ်ရှိ စည်ပင်ရိပ်သာအဝင်လမ်းစသည့် နေရာများကို လုပ်ငန်းသုံးရပ်ဖြင့် လမ်းမီးတိုင် ၁၂၆ တိုင် စိုက်ထူလျက်ရှိရာ ယခုဆိုလျှင် ရန်ကုန်-မန္တလေးကားလမ်းအတိုင်း နာရီစင်မှ သံလမ်းကူးအထိ၊ စည်ပင်ရိပ်သာအဝင်လမ်းနှင့် ဝန်ဇင်းကန်ပေါင်နေရာများတွင် စိုက်ထူပြီးဖြစ်၍ ကျန်ရှိသည့် လမ်းမီးတိုင်များကို စက်တင်ဘာလအတွင်း စိုက်ထူသွားမည်ဖြစ်ကြောင်း စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးခင်မောင်တင်ကပြောသည်။



မိတ္ထီလာမြို့၌ လမ်းမီးတိုင်များ စိုက်ထူထားမှုကို တွေ့ရစဉ်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ပလောက်မြို့၌ နွားမေထုံမှဲ့သားစပ်ခြင်းလုပ်ငန်း ဆောင်ရွက်

**ပလောက် စက်တင်ဘာ ၉**

တနင်္သာရီတိုင်းဒေသကြီး ပလောက်မြို့ ဝါးဇွမ်းအုပ်ကျေးရွာ၌ မွေးမြူထားသော နွားများအား နွားမျိုးမြှင့်တင်ခြင်းနှင့် နွားမျိုးကောင်းမျိုးသန့်များ ထွက်ပေါ်လာစေရန်ရည်ရွယ်၍ နွားမေထုံမှဲ့သားစပ်ခြင်းလုပ်ငန်းကို ယမန်နေ့က ကွင်းဆင်းဆောင်ရွက်သည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်ရာတွင် ပလောက်မြို့ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ လက်ထောက်ကြီးကြပ်ရေးမှူး ဦးရဲအောင်က ဖရိုရှန် နို့စားနွားမျိုး တိုးပွားလာစေရန်နှင့် နွားမျိုးမြင့်မားလာစေရန်အတွက် နွားမေထုံမှဲ့သားစပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## သတင်းအတိုအထွာ

### မော်လူးအထကတွင် မြို့နယ်အဆင့် စာစီစာကုံးပြိုင်ပွဲ ကျင်းပ

**မော်လူး စက်တင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးအခြေခံပညာအထက်တန်းကျောင်း သရဖီခန်းမဆောင်၌ ယမန်နေ့က မြို့နယ်အဆင့် မူလတန်းပညာတန်ဆောင်ရုပ်ပြ စာစီစာကုံးပြိုင်ပွဲကို ကျင်းပသည်။

ပြိုင်ပွဲတွင် မော်လူးပညာရေးအုပ်စုနှင့် နန့်စီးအောင်ပညာရေးအုပ်စုတို့မှ ကျောင်းပေါင်း ၄၁ ကျောင်းမှ မူလတန်းအဆင့်ကျောင်းသား ကျောင်းသူစုစုပေါင်း ၄၂ ဦးတို့က တက်ညီလက်ညီဝင်ရောက်ယှဉ်ပြိုင်ကြရာ မြို့နယ်ပညာရေးဌာနမှတာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာမကြီးဒေါ်နီနီခိုင်၊ အုပ်စုအသီးသီးမှ ကျောင်းအုပ်ဆရာ ဆရာမများနှင့် လက်ထောက်ဆရာများက အနီးကပ်ကြီးကြပ်ခဲ့ကြသည်။ **နီတိုး**

### ရေဦးမြို့နယ်၌ ကျန်းမာရေးအသိပညာပေး ဟောပြော

**ရေဦး စက်တင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်စားသုံးသူရေးရာဦးစီးဌာန၊ ရေဦးမြို့နယ်မီးသတ်စခန်းနှင့် ဗိသုကာကိုယ်ပိုင်အထက်တန်းကျောင်းတို့ ပူးပေါင်းပြုလုပ်သော စားသုံးရန်မသင့်အစားအစာများနှင့် မီးဘေးသဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့က အဆိုပါကျောင်း၌ ပြုလုပ်ခဲ့သည်။

ဟောပြောပွဲသို့ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ခဲ့သည်။ ရှေးဦးစွာ ခရိုင်စားသုံးသူရေးရာဦးစီးဌာန ရေဦးမြို့နယ်တာဝန်ခံ ဦးအောင်ညွန့်က ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက တရားဝင်ထုတ်ပြန်ကြေညာထားသည့် စားသုံးရန်မသင့် အစားအစာများနှင့် အလှကုန်ခရင်မ်များ၊ စားသုံးသူအခွင့်အရေးဆိုင်ရာ ဥပဒေများအကြောင်းကိုလည်းကောင်း၊ ဆက်လက်ပြီး မီးသတ်စခန်းတာဝန်ခံ ဦးရန်ပိုင်ဖြိုးက အရေးပေါ်မီးငြှိမ်းသတ်နည်းနှင့် ကယ်ဆယ်ရေးနည်းပညာများကို ရှင်းလင်းပြောကြားကာ မီးသတ်ဆေးဘူး၊ မီးငြှိမ်းသတ်ယာဉ်တို့ဖြင့် မီးငြှိမ်းသတ်နည်းများကို လက်တွေ့ပြသခဲ့ကြောင်းသိရသည်။ **သန်းထိုက်(ရေဦး)**

### တပ်ကုန်းမြို့နယ်၌ စာဖတ်ဝိုင်း ကျင်းပ

**တပ်ကုန်း စက်တင်ဘာ ၉**

ကျောင်းသားလူငယ်များစာကြည့်တိုက်နှင့် ပိုမိုရင်းနှီးလာပြီး စာပေဗဟုသုတတိုးပွားစေရန်၊ စာပေဖတ်ရှုဆွေးနွေးတတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန် ရည်ရွယ်၍ နေပြည်တော် တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာအုပ်စာပေချစ်မြတ်နိုးသူများအသင်းအဖွဲ့တို့ပူးပေါင်း၍ စာရေးဆရာချစ်ဦးညို ရေးသားသည့် တိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်းနှင့် ယဉ်ကျေးမှုမျက်နှာစာ စာအုပ်အားစာဖတ်ဝိုင်းဆွေးနွေးခြင်းကို ယမန်နေ့က အဆိုပါ ဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အဆိုပါစာဖတ်ဝိုင်းတွင် မြို့နယ်ဦးစီးမှူး ဒေါ်တင့်တင့်ခိုင်က စာဖတ်ဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များ ပြောကြားခဲ့သည်။ ထို့နောက် စာရေးဆရာချစ်ဦးညို ရေးသားသည့် တိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်းနှင့် ယဉ်ကျေးမှုမျက်နှာစာ စာအုပ်အား ဆရာဦးဇော်မင်းစိုးက ဦးဆောင်ဆွေးနွေးခဲ့ပြီးနောက် ဦးထွန်းကြည် (မောင်ကြည်မှု-ပျဉ်းမနား)၊ ဒေါ်မြသန္တာ (မြပုလဲ-တပ်ကုန်း) နှင့် တက်ရောက်လာသူများကလည်း ပြန်လည်ဆွေးနွေးကြောင်း သိရသည်။

**တင်စိုးလွင်**

### ပေါင်းတည်မြို့ သန့်ရှင်းသာယာလှပရေးတွင် ပူးပေါင်းပါဝင်ခဲ့သူများအား ထပ်ဆင့်ဂုဏ်ပြု

**ပေါင်းတည် စက်တင်ဘာ ၉**

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီးအဆင့် မြို့သန့်ရှင်းသာယာလှပရေး အကောင်းဆုံးမြို့နယ်ဆုပေးပွဲတွင် တတိယဆုကို ပြည်ခရိုင် ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ချီးမြှင့်ခြင်းခံရသည့်အတွက် မြို့သန့်ရှင်းရေးနှင့် သာယာလှပရေးအတွက် ပူးပေါင်းပါဝင်ကူညီခဲ့သူများအား မြို့နယ်စည်ပင်သာရေး ကော်မတီမှ ထပ်ဆင့်ဂုဏ်ပြုချီးမြှင့်ပွဲနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည့် အခမ်းအနားကို စက်တင်ဘာလပထမပတ်က မြို့နယ်စည်ပင်သာယာရေး ကော်မတီရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဂုဏ်ပြုပွဲတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရဲလင်းနိုင်နှင့် ပြည်ခရိုင် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဒေါ်သန်းသန်းဝေတို့က မုဒိတာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးနေလင်းနိုင်က ဂုဏ်ပြုအမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးသန်းဇော်မင်းက မြို့သန့်ရှင်းသာယာလှပရေး အကောင်းဆုံး မြို့နယ်ဆုအတွက် ဆောင်ရွက်ခဲ့မှုများနှင့် ထပ်ဆင့်ဂုဏ်ပြုပွဲ ပြုလုပ်သည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးထွန်းဇော်မိုး က ကျေးဇူးတင်စကားပြောကြားကာ တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့်ဌာနဆိုင်ရာများ၊ အရပ်ဘက်လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတအဖွဲ့များ၊ ကုမ္ပဏီများ၊ မြို့ပေါ် ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် လုပ်ငန်းရှင်များ စုစုပေါင်း ၃၁ ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့သည်။

**တင်ဝင်းဇော် (မင်းသားကြီး)**

# ချင်းတိုင်းရင်းသားများ၏ ထူးခြားသော အသုဘဓလေ့

## မောင်သာ(ရှေးဟောင်းသုတေသန)

လူသားတစ်ဦး သေဆုံးပြီးနောက် ကြွင်းကျန်သည့် ရုပ်အလောင်းကို စွန့်ပစ်ပုံ ထုံးတမ်းများသည် ရှေးအစဉ်အဆက်ကပင် လူမျိုး အလိုက် ကွဲပြားခဲ့ကြသည်။ သေဆုံးသူ၏ ရုပ်အလောင်းကို မြေမြှုပ်ခြင်း၊ ရေမျှောခြင်း၊ မီးရှို့ခြင်း စသည်ဖြင့် တစ်နည်းနည်းဖြင့် စွန့်ပစ်ကြရာတွင် အသက်ရှိခဲ့စဉ်က ချစ်ခင်ခဲ့မှုကို အကြောင်းပြုလျက် ယူဆချက်အမျိုးမျိုးဖြင့် သင်္ဂြိုဟ်သည့် ဓလေ့ထုံးတမ်းများ ကွဲပြားခဲ့သည်။

ဗုဒ္ဓခေတ်က လူတစ်ဦးတစ်ယောက် သေဆုံးလျှင် ရုပ်အလောင်းကို မြို့ရိုးအပြင်သို့ စွန့်ပစ်လေ့ရှိကြောင်း ဗုဒ္ဓဇာတကများတွင် ဖတ်ရှုကြရသည်။ အီဂျစ်စသည့်နိုင်ငံများတွင် လူသေအလောင်းများကို တစ်ချိန်ချိန်တွင် ပြန်လည်အသက်ရှင်သန်လာမည်ဟူသည့် ယုံကြည်ချက်ဖြင့် မပုပ်သိုးစေရန် စီမံလျက် မံမီရုပ်အလောင်းများအဖြစ် ပြုပြင်သိမ်းဆည်းခဲ့ကြသည်။

ဘာသာတရားများကို ယုံကြည်သက်ဝင်မှု မရှိမီကပင် လူမှုအသိုက်အဝန်း၏ သတ်မှတ်ချက်များအပေါ် မူတည်လျက် သင်္ဂြိုဟ်မှုပုံစံများသည် လူမျိုး၊ နေရာဒေသ၊ ယဉ်ကျေးမှုအလိုက် ကွဲပြားခြားနားခဲ့ကြရာ ယင်းတို့အနက် ချင်းတိုင်းရင်းသားများ၏ သင်္ဂြိုဟ်မှု ထုံးတမ်းသည်လည်း စိတ်ဝင်စားဖွယ် ယဉ်ကျေးမှုတစ်ခု ဖြစ်ပေသည်။

**ချင်းပြည်နယ်**

မြန်မာနိုင်ငံ၏ အနောက်မြောက်ဖျားတွင် တည်ရှိသည့် ချင်းတိုင်းရင်းသားများ၏ ဌာနေသည် ပြည်မမှ ဝေးလံ၍ လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးမှုနောက်ကျခဲ့သော်လည်း ပြည်တွင်းပြည်ပ ခရီးသွားများ စိတ်ဝင်စားသည့် နယ်မြေတစ်ခုဖြစ်သည်။ ချင်းပြည်နယ်၏ တောင်စွယ်တောင်တန်းများ၊ ပါးရဲများထိုးထားသည့် ချင်းအမျိုးသမီးများ၊ တောင်ဇလပ်ပန်းများ၊ အောက်ချင်းငှက်နှင့် နွားနောက်များသည် ပြည်နယ်၏ အမှတ်လက္ခဏာများအဖြစ် ထင်ရှားခဲ့သည်။

ချင်းပြည်နယ်ကို ခရိုင်သုံးခု၊ မြို့နယ် ကိုးခုဖြင့် ဖွဲ့စည်းထားရာ ဟားခါးခရိုင်တွင် ဟားခါးနှင့် ထန်တလန်၊ မင်းတပ်ခရိုင်တွင် မင်းတပ်၊ ကန်ပက်လက်၊ မတူပီ၊ ပလက်ဝ၊ ဖလမ်းခရိုင်တွင် ဖလမ်း၊ တီးတိန်နှင့် တွန်းဇံမြို့နယ်တို့ ပါဝင်သည်။ ချင်းပြည်နယ်၌ ချင်းမျိုးနွယ် ၅၀ ကျော်ရှိကာ ဘာသာစကား ၅၀ ကျော်ကို အသုံးပြုကြသည်။

**ချင်းတိုင်းရင်းသားများ**

မနုဿဗေဒပညာ ပါမောက္ခတစ်ဦးက မြန်မာနိုင်ငံ၏ အဓိကလူမျိုးအုပ်စု ရှစ်ခုဖြစ်သည့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်နှင့် ရှမ်းတို့မှ လူမျိုးစုများ ထပ်မံကွဲပြား၍ တိုင်းရင်းသား ၁၃၅ မျိုးရှိကြောင်း ပြောဆိုရေးသားနေကြခြင်းသည် တိကျမှုမရှိကြောင်း၊ ယင်းစာရင်းကို ပြုစုခဲ့စဉ်က လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေး ဦးစီးဌာနက ကောက်ယူထားသည့် လူဦးရေစာရင်းပါ အမည်များကို ထုတ်နုတ် ပြုစုခဲ့သဖြင့် ထပ်နေသောအမည်များ၊ စာရင်းတွင် မပါသည့်အမည်များ ရှိခဲ့ကာ တိကျသည့်စာရင်း မဖြစ်ခဲ့သဖြင့် ယေဘုယျအားဖြင့် တိုင်းရင်းသား လူမျိုး ၁၀၀ ကျော်ဟုသာ သုံးစွဲသင့်ကြောင်း ပြောကြားသည်။

ချင်းတောင်တန်းမြေသည် မြေသြဇာကောင်းမွန်ခြင်းမရှိသဖြင့် ရှေးအခါက ချင်းလူမျိုးများသည် တစ်နေရာတည်းတွင် အခြေချကာ စိုက်ပျိုးခြင်းမလုပ်ကြဘဲ ယေဘုယျအားဖြင့် သုံးနှစ်တစ်ကြိမ် နေရာရွှေ့ပြောင်း၍ စိုက်ပျိုးကြကာ

> **“အဖြူရောင်အလံသည် ဆင်ကို ကိုယ်စားပြုသဖြင့် အလံဖြူနှစ်ခု ထောင်ထားပါက ဆင်နှစ်ကောင်ရဖူးကြောင်း ဆိုလိုသည်။ အနီရောင်အလံသည် ကျား၊ အနက်ရောင်အလံသည် ကြံ့ စသည်ဖြင့် တိရစ္ဆာန်တစ်ကောင်စီကို အရောင်တစ်ခုစီ သတ်မှတ်၍ မဏ္ဍပ်တွင် လွှင့်ထူကြရသည်။ သေဆုံးသူသည် အသက်ရှင်ခဲ့စဉ်က သားကောင်များအပြင် ကောက်ပဲသီးနှံများရရှိခဲ့ပြီး သီးနှံရပွဲများ ပြုလုပ်ခဲ့ဖူးပါက ဂုဏ်ပုဒ်အထိမ်းအမှတ်ကို မဏ္ဍပ်တွင် ချိတ်ဆွဲရပြန်သည်”**

ကျေးရွာများကို ထူထောင်ခဲ့ကြသည်။

ချင်းဘာသာသည် အသံသာရှိ၍ အက္ခရာစာလုံး မရှိသဖြင့် ၁၉၀၈ ခုနှစ်တွင် ဦးပေါင်ကျင်ဟောက်သည် မြန်မာအက္ခရာကို အခြေခံသည့် ချင်းစာအရေးအသားကို တီထွင်ခဲ့သည်။ သို့သော် ၁၉၂၄-၁၉၂၅ ခုနှစ်တွင် အမေရိကန်လူမျိုး သင်းအုပ်ဆရာ RCV Khoop က မြန်မာစာအက္ခရာများကိုသုံးသည့် ချင်းစာပေကို ပယ်ဖျက်ကာ အင်္ဂလိပ်စာလုံးများကို ချင်းအသံထွက်အတိုင်းရေး၍ ချင်းစာပေကို ဖန်တီးခဲ့သည်။

**လိုင်မီးချင်း(Laimi)**

ချင်းတိုင်းရင်းသား မျိုးနွယ်စုတစ်ခုဖြစ်သည့် လိုင်မီးချင်းများသည် ကလေးချိုင့်ဝှမ်းနှင့် မြစ်သာချိုင့်ဝှမ်းတို့တွင် နေထိုင်ခဲ့ကြပြီး ရေကြည်ရာမြက်နုရာ ရှာဖွေကြရာမှ ယခု ဖလမ်းမြို့နယ် စွန်တလာရွာအနီးရှိ ချင်းကျောက်ဂူ(လိုင်လွန်းဂူ)တွင် စုစည်းမိခဲ့ကြသည်။ နှစ်ကာလ ကြာရှည်လာချိန်တွင် ယခု ဖလမ်းမြို့နယ်နှင့် ထန်တလန်မြို့နယ်အစပ်ရှိ ဇိုတရန်းတွင် ရွာတည်ကာ နေထိုင်ခဲ့ကြသည်။ ယခုအချိန်တွင် လိုင်မီးချင်းများသည် ဟားခါးနှင့် ထန်တလန်မြို့နယ်တို့တွင် အများဆုံးနေထိုင်ကြကာ ဟားခါး၊ ထန်တလန်၊ ဆင်ထန်၊ ဇိုဖေ၊ မီရမ်၊ မီအေး၊ ထောရ်၊ လောက်တူနှင့် ခွာလ်ဆိမ့်ဟူ၍ မျိုးနွယ်စု ကိုးစု ကွဲပြားခဲ့သည်။

ပြည်ထဲရေးဝန်ကြီးဌာန၏ မှတ်တမ်းများအရ လိုင်မီးချင်းများသည် တိဘက်-မြန်မာ မျိုးနွယ်များဖြစ်ကြကာ တရုတ်နိုင်ငံ အနောက်မြောက်ပိုင်းနှင့် တိဘက်ဒေသ အရှေ့ပိုင်းမှ ရောက်ရှိလာခဲ့သည်ဟု ဆိုသည်။

**ဟားခါးနှင့် ထန်တလန်**

မတူပီမြို့မှ ၁၀၈ မိုင်နှင့် ဖလမ်းမြို့မှ ၄၃ မိုင်ကွာဝေးသည့် ဟားခါးကို လိုင်မီးချင်းလူမျိုးများက ထူထောင်ခဲ့သည်။ ချင်းမျိုးနွယ်စုများသည် ၁၄ ရာစုတွင် လက်ရှိ ဟားခါးမြို့မှ ဖလမ်းမြို့ဘက်သို့ သုံးမိုင်ကွာဝေးသော ဖိုင်လဲင်ဇောလ်(Phailenzawl)ဒေသသို့ ရောက်ရှိလာကြကာ ကျေးရွာတစ်ရွာ ထူထောင်ခဲ့သည်။ ထိုနေရာမှ တစ်ဖန် မွာလ်ဇုန်ခေါ် ရွာကိုထူထောင်ပြီး ယခု ဟားခါးမြို့တည်နေရာသို့ ရွှေ့ပြောင်းခဲ့ကြသည်။

ချင်းမှတ်တမ်းများတွင် ဇိုတရန်းသို့ ရောက်ရှိခဲ့ကြသည့် လိုင်မီးများသည် ဖိုင်လဲင်ဇောလ်သို့ ရောက်ရှိခဲ့ပြီးနောက် ကျေးရွာတည်ရန် ယခု ဟားခါးမြို့တည်နေရာဖြစ်သည့် မျူဇန်(Mual-zung)ကို ရွေးချယ်ခဲ့ပြီး မြို့အမည်ကို ဟာတ်မီခါး(Hamhimkha)ဟု ခေါ်ဆိုခဲ့ရာမှ ဟားခါးဟု အမည်တွင်ခဲ့ကြောင်း ဖော်ပြထားသည်။

၁၉၉၂ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်တွင် ဟားခါး၌ မြို့ပြအုပ်ချုပ်ရေးရုံးဖွင့်ကာ နယ်ပိုင်ဝန်ထောက် ရုံးထိုင်ခဲ့သည်။ ဟားခါးသည် ၁၉၆၆ ခုနှစ် ဇူလိုင် ၇ ရက်တွင် ထိုစဉ်က ချင်းဝိသေသတိုင်း၏ မြို့တော်ဖြစ်ခဲ့ပြီး ၁၉၇၃ ခုနှစ် စက်တင်ဘာလ ၁၇ ရက်တွင် ရပ်ကွက်ခြောက်ခု၊ ကျေးရွာအုပ်စု ၃၀၊ ကျေးရွာ ခြောက်ရွာဖြစ်၍ ဟားခါးမြို့နယ်ကို ဖွဲ့စည်းခဲ့ရာ ချင်းပြည်နယ်တွင် အကြီးဆုံးမြို့ဖြစ်သည်။

ထန်တလန်မြို့သည် ဟားခါးခရိုင်တွင် ပါဝင်ကာ အင်္ဂလိပ်အစိုးရ လက်ထက်တွင် နယ်စပ်စော်ဘွားများက အုပ်ချုပ်၍ လွတ်လပ်ရေးရရှိပြီးနောက် တိုက်သူကြီးများက အုပ်ချုပ်ခဲ့သည်။ ၁၉၇၂ ခုနှစ်တွင် ဟားခါးမြို့နယ်အနောက်ပိုင်းရှိ ကျေးရွာအုပ်စု ၃၈ ခုကို ထန်တလန်မြို့နယ်အဖြစ် သတ်မှတ်ခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် ထန်တလန်မြို့နယ်ကို ရပ်ကွက်သုံးခုနှင့် ကျေးရွာအုပ်စု ၃၇ အုပ်စု(ကျေးရွာ ၈၇ ရွာ)ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ ထန်တလန်မြို့နယ်သည် ဟားခါးမြို့မှ အနောက်ဘက်သို့ ၄၈ မိုင်၊ မတူပီမြို့မှ မြောက်ဘက်သို့ ၄၆ မိုင်နှင့် ဖလမ်းမြို့မှ တောင်ဘက်သို့ ၂၈ မိုင် ကွာဝေးသည်။

**ချင်းတိုင်းရင်းသားများ၏ နာရေး**

ချင်းမျိုးနွယ်စုများ ကွဲပြားသော်လည်း ရိုးရာထုံးတမ်းဓလေ့များသည် တစ်ခုနှင့် တစ်ခုဆက်နွယ်နေကာ အလွန်အမင်း ကွဲပြားမှုများ မရှိကြသဖြင့် အသုဘ ဓလေ့များသည်လည်း တစ်နေရာနှင့် တစ်နေရာ အလွန်ခြားနားခြင်း မရှိခဲ့ပါချေ။

မျက်မှောက်ခေတ်တွင် ချင်းလူမျိုးများသည် ခရစ်ယာန်ဘာသာ၊ ဗုဒ္ဓဘာသာတို့ကို ကိုးကွယ်ကြကာ လူတစ်ဦးတစ်ယောက် ကွယ်လွန်ချိန်တွင် ခရစ်ယာန်အယူ၊ ဗုဒ္ဓဘာသာအယူတို့ဖြင့် အသုဘ အခမ်းအနားကို ဆောင်ရွက်လေ့ရှိကြသော်လည်း ကျေးလက်တောရွာများတွင် ရိုးရာဓလေ့အတိုင်း သင်္ဂြိုဟ်မှုများကို ကျင့်သုံးဆဲဖြစ်သည်။

မိသားစုတစ်စုမှ သားအကြီးဆုံး သို့မဟုတ် သမီးအကြီးဆုံး ကွယ်လွန်လျှင် သေဆုံးသူအတွက် တိရစ္ဆာန်တစ်ကောင်ကို အိမ်အနောက်ဘက် တံစက်မြိတ်အောက်တွင်သတ်ပြီး ဦးခေါင်းကိုဖြတ်၍ သေသူ၏ အလောင်းနှင့်အတူ မြှုပ်နှံကြသည်။ ယင်းထုံးစံကို သားဦး၊ သမီးဦး သေဆုံးချိန်တွင်သာမက မွေးကင်းစ ကလေးငယ်များ သေဆုံးလျှင်လည်း ပြုလုပ်ကြသည်။ မိသားစု၏ ဓနအင်အားအပေါ် မူတည်လျက် နွားနောက်၊ ကျွဲ၊ ဝက်၊ ကြက် စသဖြင့် တိရစ္ဆာန် တစ်ကောင်ကောင်ကို သတ်ဖြတ်ကြသည်။

ချင်းလူမျိုးတစ်ဦး သေဆုံးလျှင် မီးရှို့သင်္ဂြိုဟ်ခြင်းမပြုဘဲ မြေမြှုပ်လေ့ရှိရာ သုသာန်သို့ မပို့ဆောင်မီ တဲကြီးတစ်လုံးထိုး၍ ခေါင်းတင်ပွဲ ပြုလုပ်ပြီးမှ သင်္ဂြိုဟ်ကြသည်။ ခေါင်းတင်ပွဲဟူသည်မှာ လူသေထည့်ထားသည့် အခေါင်းကို အခေါင်းစင်ပေါ်သို့တင်သည့် အခမ်းအနားဖြစ်သည်။

ချင်းလူမျိုးစုများအနက် ဆီးမတဲချင်း အနွယ်ဝင် စုက္ကတေးချင်းတို့၏ ထုံးစံသည် ထူးခြားသည်။ စုက္ကတေးချင်း လူငယ်များသည် အရွယ်ရောက်လျှင် မိဘများနှင့်ခွဲကာ အိမ်သစ်ထူထောင်ကြရပြီး အိမ်သစ်ဆောက်နေစဉ် ဝက်တစ်ကောင်ကိုသတ်၍ မိရိုးဖလာ ပူဆားရိုးရာနတ်ကို ပူဇော်ကြရသည်။

ပူဆားနတ်ကို မပူဇော်ရသေးမီဖြစ်စေ၊ အိမ်သစ် တည်ဆောက်နေစဉ်ဖြစ်စေ အိမ်သစ်ဆောက်လုပ်သည့်နေရာ၌ တစ်ဦးတစ်ယောက် သေဆုံးခဲ့လျှင် အသုဘအခမ်းအနားကို ယင်းအိမ်သစ်နေရာ၌ မပြုလုပ်ကြဘဲ အလောင်းကို မိဘများအိမ်သို့ ယူဆောင်သွားရသည်။ သေသူ၏ မိဘများအိမ်သို့ မရောက်မီ သေသူကို ဆံပင်ဖြီးခြင်းနှင့် သီချင်းသီဆိုခြင်းများ မပြုလုပ်ကြရချေ။

မိဘများအိမ်သို့ရောက်လျှင် အလောင်းကို ရေချိုးပေးပြီး ခေါင်းဖြီးပေးရသည်။ ထို့နောက် ချင်းရိုးရာ ဆင်သီချင်း၊ ကြံ့သီချင်း၊ ပြောင်၊ ကျားသစ်၊ စိုင်၊ ကျွဲနှင့် ရန်သူ သီချင်းများကို သီဆိုကြသည်။ ထို့နောက် အလောင်းကို အိမ်တံစက်မြိတ်အောက် ကပြင်တွင် ထားရှိသည်။

သို့သော် သေဆုံးသူသည် မကွယ်လွန်မီက ခွါဒိုပွဲ၊ လောမအံ့နတ်ပွဲ၊ အမဲရပွဲစသည့် ပွဲများကို ကျင်းပပြုလုပ်ခဲ့ပါက အလောင်းကို မိုးလုံလေလုံ မဏ္ဍပ်အတွင်း၌ ထားရှိရသည်။ မဏ္ဍပ်တွင် အလံများကို ဝါးလုံးဖျား၌ တစ်ခုစီ ချည်နှောင်လျက် လွှင့်ထူထားရာ အလံများသည် သေဆုံးသူ၏ စွမ်းဆောင်ခဲ့မှုများကို ဖော်ညွှန်းသဖြင့် မြင်ရသူများက သေဆုံးသူ၏ ဂုဏ်ပုဒ်များကို သိရှိနိုင်ကြသည်။ သေဆုံးသူ အသက်ရှင်စဉ်က ရရှိခဲ့သည့် တောကောင်များကို အလံတစ်ခုစီဖြင့် ပြသရသည်။

အဖြူရောင်အလံသည် ဆင်ကို ကိုယ်စားပြုသဖြင့် အလံဖြူနှစ်ခု ထောင်ထားပါက ဆင်နှစ်ကောင် ရဖူးကြောင်း ဆိုလိုသည်။ အနီရောင်အလံသည် ကျား၊ အနက်ရောင်အလံသည် ကြံ့ စသည်ဖြင့် တိရစ္ဆာန်တစ်ကောင်စီကို အရောင်တစ်ရောင်စီ သတ်မှတ်၍ မဏ္ဍပ်တွင် လွှင့်ထူကြရသည်။

သေဆုံးသူသည် အသက်ရှင်ခဲ့စဉ်က သားကောင်များအပြင် ကောက်ပဲသီးနှံများ ရရှိခဲ့ပြီး သီးနှံရပွဲများ ပြုလုပ်ခဲ့ဖူးပါက ဂုဏ်ပုဒ် အထိမ်းအမှတ်ကို မဏ္ဍပ်တွင် ချိတ်ဆွဲရပြန်သည်။ အကျယ် ခြောက်လက်မ၊ အလျား ခြောက်ပေရှိသည့် ဝါးချပ် သို့မဟုတ် ဖျာချပ်တွင် သေသူရရှိခဲ့သည့် သီးနှံများကို ခင်းကျင်း၍ မဏ္ဍပ်အတွင်း၌ ချိတ်ဆွဲထားရှိရပေသည်။

သေသူ၏ဂုဏ်ပုဒ်ကို ပြသသည့်ဖော်ညွှန်းမှုများကို မဏ္ဍပ်တွင် ဆင်ယင်ပြီးလျှင် ရုပ်အလောင်းကို ရွာအဝင်၊ ရွာအထွက်တွင် ထားရှိပြီးမှ သင်္ချိုင်းသို့ ပို့ဆောင်မြှုပ်နှံကြသည်။

**အမှတ်အသားများ စိုက်ထူခြင်း**

မျက်မှောက်ခေတ်တွင် ဂူသွင်းသင်္ဂြိုဟ်သော ရုပ်အလောင်းများ၌ မှတ်တမ်းစာများ စိုက်ထူခြင်း၊ မြေမြှုပ်သင်္ဂြိုဟ်သော မြေပုံများတွင် သေသူအမည်ရေးထားသည့် သစ်သားတိုင်များ စိုက်ထူကြခြင်းတို့ ပြုလုပ်ကြသကဲ့သို့ ချင်းလူမျိုးများသည် သေသူကိုမြှုပ်နှံသည့် နေရာတွင် ကျောက်တိုင်များ စိုက်ထူလေ့ရှိပြီး ကျောက်တိုင် မစိုက်နိုင်သူများက သစ်သားတိုင်များ စိုက်ထူကြသည်။

သင်္ချိုင်းမှတ်တမ်းတိုင်တွင် သေဆုံးသူသည် အသက်ရှင်သန်စဉ်က သားကောင်မည်မျှ ရရှိခဲ့သည်ကို ဖော်ပြလေ့ရှိသည်။ ချင်းလူမျိုးများ၏ လက်ခံမှုအရ အမဲလိုက်၍ သားကောင်များများ ရရှိခြင်းသည် ဂုဏ်ရည်ကြီးမားသူ ဖြစ်ပေသည်။

ချင်းလူမျိုးများသည် အမဲကောင်ကို ဖမ်းဆီးရမိပြီးလျှင် ရွာ၌ အမဲရပွဲများကို ကျင်းပကာ နွားနောက်၊ ကျွဲ၊ ဆိတ်၊ ဝက်၊ ကြက်တို့ကို သတ်ဖြတ်၍ အောင်ပွဲခံကြသည်။ ထို့ကြောင့် အမဲရပွဲတွင် တိရစ္ဆာန်ကောင်ရေ မည်မျှ သတ်ခဲ့ကြောင်း သင်္ချိုင်းမှတ်တမ်းတိုင်တွင် ရေးသားဖော်ပြကြသည်။ ထို့အပြင် အခြား ပြုလုပ်ခဲ့သည့် ပွဲအရေအတွက်နှင့် ယင်းပွဲများတွင် သတ်ဖြတ်ခဲ့သည့် တိရစ္ဆာန်ကောင်ရေတို့ကိုပါ ဖော်ပြထားသည်။

အုပ်ချုပ်မှုစနစ် ထွန်းကားခဲ့ပြီးနောက် အစိုးရထံမှ ငွေဓား၊ သေနတ်စသည်တို့ကို ရရှိဖူးသူများအား ရရှိသည့် အရေအတွက်အတိုင်း မှတ်တမ်းတိုင်ပေါ်တွင် ပုံဆွဲ၍ ဖော်ပြကြသည်။ ထို့ကြောင့် ချင်းကျေးရွာများရှိ သင်္ချိုင်းမှတ်တမ်းတိုင်များသည် သေသူ၏ စွမ်းဆောင်ခဲ့မှုများအတွက် မှတ်တမ်းများဖြစ်ပေသည်။

ရှေးအခါက ချင်းပြည်နယ်၏ ဝေးလံခေါင်ဖျားသော အရပ်များတွင် လူတစ်ယောက် သေဆုံးပါက သေသူနှင့်အတူ သူနေထိုင်သည့်အိမ်ကိုပါ စွန့်ပစ်ကြရသည်။ သေဆုံးသူ သုံးစွဲခဲ့သည့် ပစ္စည်းအားလုံးကို သုသာန်တွင် စွန့်ပစ်ကာ ယင်းတို့ကို အခြား မည်သူကမှ ယူဆောင်ခြင်းမရှိကြချေ။ ထို့အတူ ရှေးအခါက ချင်းလူမျိုးတစ်ဦး သေဆုံးလျှင် အလောင်းကို ကြပ်တင်ထားကာ သုံးနှစ်ကြာမှ မြေမြှုပ်သင်္ဂြိုဟ်လေ့ရှိခဲ့ကြောင်း ‘ချင်းရိုးရာ ချင်းဓလေ့’ စာအုပ်တွင် မှတ်တမ်းတင်ခဲ့သည်။

**ခိုမွာရ် သင်္ချိုင်းကန်တော့ပွဲ**

ချင်းလူမျိုးများသည် နှစ်စဉ် လောမအံ့နတ်ပွဲခေါ် နှစ်သစ်ကူးပွဲတော်နှင့် ခွါဒိုပွဲခေါ် ကောက်သိမ်းပွဲတို့ကို ကျင်းပလေ့ရှိသည်။ နှစ်သစ်ကူးပွဲတော်ကို တန်ခူးလပြည့်ကျော်နှင့် ကဆုန်လဆန်းတို့တွင် ကျင်းပကြကာ ကောက်သိမ်းချိန်ချင်း မတူညီကြသော်လည်း ခွါဒိုပွဲကို သီတင်းကျွတ်လပြည့်ဝန်းကျင်တွင် လုပ်လေ့ရှိကြသည်။

ခွါဒိုပွဲမကျင်းပမီ ချင်းလူမျိုးများသည် မိမိတို့ဆွေမျိုးသားချင်းများ မြှုပ်နှံထားသည့် သင်္ချိုင်း(ခိုမွာရ်)သို့သွားကာ ကန်တော့လေ့ရှိကြသည်။ ယင်းသို့ကန်တော့ခြင်းကို ညပိုင်းတွင် ပြုလုပ်လေ့ရှိကာ ညနေ ၆ နာရီအချိန်တွင် ရွာရှိ ကာလသားများက သင်္ချိုင်းသို့ ဦးစွာသွားရောက်၍ သစ်ရွက်ခြောက်များကို ပျားအုံတစ်ခုပုံသဏ္ဌာန် ပြုလုပ်ကြသည်။ ထို့နောက် သစ်ရွက်ပျားအုံကို အဝတ်ဖြင့်ထုပ်၍ လူနှစ်ယောက်က တုတ်ဖြင့်လျှိုကာ ထမ်းကြရသည်။

ရွာရှိ အမျိုးသမီးများက ခေါင်ရည်အိုးများ သယ်ဆောင်ကာ သင်္ချိုင်းသို့လာကြပြီး သင်္ချိုင်းတွင် ရောက်ရှိနေသူများက ခေါင်ရည်သောက်ကြသည်။ ထို့နောက် ကန်တော့ခြင်းအခမ်းအနားပြုလုပ်ရန် ရှေ့ဆုံးတွင် သစ်ရွက်ပျားအုံကို ထမ်းထားသူနှစ်ယောက်နှင့် ထင်းရှူးမီးတိုင် ကိုင်ထားသူတို့ နေရာယူပြီး ယင်းတို့နောက်မှ ကြေးနောင်တီးသူ၊ စည်တီးသူ၊ ပလွေမှုတ်သူများ လိုက်ပါကြရသည်။ ယင်းတို့နောက်တွင် သေနတ်ကိုင်ထားသူတစ်ယောက်လိုက်၍ ထင်းရှူးမီးတိုင်ကိုင်သူနှင့် သေနတ်ကိုင်သူများက တစ်ယောက်ခြားတန်းစီကာ ကျန်သူများက ထင်းရှူးမီးတိုင်များ ကိုင်၍ နောက်မှ လိုက်ပါကြသည်။

ညအမှောင်တွင် ထင်းရှူးမီးတိုင်များကိုင်ထားသည့် လူတန်းကြီးသည် တီးမှုတ်သံများနှင့်အတူ ကခုန်ကြပြီး သင်္ချိုင်းကို သုံးပတ်ပတ်ခြင်းဖြင့် ကွယ်လွန်သူများအား ကန်တော့ကြသည်။ ထို့နောက် တီးမှုတ်ကခုန်လျက် ရွာအတွင်းသို့ ပြန်လည်ဝင်ရောက် ကြရသည်။

သင်္ချိုင်းကို လှည့်ပတ်ခြင်းနှင့် ရွာသို့ပြန်လာခြင်းတွင် စည်းချက်ညီညီ လှုပ်ရှားကြရသည်။ ဘယ်ခြေကိုလှမ်းတိုင်းတွင် ထင်းရှူးမီးတိုင်ကို အောက်သို့နှိမ့်ချလိုက်ရပြီး ညာခြေကိုလှမ်းတိုင်း မီးတိုင်ကို ပခုံးထက်သို့ မြှောက်တင်လိုက်ခြင်းဖြင့် ယိမ်းကနေသည့်နှယ် ဖြစ်ပေသည်။ ရွာအပြန်တွင် ရိုးရာသီချင်းများ သီဆိုလာခဲ့ကြပြီး ရွာသို့ရောက်လျှင် တစ်ညလုံးနီးပါး ခေါင်ရည်သောက်ကာ ပျော်ရွှင်စွာ သီဆိုကခုန်ကြသည်။

မိုးလင်းလုနီးချိန်တွင် အိမ်များပေါ်သို့ တက်က၍ စုန်း(အိုဟောလ်)ကို နှင်ကြရသည်။ ထို့နောက် အိမ်ပြင်သို့ပြန်ထွက်၍ အိမ်ကပြင်တွင် ညဦးပိုင်းကထားခဲ့သည့် ငှက်ပျောဖက်များပေါ်၌ ထင်းရှူးတိုင်များကိုချကာ သင်္ချိုင်းကန်တော့ပွဲကို ရုပ်သိမ်းလေ့ရှိကြသည်။

ချင်းတိုင်းရင်းသားများ၏ တစ်မူထူးခြားသည့် အသုဘဓလေ့သည် ဒြပ်မဲ့ယဉ်ကျေးမှုတစ်ရပ်အဖြစ် ချင်းပြည်နယ်၏ ကျေးလက်တောရွာများတွင် ကျင့်သုံးနေကြဆဲဖြစ်သော်လည်း မြို့ပြ ဖွံ့ဖြိုးလာမှု၊ လူဦးရေ သိပ်သည်းလာမှု၊ ယဉ်ကျေးမှုများ ကူးစက်လာမှု စသည့်အကြောင်းများစွာကြောင့် တောင်ပေါ်ဒေသနေ ချင်းတိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်းအချို့နှင့်အတူ မှေးမှိန်လာခဲ့ကာ မကြာသော နှစ်များအတွင်း ပျောက်ကွယ်သွားဖွယ် ရှိပေသည်။

ချင်းတိုင်းရင်းသားများ၏ ဘိုးဘွားစဉ်ဆက် ကျင့်သုံးခဲ့သည့် အသုဘဓလေ့များသည် မြန်မာနိုင်ငံ၏ ဒြပ်မဲ့ ယဉ်ကျေးမှုများအဖြစ် တည်ရှိခဲ့သဖြင့် ယင်းတို့ကို ဆက်လက်ထိန်းသိမ်းနိုင်ပါက ချင်းတိုင်းရင်းသားများ၏ ထူးခြားသော ဓလေ့ထုံးတမ်းတစ်ရပ်ကို နှောင်းလူများ မြင်တွေ့ခံစားနိုင်မည်ဖြစ်ကာ ထူးခြားသော အမွေအနှစ် တစ်ရပ်အဖြစ် ဂုဏ်ယူနိုင်ကြမည်ဖြစ်ပေသည်။ ။


**ကိုးကား**

(၁) ချင်းပြည်နယ်ဒေသဆိုင်ရာ အချက်အလက်များ (ပြည်ထဲရေးဝန်ကြီးဌာန)

(၂) ချင်းလူမျိုးများ၏ ဓလေ့ထုံးတမ်း (ချင်းသမိုင်း ရှာဖွေပြုစုရေးကော်မတီ)

(၃) ချင်းရိုးမဆီ ရောက်ခဲ့စဉ် (သောင်းသန်းသစ်)




# အောင်လံမြို့နယ်မှ နှမ်းများ ဈေးကွက်အခြေအနေကောင်းနေ

**အောင်လံ စက်တင်ဘာ ၉**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်တွင် ယခုနှစ် မိုးနှမ်းစိုက်ဧက ၅၉၈၁၅ ဧကရှိသည့်အနက် ကျေးရွာ ၂၆ ရွာ၌ မိုးနှမ်း ၄၈၅၅ ဒသမ ၈၈ ဧကကို စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများစနစ်ဖြင့် စိုက်ပျိုးခဲ့ကြရာ မိုးနှမ်း(စမုံနက်)စိုက်ခင်းများမှ ပျမ်းမျှ တစ်ဧကလျှင် ၁၂ တင်းနှုန်း ထွက်ရှိကြောင်းနှင့် အဆိုပါ ဒေသထွက်နှမ်းများကို ဂျပန်နှင့် တရုတ် နိုင်ငံများမှ အဝယ်လိုက်လာသဖြင့် သာမန်နှမ်းများထက် တစ်အိတ်(၄၅ ပိဿာ)လျှင် ကျပ်တစ်သောင်းခန့် ပိုရပြီး တောင်သူများအနေဖြင့် များစွာ အဆင်ပြေလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိုးနှမ်းကို စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများစနစ်ဖြင့် စိုက်ရန်အတွက် မြေပြင်ချိန်မှစတင်၍ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ တာဝန်ရှိသူများက ဂျပန်စိုက်ပျိုးရေးပညာရှင်များနှင့် ပူးပေါင်း၍ ကွင်းဆင်းတိုင်းတာခြင်း၊ သုတေသနပြုခြင်းနှင့် တောင်သူပညာပေးခြင်းတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့သဖြင့် ယခုလို သီးနှံများအောင်မြင်ဖြစ်ထွန်းလာခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် အောင်လံမြို့နယ်ထွက် နှမ်းနက်ကို ဂျပန်နှင့် တရုတ်နိုင်ငံမှ ဝယ်လက်များက ဝယ်ယူသည့်အခါ အက်ဆစ်ဓာတ်ပါဝင်မှုကို AV Chacker ဖြင့် တိုင်းတာပြီး အက်ဆစ်ဓာတ်ပါဝင်မှု ၂ ဒသမ ၅ FFA အထိ လက်ခံဝယ်ယူလျက်ရှိကြောင်းနှင့် ပုံမှန်စိုက်ပျိုးသော နှမ်းနက်သည် တစ်အိတ်လျှင် ငွေကျပ် ၂၆၀၀၀၀ ကျော်သာ ဈေးရသော်လည်း စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများစနစ်ဖြင့် နှမ်းနက်မှာ တစ်အိတ်လျှင် ငွေကျပ် ၂၇၂၀၀၀ အထိ ဈေးရရှိနေကြောင်း အောင်လံမြို့နယ် ကုန်သည်ကြီးများအသင်းထံမှ သိရသည်။

**သိန်းလွင် (အောင်လံ)**



## ကျပ်သိန်း ၁၆၀၀ ကျော်ဖြင့် ယမားချောင်းကူး သံကူကွန်ကရစ်တံတား တည်ဆောက်ရန် ပန္နက်တင်

**ပုလဲ စက်တင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်အတွင်း ပုလဲမြို့နှင့် ၃၅ မိုင်ကွာဝေးသော ပုံတောင်ဒေသရှိ သစ်ကြီးတိုင်း - မယင်း-ခင်သာ ကျေးရွာချင်းဆက်လမ်းပေါ်၌ မန္တလေးမြို့နေ ဦးကျော်ဝင်း (ဝင်းယူနိုက်တက် ကျောက်မျက်ကုမ္ပဏီ) မိသားစုက ကျပ်သိန်း ၁၆၀၀ အကုန်အကျခံ၍ ဆောက်လုပ်လှူဒါန်းမည့် ယမားချောင်းကူး သံကူကွန်ကရစ် တံတားသစ် တည်ဆောက်ရန် ပန္နက်တင်ပွဲကို စက်တင်ဘာ ၇ ရက်က တံတား တည်ဆောက်မည့် ယမားချောင်းထိပ်နေရာ၌ ကျင်းပခဲ့သည်။

ထို့နောက် ဆရာတော်များက အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ကာ အလှူရှင် မိသားစုက တံတားတည်ဆောက်မည့်နေရာ၌ ပန္နက်တိုင် စိုက်ထူပေးခဲ့သည်။

အဆိုပါ ယမားချောင်းကူး တံတားသစ်ကို အရှည် ပေ ၇၀၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၈ ပေရှိသော သံကူကွန်ကရစ် တံတားအမျိုးအစားအဖြစ် ဆောက်လုပ်မည်ဖြစ်ပြီး တံတားခံနိုင်ဝန်မှာ တန် ၃၀ ဖြစ်ကြောင်း၊ တံတားအတွက် ကုန်ကျစရိတ်မှာ ကျပ် ၁၆၃၅ သိန်းကျော်ဖြစ်ပြီး မုံရွာမြို့မှ S7 ကုမ္ပဏီက တာဝန်ယူ၍ ၂၀၂၀ မတ်လကုန်တွင် ပြီးစီးအောင် တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အာဆီယံ CYBER KIDS ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ကျောင်းသူတစ်ဦး ရွှေတံဆိပ်ဆုရရှိ

**မူဆယ် စက်တင်ဘာ ၉**

ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင် ကျင်းပပြုလုပ်သည့် ASEAN Cyber Kids Camp (ACC) 2019 ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအနေဖြင့် သွားရောက်ယှဉ်ပြိုင်ခဲ့သော ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ ICTC ကိုယ်ပိုင်အလယ်တန်းကျောင်းမှ စတုတ္ထတန်းကျောင်းသူ မဆုမြတ်မေက ရွှေတံဆိပ်ဆု ရရှိခဲ့ကြောင်း သိရသည်။

မဆုမြတ်မေသည် အဆိုပါပြိုင်ပွဲအတွက် ခရိုင်နှင့် မြို့နယ်အဆင့်ကို မူဆယ်မြို့တွင် ဇွန် ၂၉ ရက်ကလည်းကောင်း၊ ရှမ်းပြည်နယ်အဆင့်ကို လားရှိုးမြို့တွင် ဇူလိုင် ၂ ရက်ကလည်းကောင်း၊ ဗဟိုအဆင့်ကို နေပြည်တော်၌ ဇူလိုင် ၈ ရက်ကလည်းကောင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာတွင် ရန်ကုန်တိုင်းဒေသကြီး အထက(၁)ဒဂုံကျောင်းမှ စတုတ္ထတန်းကျောင်းသား မောင်စစ်လင်းဘုန်းနှင့်အတူ ရွေးချယ်ခံခဲ့ရပြီး ဇူလိုင် ၂၆ မှ ဩဂုတ် ၉ ရက်အထိ ရန်ကုန်မြို့ အထက(၁)ဒဂုံကျောင်း၌ မောင်စစ်လင်းဘုန်းနှင့်အတူ စခန်းသွင်း ကြိုတင်လေ့ကျင့်မှုများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ဩဂုတ် ၁၁ ရက်တွင် ဟနွိုင်းမြို့သို့ စတင်ထွက်ခွာခဲ့ကြပြီး ပြိုင်ပွဲကို ၁၃ ရက်နှင့် ၁၄ ရက် နှစ်ရက်ကြာ ယှဉ်ပြိုင်ခဲ့သည်။ အဆိုပါပြိုင်ပွဲတွင် အာဆီယံနိုင်ငံ ၁၀ နိုင်ငံမှ ကျောင်းသားကျောင်းသူ နှစ်ဦးစီဖြင့် စုစုပေါင်း ၂၀ ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြပြီး ကာတွန်းလေးများဖြင့် ဇာတ်လမ်း (Story)များ ပုံဖော်ပေးခြင်း၊ Comment ပေးပြီး ကာတွန်းပုံများဖြင့် အသက်ဝင်လာအောင် ရေးဆွဲခြင်း၊ ပညာရေးဆိုင်ရာ သင်ကြားမှုများတွင် အထောက်အကူပြုစေမည့် ပရိုဂရမ်များ ရေးဆွဲခြင်းတို့ကို ယှဉ်ပြိုင်ခဲ့ရကြောင်း ရွှေတံဆိပ်ဆုရရှိသူ မဆုမြတ်မေ၏ ပြောကြားချက်အရ သိရသည်။

"ပြိုင်ပွဲကို မြန်မာနိုင်ငံကိုယ်စားပြုအနေနဲ့ သွားရောက်ယှဉ်ပြိုင်ခဲ့ရပါတယ်၊ အာဆီယံနိုင်ငံ ၁၀ နိုင်ငံမှာရှိတဲ့ ကျောင်းသား ကျောင်းသူတွေနဲ့ ယှဉ်ပြိုင်ခွင့်ရတာ ဂုဏ်ယူမိပါတယ်၊ မောင်လေး၊ ညီမလေးတွေနဲ့ မမ၊ ကိုကိုတို့ကိုလည်း ဒီလိုပြိုင်ပွဲများ ဝင်ရောက် ယှဉ်ပြိုင်စေလိုပါတယ်၊ လိုအပ်မှုတွေရှိမယ်ဆိုရင်လည်း သမီးဘက်က အတတ်နိုင်ဆုံး ပြောပြပေးပါ့မယ်"ဟု မဆုမြတ်မေက ပြိုင်ပွဲများသို့ မြန်မာကျောင်းသား ကျောင်းသူ လူငယ်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြရန် ဖိတ်ခေါ်ပြောကြားခဲ့သည်။



ရွှေတံဆိပ်ဆုရှင် မဆုမြတ်မေအား ဂုဏ်ပြုဆုငွေ ချီးမြှင့်နေစဉ်

ဟနွိုင်းမြို့သို့ နိုင်ငံတော်ကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ခဲ့ခြင်းအတွက် မဆုမြတ်မေ၏ ခရီးကုန်ကျစရိတ်များကို ASEAN Cyber Kids Organization က တာဝန်ယူ ဆောင်ရွက်ပေးခဲ့ပြီး မဆုမြတ်မေသည် မြန်မာနိုင်ငံသို့ ဩဂုတ် ၁၅ ရက်တွင် ရောက်ရှိကာ ၂၇ ရက်တွင် မူဆယ်သို့ ပြန်လည်ရောက်ရှိလာခဲ့သည်။

မဆုမြတ်မေ၏မိခင်ဖြစ်သူ ဒေါ်ကြည်သာထွန်းက "ရွှေတံဆိပ်ဆုရဖို့ထက် သမီးလေးကို အတွေ့အကြုံကောင်းလေးတွေ ပိုပြီးရစေချင်ပါတယ်၊ ခုလို နိုင်ငံတော်ကိုယ်စား ရွှေတံဆိပ်ဆု ရရှိတဲ့အတွက်တော့ အတိုင်းမသိ ဝမ်းသာမိပါတယ်၊ နိုင်ငံကိုယ်စားပြု ယှဉ်ပြိုင်ရတဲ့အခါမှာ နိုင်ငံတော်ရဲ့ ပံ့ပိုးကူညီမှုတွေလည်း လိုအပ်ပါတယ်၊ တခြားကလေးတွေ ရွေးချယ်ခံရတဲ့အခါမှာလည်း နိုင်ငံတော်က ပံ့ပိုးနိုင်ဖို့ လိုအပ်ပါတယ်" ဟု ပြောကြားသည်။

နယ်မြို့လေးမှ နိုင်ငံတော်ကိုယ်စားပြု ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ်ဆုကို ရရှိခဲ့ခြင်းကြောင့် ဝမ်းမြောက် ဂုဏ်ယူမိကြောင်းနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသည့် ဌာနဆိုင်ရာများကိုလည်း အထူးကျေးဇူးတင်ပါကြောင်း မဆုမြတ်မေ၏ မိဘများက ပြောကြားခဲ့သည်။

နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်ဆု ရရှိလာခဲ့သည့် မဆုမြတ်မေအတွက် မူဆယ်မြို့မှ သက်ဆိုင်သည့် ဌာနဆိုင်ရာများနှင့် ICTC ကိုယ်ပိုင်ကျောင်းတို့ ပူးပေါင်း၍ ဂုဏ်ပြုပွဲကို ဩဂုတ် ၂၉ ရက်က ICTC ကျောင်း၌ ကျင်းပပေးခဲ့ပြီး မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်စိုးသန့်နှင့် ခရိုင်ပညာရေးမှူးရုံးမှ (ခေတ္တ)လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးတင့်တို့က ဂုဏ်ပြုစကားများ ပြောကြားကာ မဆုမြတ်မေက ပြိုင်ပွဲနှင့် ပတ်သက်သည့် အတွေ့အကြုံများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသူရိန်၊ မူဆယ်ခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့၏ ဥက္ကဋ္ဌ ဒေါ်မိုးသူတင့်နှင့် တာဝန်ရှိသူများက မဆုမြတ်မေအား ဂုဏ်ပြုလက်မှတ်များနှင့် ပညာသင်ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။ မဆုမြတ်မေအား မူဆယ်ခရိုင် စီမံခန့်ခွဲရေးကော်မတီမှ ဂုဏ်ပြုဆုငွေ ကျပ် ခြောက်သိန်းခွဲ၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီက လက်တော့ပ်တစ်လုံး၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့က ဂုဏ်ပြုဆုငွေ ကျပ်တစ်သိန်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ကနေ ကျပ်ငါးသောင်းတို့ကို ဂုဏ်ပြုပေးအပ်ခဲ့ကြောင်း သိရသည်။

**ဆလိုင်းဗန်ရိုးထန်**

## ကိုရီးယား-မြန်မာ အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့ငြိမ်းချမ်းရေး အမျိုးသမီးညီလာခံ မန္တလေး၌ကျင်းပ

**မန္တလေး စက်တင်ဘာ ၉**

မန္တလေးအခြေစိုက် ကိုရီးယား-မြန်မာ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးညီလာခံ (မန္တလေးအဖွဲ့ခွဲ)က ကြီးမှူး၍ (၅)ကြိမ်မြောက် ကိုရီးယား-မြန်မာ အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့ငြိမ်းချမ်းရေး အမျိုးသမီးညီလာခံ(WARP Summit)ကို မန္တလေးတက္ကသိုလ် ခရစ်ယာန်မိတ်သဟာယအသင်း၌ စက်တင်ဘာ ၇ ရက်က ကျင်းပခဲ့သည်။

ညီလာခံတွင် နိုင်ငံတကာ အမျိုးသမီးများအဖွဲ့ဥက္ကဋ္ဌ၏ သဝဏ်လွှာကို အဘိဓမ္မာတက္ကသိုလ်မှ ဒေါက်တာဒေါ်ခင်သီတာဟန်က ဖတ်ကြားပြီး IWPG(ကိုရီးယား)အဖွဲ့အကြောင်းကို YWCA အတွင်းရေးမှူး ဒေါ်ခင်မူမူဟန်က ရှင်းလင်းပြောကြားသည်။ ထို့နောက် ဦးမောင်မောင်လွင်နှင့် အဖွဲ့က ငြိမ်းချမ်းရေးသီချင်း ဂုဏ်ပြုသီဆိုပြီး တရားလွှတ်တော်ရှေ့နေ ဦးခင်မောင်သန်း(ဆိုင်းတန်း)၊ ဒေါ်မဥ္ဇူဝင်းနှင့် ဆရာတိုနီတို့က ပြည်တွင်းငြိမ်းချမ်းရေးဆိုင်ရာများ၊ ကမ္ဘာ့ငြိမ်းချမ်းရေးဆိုင်ရာများနှင့် ငြိမ်းချမ်းရေးအတွက် အမျိုးသမီးများ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးသဖြင့် ငြိမ်းချမ်းရေးတွင် အမျိုးသမီးများလည်း ပါဝင်ရန်လိုကြောင်း ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ငြိမ်းချမ်းရေးလှုပ်ရှားမှုအကဖြင့် ဖျော်ဖြေပြီးနောက် မက်သဒစ်အသင်းတော်မှ သိက္ခာတော်ရဆရာတော် ဒေါက်တာဇော်ဝင်းအောင်က ဆုမွန်ကောင်းတောင်း၍ အခမ်းနားကို ရုပ်သိမ်းခဲ့သည်။

**ခင်ခင်ဝင်း (ပညာရေး)**

# မယ်စဲ့မြို့နယ်မှ ကျေးလက်နေပြည်သူများအား အခမဲ့ဆေးဝါးကုသပေး

**မယ်စဲ့ စက်တင်ဘာ ၉**

ကယားပြည်နယ် မယ်စဲ့မြို့နယ် ကျန်းမာရေးဦးစီးဌာန အနေဖြင့် မြို့နယ်အတွင်း ကျေးရွာများအရောက် ကွင်းဆင်း၍ ဒေသခံ တိုင်းရင်းသား ပြည်သူများအား အခမဲ့



ဆေးဝါးကုသမှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ စက်တင်ဘာ ၈ ရက်က ပန်တိန်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ၌ အခြေပြု၍ ဒေသခံပြည်သူများအား ဆေးကုသပေးခဲ့ကြောင်း သိရသည်။

ကျေးရွာနေပြည်သူများအား အခမဲ့ ဆေးကုသပေးရာတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ဇော်ထွန်းနှင့် ကျန်းမာရေး ဝန်ထမ်းများက ကိုယ်ဝန်ဆောင်မိခင်နှင့် ငါးနှစ်အောက် ကလေးများအား ကျန်းမာရေးစစ်ဆေး၍ ဆေးဝါးကုသပေးခြင်း၊ ငှက်ဖျားရောဂါပိုး ရှိ/မရှိ စစ်ဆေးကုသပေးခြင်းနှင့် အထွေထွေရောဂါများ စစ်ဆေးကုသပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ စုစုပေါင်း လူနာ ၄၈ ဦးအား ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

**ဝတ်ရည် (ပြန်/ဆက်)**

## နမ့်ခမ်းမြို့၌ အာဖရိကဝက်အပြင်းဖျားရောဂါအကြောင်း ဆွေးနွေး

**နမ့်ခမ်း စက်တင်ဘာ ၉**

အာဖရိကဝက်အပြင်းဖျားရောဂါအကြောင်းနှင့် ကြိုတင်ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ မူဆယ်ခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသန်းနိုင်က အမှာစကားပြောကြားခဲ့သည်။ ယင်းနောက် မြို့နယ်ဦးစီးဌာနမှူး ဦးစီးအရာရှိ ဒေါက်တာဇော်မင်းထွန်းက အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာကြသော သတင်းမီဒီယာသမားများ၊ ရပ်ကွက်ကျေးရွာများမှ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ၊ စားသောက်ဆိုင်လုပ်ကိုင်သူများ၊ အသားထုတ်လုပ်ရောင်းချသူများက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းပြီး မြို့နယ်ဦးစီးဌာနမှူး ဦးစီးအရာရှိက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**ညာဏ်မင်း (နမ့်ခမ်း)**

# (၅၅)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

**အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၅)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြို့နယ်အသီးသီးမှ မြို့နယ်ရဲတပ်ဖွဲ့များနှင့် နယ်မြေ ရဲစခန်းများမှ တပ်ဖွဲ့ဝင်များက ဒေသအလိုက် အများပြည်သူဆိုင်ရာ နေရာများတွင် စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်း အပါအဝင် ပြည်သူ့အကျိုးပြု လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။**

**မော်လမြိုင်**

မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သက်နိုင် ဦးဆောင်၍ ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး၊ ပြည်နယ်ရဲအကူတပ်ဖွဲ့ခွဲ၊ မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် ရဲစခန်းများ၊ အမှတ်(၁၂) ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲ၊ အမှတ်(၉) မှုခင်းရဲတပ်ဖွဲ့စု၊ အမှတ်(၉) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု၊ အမှတ်(၃၈) မူးယစ်တပ်ဖွဲ့စု၊ အမှတ်(၁၅) ရထားရဲတပ်ဖွဲ့စုနှင့် အမှတ်(၁၂)ကမ္ဘာလှည့်ရဲတပ်ဖွဲ့စုတို့မှ တပ်ဖွဲ့ဝင်များ စုစုပေါင်း ၂၀၄ ဦးသည် မော်လမြိုင်မြို့ အထက (၆) ကျောင်းဝင်းအတွင်းရှိ အမှိုက်များ ရှင်းလင်းခြင်းနှင့် ချုံနွယ် သစ်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်းကို မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အား ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပြည်သူ့အကျိုးပြုဆောင်ရွက်ခဲ့သည်။ အဆိုပါ တပ်ဖွဲ့ဝင်များသည် စက်တင်ဘာလ တတိယပတ်ထဲတွင်လည်း မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



**စစ်ကိုင်း**

စစ်ကိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်မောင်စိန် ဦးစီးသော စစ်ကိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ စစ်ကိုင်းမြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ နယ်မြေရဲစခန်းများမှ တပ်ဖွဲ့ဝင်များနှင့် အမှတ်(၁၀၅) ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ စုစုပေါင်း ၁၀၀ ပါဝင်သော အဖွဲ့သည် စစ်ကိုင်းမြို့ သောတာပန်ရပ်ကွက်ရှိ လေးကျွန်းမာရ်အောင်ဘုရား၌ ပြည်သူ့အကျိုးပြုလုပ်အားဒါနအဖြစ် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို စက်တင်ဘာ ၇ ရက်က ဆောင်ရွက်ခဲ့သည်။

**(၀၇၇)**

**တပ်ကုန်း**

ရန်ကုန်-မန္တလေး အမြန်လမ်း ပြင်စည်ရဲစခန်းမှ ရဲအုပ်စိန်ဒိုး ဦးစီးသော ရဲတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၇ ရက်က အမြန်လမ်း မိုင်တိုင်အမှတ် (၃၁၅)အနီးရှိ စည်ကြီးဆွဲဘုရားဝန်းအတွင်း ပေါင်းမြက်များ၊ အမှိုက်များ၊ ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်း၍ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြသည်။

**တင်ထွန်းတာ (တပ်ကုန်း)**

**ကျောက်ပန်းတောင်း**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားရဲကင်းစခန်းမှ စခန်းမှူး ရဲအုပ်လမင်း ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များသည် ပုပ္ပားဒေသခံ လူမှုရေးအသင်းအဖွဲ့များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ငြိမ်းချမ်းရေး အမှိုက်ကောက်အဖွဲ့မှ အဖွဲ့ဝင်များနှင့် ပူးပေါင်းလျက် စက်တင်ဘာ ၈ ရက်က ပုပ္ပားတိုက်နယ်ဆေးရုံဝန်းကျင်၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

**နေအောင် (ပြန်/ဆက်)**

# ဘက်စုံအဆင့်မြင့်ကျေးရွာမှ တောင်သူများအား ဓာတ်မြေသြဇာများ ထောက်ပံ့ပေးအပ်

**မိုင်းဖြတ် စက်တင်ဘာ ၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင်နှင့် မိုင်းဖြတ်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနတို့က ကြီးကြပ်ဆောင်ရွက်နေသည့် ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာများမှ မိုးစပါးစိုက် တောင်သူများအား သွင်းအားစု ဓာတ်မြေသြဇာများ ထောက်ပံ့ပေးအပ်ပွဲကို စက်တင်ဘာ ၉ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။

ထောက်ပံ့ပွဲတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်က အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်က ဒေသအတွင်း မိုးရွာသွန်းမှု နည်းပါးခြင်းကြောင့် တောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများ အခက်အခဲရှိလာရာ တောင်သူများအနေဖြင့် စိုက်ပျိုးရေးဦးစီးဌာန၏ ညွှန်ကြားမှုများကို လိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။ ထို့နောက် တာချီလိတ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးလှဝင်းက ဓာတ်မြေသြဇာများ ထောက်ပံ့ပေးအပ်သည့် ရည်ရွယ်ချက်များနှင့် မြေသြဇာ စနစ်တကျ သုံးစွဲနည်းများ၊ ပြောင်းလဲလာသည့် ရာသီဥတုနှင့်အညီ ပြောင်းလဲစိုက်ပျိုးရမည့် သီးနှံစိုက်ပျိုးရေး နည်းစနစ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဝမ်ပုံကျေးရွာအုပ်စု ဝမ်ပုံနှင့် ဝမ်ယန်းကျေးရွာများရှိ မိုးစပါးစိုက်တောင်သူ ၇၅ ဦးအား စိုက်ပျိုးရေးသွင်းအားစုများဖြစ်သော ကွန်ပေါင်းမြေသြဇာ၊ ယူရီးယားမြေသြဇာနှင့် ပိုးသတ်ဆေးအရည်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ တာချီလိတ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

**မြို့နယ် (ပြန်/ဆက်)**

# ကွန်ပျူတာနှင့် နည်းပညာ တက္ကသိုလ်ကျောင်းသားများ၏ Cloud နှင့် AI နည်းပညာပြိုင်ပွဲ ဆုများချီးမြှင့်

**ရန်ကုန် စက်တင်ဘာ ၉**

မြန်မာနိုင်ငံတစ်ဝန်းရှိ ကွန်ပျူတာတက္ကသိုလ်များနှင့် နည်းပညာတက္ကသိုလ်များမှ ဘွဲ့ကြိုနှင့် ဘွဲ့လွန်ကျောင်းသားများ ပါဝင်ယှဉ်ပြိုင်သော Cloud နှင့် AI နည်းပညာပြိုင်ပွဲကို စက်တင်ဘာ ၇ ရက်က ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ MICT ခန်းမ၌ ကျင်းပခဲ့ပြီး ဆုရရှိသူများအား ဆုများလည်း ပေးအပ်ချီးမြှင့်ခဲ့သည်။

ပြိုင်ပွဲကို မြန်မာနိုင်ငံ ပါမောက္ခချုပ်များကော်မတီ၊ ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနနှင့် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်တို့ ပူးပေါင်း၍ ဟွာဝေးကုမ္ပဏီ၏ ကူညီပံ့ပိုးမှုဖြင့် ကျင်းပခြင်းဖြစ်သည်။ ပြိုင်ပွဲအတွက် နိုင်ငံ တစ်ဝန်းရှိ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များမှ အသင်းပေါင်း ၄၈ သင်း ယှဉ်ပြိုင်ခဲ့ရာ ဒိုင်ခုနစ်ဦးက နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုနှင့် အမြော်အမြင်ရှိမှု ၊ ကိုယ်ပိုင်အတွေးအခေါ် အယူအဆ၊ solution ၏ ဆင့်ကဲတိုးတက်နိုင်မှု၊ လုပ်ငန်းပိုင်းဆိုင်ရာအမြင်ရှိမှု၊ စီးပွားရေးဆိုင်ရာ တွေးခေါ်နိုင်မှု၊ နှစ်ဦးနှစ်ဖက် အကျိုးပြုနိုင်သော ဒီဇိုင်းပုံစံနှင့် တီထွင်ကြံဆမှုဟန်ပန် အစရှိသော စံချိန်စံညွှန်းများအပေါ် မူတည်၍ ၁၁ သင်းကို ဆုရွေးချယ်ခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲတွင် ဘွဲ့ကြိုအသင်းအုပ်စုနှင့် ဘွဲ့လွန်အသင်းအုပ်စုဟု အုပ်စုနှစ်စုခွဲ၍ ယှဉ်ပြိုင်ခဲ့ရာ ဘွဲ့လွန် အုပ်စုပြိုင်ပွဲတွင် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်မှ အသင်း Team Data Jook မှ ကျောင်းသူ သုံးဦးက ဆွံ့အနားမကြားသူများအတွက် အထောက်အကူဖြစ်စေမည့် အက်ပလီကေးရှင်းဖြင့် ပထမဆု၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၏ ဘွဲ့လွန်အသင်းတစ်သင်းဖြစ်သော Team Spirit အသင်းမှ ကျောင်းသားသုံးဦးက ယနေ့ ရန်ကုန်မြို့တွင် ကြုံတွေ့နေရသည့် ယာဉ်ကြောဆိုင်ရာ ပြဿနာများကို ဖြေရှင်းလျှော့ချပေးမည့် တိုင်မယ် အက်ပလီကေးရှင်းဖြင့် ဒုတိယဆုကို ရရှိပြီး မန္တလေး ကွန်ပျူတာ တက္ကသိုလ်မှ ဘွဲ့လွန်ကျောင်းသူများ၏ Team Taohm-Thu အသင်း၊ ရန်ကုန်ကွန်ပျူတာ တက္ကသိုလ်မှ Team TNC Stars အသင်း၊ သတင်းအချက်အလက်နှင့်နည်းပညာတက္ကသိုလ်(ရန်ကုန်)နှင့် Edinburgh Napier University (Myanmar Campus)မှ Team Binary အသင်းတို့က တတိယဆုများကို ရရှိခဲ့သည်။




ဘွဲ့ကြိုအုပ်စုပြိုင်ပွဲတွင် ပထမဆုရသည့် တောင်ငူ ကွန်ပျူတာတက္ကသိုလ်မှ Team UCS အသင်း

ဘွဲ့ကြိုအုပ်စုတွင် တောင်ငူကွန်ပျူတာတက္ကသိုလ်မှ Team UCS အသင်းက လယ်ယာမြေများတွင် ပိုးမွှားအန္တရာယ်နှင့်ပတ်သက်၍ လယ်သမားများကို အထောက်အကူဖြစ်စေမည့် Paddy insects detection system ပါဝင်သော အက်ပလီကေးရှင်းဖြင့် ပထမဆု၊ နည်းပညာတက္ကသိုလ်(ရတနာပုံဆိုက်ဘာစီးတီး)နှင့် မန္တလေးကွန်ပျူတာတက္ကသိုလ်တို့မှ ကျောင်းသား သုံးဦး၏ Team YCSM အသင်းက မီတာခပေးဆောင်ရာတွင် ပိုမိုလွယ်ကူအဆင်ပြေစေမည့် အက်ပလီကေးရှင်းဖြင့် ဒုတိယဆု၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်မှ ကျောင်းသူ သုံးဦး၏ Team UCSY-Virus အသင်းက Healthcare AI အက်ပလီကေးရှင်းဖြင့် ဒုတိယဆုကို ရရှိပြီး ကျောက်ဆည်နည်းပညာတက္ကသိုလ်မှ Team SKY အသင်း၊ တောင်ကြီးနည်းပညာတက္ကသိုလ်မှ Team Info အသင်းနှင့် မိတ္ထီလာနည်းပညာတက္ကသိုလ်မှ Team Travel အသင်းတို့က တတိယဆုများကို ရရှိခဲ့သည်။

မြန်မာနိုင်ငံ ပါမောက္ခချုပ်များကော်မတီ ဥက္ကဋ္ဌ ဒေါက်တာဇော်ဝေစိုးက "ယနေ့ပြိုင်ပွဲဟာ Cloud နဲ့ AI ကို အသုံးပြုပြီး မြန်မာနိုင်ငံအတွက် အသုံးဝင်တဲ့ နည်းပညာတွေကို ဖော်ထုတ်ပေးနိုင်တာကို တွေ့မြင်ရတာဟာ ဝမ်းသာဂုဏ်ယူစရာပါ။ ကျွန်တော်တို့ ကျောင်းသားလေးတွေဟာ အခွင့်အရေးရရင် ရသလောက် အစွမ်းပြနိုင်တယ်ဆိုတာကို ပြစေချင်တယ်၊ အရည်အချင်းရှိတဲ့ ကျောင်းသားကျောင်းသူတွေအတွက် နောက်ထပ်အစီအစဉ်တွေ ဆောင်ရွက်ပေးနိုင်ဖို့လည်း မျှော်လင့်ပါတယ်"ဟု ပြောသည်။

မြန်မာနိုင်ငံ၏ အနာဂတ် ICT နယ်ပယ်တွင် မျိုးဆက်သစ်လူငယ်များ တိုးတက်ဖွံ့ဖြိုးစေမည့် အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများကို ပံ့ပိုးပေးရန်ဟူသော ရည်ရွယ်ချက်ဖြင့် ယခုပြိုင်ပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သန်းထိုက်၊ ဓာတ်ပုံ - သန်းစိုး**

# ပူတာအိုခရိုင်အဆင့် ကိုယ်ကာယလေ့ကျင့်ခန်း စနစ်သစ်သင်တန်းများ ဆင်း

**ပူတာအို စက်တင်ဘာ ၉**

ကချင်ပြည်နယ် ပူတာအိုခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ခရိုင်ပညာရေးဌာနတို့ ပူးပေါင်းဖွင့်လှစ်ခဲ့သည့် ၂၀၁၉ ခုနှစ် ခရိုင်အဆင့် ကိုယ်ကာယလေ့ကျင့်ခန်းစနစ်သစ် သင်တန်းများဆင်းပွဲကို စက်တင်ဘာ ၉ ရက်က ပူတာအိုမြို့ အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ခရိုင် အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်က အမှာစကားပြောကြားပြီး သင်တန်းနည်းပြဆရာမနှစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။ ထို့နောက် သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များနှင့် သင်တန်းတွင် ထူးချွန်သူများအား ဆုများကို ခရိုင် အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ပြီး သင်တန်းသူများက အဖွဲ့လိုက် အေရိုးဗစ်စနစ်သစ်ကကွက် ၄၆ ကွက် ကပြခြင်းနှင့် ကိုယ်ကာယလေ့ကျင့်ခန်းသရုပ်ပြ ကပြဖျော်ဖြေခြင်းများ ပြုလုပ်ခဲ့သည်။



သင်တန်းသူများက အေရိုးဗစ်စနစ်သစ်က ကွက် ၄၆ ကွက်ကို သရုပ်ပြစဉ်။

အဆိုပါသင်တန်းကို ကျောင်းပေါင်းစုံ အေရိုးဗစ်ပြိုင်ပွဲများ ကျင်းပနိုင်ရေး၊ ကျောင်းသား ကျောင်းသူများ ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားလာရေး၊ ကျောင်းတွင်းပြိုင်ပွဲများမှ မြို့နယ်အဆင့်၊ ပြည်နယ်အဆင့် ပြိုင်ပွဲများသို့ တက်လှမ်းနိုင်ရေး ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ပို့ချခဲ့ခြင်းဖြစ်ပြီး သင်တန်းသို့ ပူတာအိုခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် အားကစားဝါသနာရှင် သင်တန်းသား သင်တန်းသူ ၅၅ ဦးတို့ တက်ရောက်ကာ သင်တန်းကာလအနေဖြင့် ဩဂုတ် ၂၆ ရက်မှ စက်တင်ဘာ ၉ ရက်အထိ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

**ဖုန်ကန် (ပူတာအို)**

# ကသာမြို့၌ ကျေးရွာများအရောက် ရွှေ့လျားဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေး

**ကသာ စက်တင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံးအနေဖြင့် ဒေသခံပြည်သူများ၏ အခြေခံ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်နှင့် ပြည်သူများက အစိုးရနှင့် ဌာနဆိုင်ရာဝန်ထမ်းများအပေါ် အားကိုးယုံကြည်မှု တိုးပွားလာစေရန် ရည်ရွယ်၍ ရွှေ့လျားဝန်ဆောင်မှုလုပ်ငန်းကို ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ စက်တင်ဘာ ၈ ရက်တွင် သံပုရာကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ဝန်ဆောင်မှုများ ကွင်းဆင်းဆောင်ရွက်ပေးရာတွင် ကသာမြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်သူရစိုးက ပြည်သူ့ဝန်ဆောင်မှုရုံးက ကွင်းဆင်းဆောင်ရွက်ပေးမည့် လုပ်ငန်းများအကြောင်းကို ရှင်းလင်းပြောကြားပြီးနောက် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံး၊ အခြေခံပညာ ဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့မှ ဝန်ထမ်းများက ဒေသခံပြည်သူများ၏ မွေးဖွားမှု၊ သေဆုံးမှု စာရင်းများ ပြုလုပ်ခြင်း၊ စက်တပ်ရေယာဉ် မှတ်ပုံတင်များ ပြုလုပ်ခြင်း၊ ကျေးရွာမြေငှားဂရန်များ ပြုလုပ်ခြင်းနှင့် အိမ်ထောင်စုစာရင်းများ ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။



ထို့နောက် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကလည်း ကျေးလက်နေပြည်သူများ အသိပညာ ဗဟုသုတတိုးပွားစေရန် စာအုပ် စာစောင်များ ခင်းကျင်းပြသ ငှားရမ်းပေးခြင်းနှင့် နံရံကပ်ဓာတ်ပုံများ ပြသခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**


ကျောက်ဖြစ်ရုပ်ကြွင်းများတွေ့ရှိသည့် ကျောက်တောင်

# လားရှိုးမြို့က ကျောက်ဖြစ်ရုပ်ကြွင်းများတွေ့ရှိရာ ကျောက်တောင်သို့ . . .

**သတင်းဆောင်းပါး - ဟန်ငွေး (လားရှိုး)**

လားရှိုးမြို့ ယဉ်ကျေးမှုပြတိုက် စတင်ဖွင့်လှစ်သည့် ၂၀၁၄ ခုနှစ်ကတည်းက (ငါး) ကျောက်ဖြစ်ရုပ်ကြွင်းတစ်ခု ပြသထားရှိခဲ့သည်။

၎င်းကျောက်ဖြစ်ရုပ်ကြွင်းအား စတင်တွေ့ရှိခဲ့သူမှာ ကရင်လူမျိုးတစ်ဦးဖြစ်ပြီး ဦးဝါ (ခ) စောရွှေဝါဟု သိရှိရသည်။ ဦးဝါသည် လားရှိုးမြို့သားတစ်ဦးဖြစ်ပြီး အမဲလိုက်မုဆိုးဝါသနာပါသူတစ်ဦးဟု သိရှိရသည်။

“ကျွန်တော် ဒါတွေ စတွေ့တွေ့ချင်း အချိန်က နားမလည်ဘူး။ တွေ့တာတွေကိုထိန်းသိမ်းထားခဲ့တာ၊ တွေ့ရှိတဲ့သုံးခုထဲက ၆လက်မခန့်ရှိတဲ့ ငါးရုပ်လေးတွေ့တဲ့ သူငယ်ချင်းကပြောလာတာကို သွားကြည့်ရင်း ရအောင်ယူပေးပါလို့ ပြောခဲ့တာပါ။ တောင်ကမြင့်၊ ကမ်းပါးယံဖြစ်နေတာနဲ့ မိုင်းခွဲပြီး ယူလိုက်တော့ ပျက်စီးသွားပြီး အကြေးခွံအကွက်လေးတစ်ခုပဲရှာရခဲ့တာကို သိမ်းထားပါတယ်။ ပြတိုက်ကို လှူဖို့ဆုံးဖြတ်ထားပါတယ်။ သတင်းစာမှာတွေ့တော့ သမိုင်းအမွေအနှစ်ဖြစ်တယ်ဆိုတာ သိရတဲ့အချိန် အတော်လေးဝမ်းသာခဲ့ပါတယ်။ နှမြောမိတာက ပျက်စီးသွားတဲ့ငါးကျောက်ဖြစ်ရုပ်ကြွင်းလေးပါ၊ အခုတွေ့ခဲ့တဲ့ ၁၁-၂-၂၀၁၈ ရက်နေ့က ကျွန်တော့်ဖေ့စ်ဘုတ်မှာတင်လိုက်တဲ့ ဒိုင်နိုဆောလိုအကောင်လေးရဲ့ကျောက်ဖြစ်ရုပ်ကြွင်းကို ကျောက်ဖြစ်ရုပ်ကြွင်းဆိုတာ မသိခဲ့ဘူး။ ဘူမိဗေဒပါမောက္ခဆရာမ ဒေါ်ခိုင်ခိုင်စန်းက လားရှိုးတက္ကသိုလ်မှာ ကျောင်းသားတွေကို ပြသလေ့လာနိုင်အောင်ထားရှိဖို့ ဆိုတာကနေပဲစတင်ခဲ့တာပါ။ ရှမ်းမြောက်မှာတွေ့တဲ့အရာလေးဆိုတော့ ရှမ်းမြောက်မှာ ထားရှိစေချင်တာပေါ့။ ကျွန်တော်တို့သာမက နောင်လာနောက်သားတွေပါ ဂုဏ်ယူရတာပေါ့ဗျာ။

“ဒါ့အပြင် စက်တင်ဘာ ၄ ရက်ကလည်း ကျောက်ဖြစ်ရုပ်ကြွင်း အမြီးပိုင်းတစ်ခုကို လားရှိုးပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူးထံမှာ လှူခဲ့ပါသေးတယ်။ ဒိုင်နိုဆော ရုပ်ကြွင်းရဲ့ အမြီးပိုင်းလို့ ခန့်မှန်းနေကြပါတယ်။ သေချာတာ မသေချာတာကတော့ ပညာရှင်တွေ ခန့်မှန်းဆန်းစစ်မှာပါ။

“ဒီကျောက်တောင်နေရာရဲ့ ဖွဲ့စည်းတည်ရှိနေပုံက တခြားနေရာနဲ့မတူဘူး။ ကျွန်တော်မုဆိုးအလုပ်လည်း ဝါသနာအလျောက် လုပ်ကိုင်ဖူးပါတယ်။ ဒီကျောက်ဖြစ်ရုပ်ကြွင်းတွေ့တဲ့နေရာက တောင်တွေပတ်ပတ်လည်နဲ့ “ဂ” ပုံသဏ္ဌာန်ရှိပြီး မုဆိုးများအခေါ် သားကောင် ပျော်မြူးကျက်စား မိတ်ဖွဲ့တဲ့နေရာ အသိုက်လို့ပြောရမယ်။ ပတ်ပတ်လည် ကျောက်တောင်တွေရှိပြီး အဝင်လမ်းတစ်ခုပဲရှိပါတယ်။ ရှေးလူကြီးတွေရဲ့ ပြောပြခဲ့တဲ့စကားတွေအရ ဂျပန်ခေတ်စစ်ကျန်တင့်ကားတွေရှိခဲ့ဖူးတယ်လို့ သိရပါသည်။

“နှစ်သန်းပေါင်း ၂၀၀ ကျော် သက်တမ်းရှိ ဒိုင်နိုဆောမျိုးနွယ်ဝင် ကျောက်ဖြစ်ရုပ်ကြွင်းလို့ ၂၀၁၈ ခုနှစ်မှာ သတင်းစာကနေစသိရတော့ တော်တော်လေးပျော်မိတာ၊ ဒို့နိုင်ငံမှာလည်း သမိုင်းဝင်နေရာတွေ အများကြီးရှိနိုင်သေးတာပဲလို့တွေးမိခဲ့ပါတယ်” ဟု သူက ပြောသည်။

ကျောက်ဖြစ်ရုပ်ကြွင်းများ စတင်တွေ့ရှိရာနေရာသည် လားရှိုးမြို့လယ်မှ သုံးမိုင်ခွဲခန့်အကွာ လားရှိုးမြို့ရပ်ကွက် -၁ ရဲဘော်ဟောင်း ကျောက်တောင် နယ်မြေ (၈)နေရာ၌ တည်ရှိသည်။ ယခုအချိန်တွင်ကျောက်ထုတ်လုပ်ငန်း၊ တောင်ယာစိုက်လုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုနေရာ ဒေသခံတို့တည်ရှိလုပ်ကိုင်နေကြပြီးရေထွက်ပင်ရင်းနေရာမရှိသော်လည်း တစ်နှစ်ပတ်လုံး ရေမခန်းသောသဘာဝရေအိုင်တစ်ခု တည်ရှိနေသည်။ ၎င်းရေအိုင်မှရေကို ရပ်ကွက်နေပြည်သူတို့က သောက်သုံးရေကန်တစ်ခုအဖြစ် အားထားသုံးစွဲနေကြောင်း၊ စည်ပင်သာယာရေးဌာနကလည်း လိုအပ်သည့် ရေကန်များကို တည်ဆောက်ပေးမည်ဖြစ်ပြီး ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း နယ်မြေ (၈)နေ ဦးဘသောင်း၏ ပြောပြချက်များအရ သိရသည်။ ။


တစ်နှစ်ပတ်လုံး ရေမခန်းသော သဘာဝရေအိုင်ကို တွေ့ရစဉ်

# မော်လမြိုင်၌ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ ဟောပြော

**မော်လမြိုင် စက်တင်ဘာ ၉**

မွန်ပြည်နယ် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အသိပညာပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး လုပ်ငန်းဆပ်ကော်မတီမှ အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ ကမ်းနားလမ်းရှိ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးထွန်းမင်းအောင်က “မြန်မာနိုင်ငံမှာ ကလေးအလုပ်သမားတွေကို အဆိုးရွားဆုံးပုံစံနဲ့ ခိုင်းစေခြင်းမှ ကာကွယ်ရေးနဲ့ လုံးဝပပျောက်စေဖို့ ILO နဲ့ မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးစီမံကိန်းအရ ဆောင်ရွက်လျက်ရှိရာမှာ မြန်မာနိုင်ငံရဲ့ လူ့စွမ်းအားအရင်းအမြစ်တွေ မဆုံးရှုံးစေဖို့၊ ဘဝပေးအခြေအနေအရ ကလေးအလုပ်သမားအဖြစ် ရုန်းကန်နေရတဲ့ ကလေးငယ်တွေရဲ့ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာတွေကို ထိခိုက်စေနိုင်ပြီး ပညာသင်ရမယ့်အရွယ်မှာ ပညာသင်ကြားခွင့်မရတာကြောင့် အနာဂတ်အတွက် စိုးရိမ်ဖွယ်ဖြစ်တာကို မိဘတွေ ကိုယ်တိုင်သဘောပေါက်စေဖို့ အမျိုးသားရေးအသိနဲ့ ဝိုင်းဝန်းကူညီဆောင်ရွက်နိုင်မှသာ ကလေးအလုပ်သမားတွေ လျော့နည်းပပျောက်ရေးအတွက် အထောက်အကူပြုမှာဖြစ်ပါတယ်”ဟု ပြောသည်။

ထို့နောက် တာဝန်ရှိသူတို့က ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ခရိုင် (ပြန်/ဆက်)

## မန္တလေး၌ကျင်းပမည့်ပွဲများ

**စာအုပ်စာစောင်ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်**

စာအုပ်စာစောင်ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ကို မန္တလေးမြို့ပြည်ကြီးတံခွန်မြို့နယ် ၆၂ လမ်းနှင့် မြဝတီမင်းကြီးလမ်းထောင့်ရှိ မန္တလေးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် စက်တင်ဘာ ၁၁ ရက် မှ ၁၅ ရက်အထိ နေ့စဉ်နံနက် ၉ နာရီ မှ ညနေ ၄ နာရီ ခွဲအထိ ကျင်းပသွားမည်ဖြစ်ပြီး မည်သူမဆိုလာရောက်လေ့လာနိုင်သည်။

**အလုပ်အကိုင်ပြပွဲ**

MRCCI နှင့် ICT တို့ ပူးပေါင်းကျင်းပမည့် အလုပ်အကိုင်ပြပွဲကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၁၀ လမ်း၊ ၆၂ လမ်းနှင့် မြို့ရှောင်လမ်းကြားရှိ အမှတ်(၂) စက်မှုသင်တန်းကျောင်းတွင် စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီ မှ ညနေ ၃ နာရီအထိ ကျင်းပသွားမည်ဖြစ်သည်။

**ချမ်းမြသာစည်မြို့နယ်တွင် ပြည်သူ့စကားဝိုင်း**

“လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ်”ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို မန္တလေးမြို့ချမ်းမြသာစည်မြို့နယ် တမ္ပဝတီရပ်ကွက်ရှိ အထက(၇) ကျောင်းခန်းမ၌ စက်တင်ဘာ ၁၄ ရက် နံနက် ၉ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်ကြီးတံခွန်မြို့နယ်တွင် ပြည်သူ့စကားဝိုင်း**

“အမျိုးသမီးငယ်များ အနာဂတ်လှပဖို့ အားလုံးပါဝင်ဆောင်ရွက်စို့” ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် အထက(၂၇) ကျောင်းခန်းမ၌ စက်တင်ဘာ ၁၄ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**Success Mandalay 4.0 အသိပညာပေးဟောပြောပွဲ**

Professional Speakers Association မှ ကြီးမှူးကျင်းပသော Success Mandalay 4.0 အသိပညာပေး ဟောပြောပွဲကို မန္တလေးမြို့မဟာအောင်မြေမြို့နယ်ရှိ ဟိုတယ်မန္တလေး၌ စက်တင်ဘာ ၁၅ ရက် နံနက် ၉ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သိပ္ပံနည်းပညာနှင့်တီထွင်ဆန်းသစ်မှုဆိုင်ရာ နိုင်ငံတကာစာတမ်းဖတ်ပွဲ**

သိပ္ပံနည်းပညာနှင့်တီထွင်ဆန်းသစ်မှုဆိုင်ရာ နိုင်ငံတကာစာတမ်းဖတ်ပွဲကို မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ရှိ မန္တလေးနည်းပညာတက္ကသိုလ်တွင် စက်တင်ဘာ ၁၆ ရက် မှ ၁၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**စားသောက်ကုန်ထုတ်လုပ်သည့်လုပ်ငန်းရှင်များအတွက် သင်တန်း**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စားသောက်ကုန်များ ဘေးအန္တရာယ် ကင်းရှင်းစေသည့် စားသောက်ကုန် ထုတ်လုပ်သောနည်းလမ်းများ၊ အသိပညာများကို ပို့ချပေးရန် ရည်ရွယ်၍ စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းရှင်များအတွက် သင်တန်းကို မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံး၌ စက်တင်ဘာ ၁၇ ရက် တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**နှစ်နိုင်ငံကုန်သွယ်မှုနှင့်စပ်လျဉ်း၍ ဆွေးနွေးပွဲ**

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြားနှစ်နိုင်ငံကုန်သွယ်မှုနှင့်စပ်လျဉ်း၍ ဆွေးနွေးပွဲကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းရုံးခန်းမ၌ စက်တင်ဘာ ၂၆ ရက် နံနက်ပိုင်းတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မန္တလေးမြို့ ကျောက်မျက်ရတနာဈေး(ကျောက်ဝိုင်း)အား ကျောက်စိမ်းညဈေးအဖြစ် အချိန်တိုးမြှင့်ဖွင့်လှစ်မည်**

မန္တလေးမြို့ မဟာအောင်မြေမြို့နယ်ရှိ ကျောက်မျက်ရတနာဈေး(ကျောက်ဝိုင်း) အား လာမည့် အောက်တိုဘာလမှစ၍ ကျောက်စိမ်းညဈေးအဖြစ် အချိန်တိုးမြှင့်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း အဆိုပါဈေးအကျိုးတော်ဆောင်ကော်မတီမှ ပြန်ကြားရေးတာဝန်ခံ ဦးကျော်ဦးထံက သိရသည်။

အဆိုပါ ကျောက်ဝိုင်းသည် မဟာအောင်မြေမြို့နယ်၊ ၈၈×၈၉ လမ်းကြား၊ ၃၉×၄၀ လမ်းကြားတွင်တည်ရှိပြီး မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ စီမံခန့်ခွဲမှုဖြင့် ၂၀၀၁ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ညပိုင်းတိုးမြှင့်သည့်ကဏ္ဍ၌ အလှ္ကာမျိုးစုံအားလုံးအတွက် အချိန်တိုးမြှင့်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ညပိုင်းဈေးတွင် အတွင်း၌ရှိသည့် အမြဲတမ်းဆိုင်ခန်း ၁၁၁၇ ခန်းနှင့် အပြင်၌ရှိသည့် လုံးခင်းဆောင်၊ တန်မခံဆောင်၊ ဖွားခန်းဆောင်မှာရှိသည့် ပျံကျခင်းဝိုင်းများလည်းရှိကြောင်း ၎င်းကဆက်လက်ပြောသည်။

ကျောက်စိမ်းညဈေးအား ညနေ ၆ နာရီမှ ည ၁၁ နာရီအထိ ဖွင့်လှစ်ရန် ဆောင်ရွက်လျက်ရှိပြီး အရောင်းအဝယ်ပြုလုပ်လိုသူများအား ဝင်ခွင့်ကတ်များ ပြုလုပ်ပေးသွားမည်ဖြစ်သည်။

အဆိုပါ ကျောက်စိမ်းညဈေး ဖွင့်လှစ်ရန် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီထံမှ ခွင့်ပြုချက်ရရှိပြီးဖြစ်ကာ လုံခြုံရေးကိစ္စများအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ တင်ပြထားကြောင်း သိရသည်။

သန်းဇော်မင်းစုစည်းသည်

# ရေစကြိုမြို့နယ်ကျေးရွာရှစ်ရွာ၌ နေစွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အား မကြာမီဖြန့်ဖြူးပေးနိုင်တော့မည်

**ရေစကြို စက်တင်ဘာ ၉**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် မဟာဓာတ်အားလိုင်း ရောက်ရှိသည့်နေရာမှစ၍ ၁၀ မိုင်နှင့် အထက် ဝေးကွာသော ကျေးရွာများ လျှပ်စစ်မီးရရှိရေးအတွက် အမျိုးသား လျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်း အဖြစ် ဆောင်ရွက်လျက်ရှိပြီး မကွေး တိုင်းဒေသကြီး ရေစကြိုမြို့နယ်အတွင်း ချင်းတွင်းမြစ်နှင့် ဧရာဝတီမြစ် အကြားရှိ ငတရော်ကျေးရွာ၊ မြေတော်ကျေးရွာ၊ သပြေပင်ကျေးရွာ၊ ဘိစပ်ကုန်းကျေးရွာ၊ ကိုင်းကျေးရွာ၊ မြေစွန်းကျေးရွာ၊ ညောင်မွှေးကျေးရွာ၊ ဆည်သစ်မြင်ကျေးရွာ စသည့်ကျေးရွာရှစ်ရွာတို့တွင် အချိန်ပြည့် လျှပ်စစ်ဓာတ်အားရရှိရေးကို အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ သန်းကျော် အကုန်အကျခံ ဆောင်ရွက်လျက်ရှိသည်။



ငတရော်ကျေးရွာ၌ နေစွမ်းအင်စနစ်ဖြင့် မီးလင်းရေးဆောင်ရွက်ထားစဉ်။

အဆိုပါ လုပ်ငန်းများမှာ ယခုအခါ ၇၀ ရာခိုင်နှုန်းခန့် ဆောင်ရွက် ပြီးစီးနေပြီ ကြောင်း၊ လာမည့်အောက်တိုဘာလကုန်တွင် လျှပ်စစ်ဓာတ်အား စတင် ဖြန့်ဖြူးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာရှစ်ရွာ လျှပ်စစ်မီးလင်းရေးလုပ်ငန်းကို ကမ္ဘာ့ဘဏ်၊ ဂျာမနီနှင့် ပူးပေါင်းဆောင်ရွက်မှု (GIZ)တို့မှ နည်းပညာပံ့ပိုးပေးပြီး မဟာဓာတ်အားလိုင်းပြင်ပ အမျိုးသား လျှပ်စစ်ဓာတ်အား ရရှိရေးစီမံကိန်းဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ထည့်ဝင် ငွေ ၆၀ ရာခိုင်နှုန်း၊ ပြည်သူထည့်ဝင်ငွေ ၂၀ ရာခိုင်နှုန်း၊ ရင်းနှီး မြှုပ်နှံသည့်ကုမ္ပဏီမှ ထည့်ဝင်ငွေ ၂၀ ရာခိုင်နှုန်းဖြင့် နေစွမ်းအင် ၂၈၈ ကီလိုဝပ်၊ ဂျင်နရေတာ ၁၆၀ ကီလို ဝပ်ထုတ်ယူသုံးစွဲနိုင်မည့် နေစွမ်းအင်-ဒီဇယ် ပေါင်းစပ်စနစ် အမျိုးအစားကို Parami Energy ကုမ္ပဏီနှင့် Mega Global Green Automation ကုမ္ပဏီတို့မှ ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ဦးစီးမှူးထံမှ သိရသည်။

**သန်းလွင်(မကွေး)**

# မူဆယ်-လားရှိုး-မန္တလေး ရထားလမ်းဖောက်လုပ်ရန် ကျေးရွာလူထုနှင့် တွေ့ဆုံဆွေးနွေး

**ကျောက်မဲ စက်တင်ဘာ ၉**

မူဆယ်-လားရှိုး-မန္တလေး ရထားလမ်း ဖောက်လုပ်ရာတွင် ကျောက်မဲမြို့နယ် အတွင်း ရထားလမ်းဖြတ်သန်းမည့် ကျေးရွာများမှ လူထုနှင့် ဒုတိယအကြိမ် တွေ့ဆုံဆွေးနွေးပွဲကို ကျောက်မဲမြို့ အမှတ်(၁)ရပ်ကွက်ရှိ မြို့ကျက်သရေ ဆောင်ခန်းမ၌ စက်တင်ဘာပထမပတ်က ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြန်မာ့မီးရထားမှ ဒုတိယအထွေထွေမန်နေဂျာ (မြို့ပြ) ဦးဌေးလှိုင်က ရထားလမ်းပိုင်းလုပ်ငန်းစဉ်များအကြောင်းကို အသေးစိတ် ရှင်းလင်းတင်ပြပြီး Ever Green Tech Environmental Services and Training ကုမ္ပဏီလီမိတက်မှဒေါက်တာ ကျော်စွာတင့်က လမ်းဖောက်လုပ်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုများ မဖြစ်အောင် ကာကွယ်လုပ်ဆောင်သွားရမည့် နည်းလမ်းများကို ဆွေးနွေးကာ ဆွေးနွေးပွဲ တက်ရောက်သည့် ကျေးရွာများမှ ပြည်သူများက သိလိုသည်များကို မေးမြန်း၍ တာဝန်ရှိသူများက ပြန်လည် ဖြေကြားသည်။



မူဆယ်-လားရှိုး- မန္တလေးရထားလမ်းဖောက်လုပ်ရန် ကျေးရွာလူထုနှင့် တွေ့ဆုံဆွေးနွေးပွဲ ကျင်းပစဉ်။

ဖောက်လုပ်ရန် လျာထားသည့် မူဆယ်-လားရှိုး-မန္တလေး ရထားလမ်းသည် အရှည် ၄၁၄ ကီလိုမီတာ(၂၅၇ မိုင်)ရှိမည်ဖြစ်ပြီး ရထားလမ်းဖောက်လုပ်ပြီးစီးပါက တစ်နာရီ မိုင် ၁၀၀ နှုန်းအထိ ပြေးဆွဲနိုင်မည်ဖြစ်ကြောင်း၊ ကျေးရွာများ၏ နယ်နိမိတ်များကို ဖြတ်သန်းသွားမည့် မီးရထားလမ်း ပေါ်ပေါက်လာပါက လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်သွယ်ရေး လွယ်ကူလာပြီး ကျေးလက်နေပြည်သူများ အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာနိုင်မည်ဖြစ်ကြောင်း ဆွေးနွေးပွဲတွင် တာဝန်ရှိသူများက ပြောကြားသည်။

**ခရိုင်(ပြန်/ဆက်)**

# ပျဉ်းမနားမြို့တွင် လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု (အခြေခံ)သင်တန်းဖွင့်လှစ်

**ပျဉ်းမနား စက်တင်ဘာ ၉**

နေပြည်တော် ပျဉ်းမနားမြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၈၄) စက်မှုလယ်ယာစခန်းက ကြီးမှူးကျင်းပသည့် လယ်ယာသုံးစက်ကိရိယာမောင်းနှင် ထိန်းသိမ်းမှု (အခြေခံ)သင်တန်းအမှတ်(၁/၂၀၁၉) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါဦးစီးဌာနရှိ လယ်ယာသုံး စက်ကိရိယာအရောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်က သင်တန်းဖွင့်အမှာစကား ပြောကြားပြီး စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူး(ရုံးချုပ်) စီမံကိန်း-၁ ဒေါ်ယုခင်က သင်တန်းသားများအနေဖြင့် သင်တန်းဆရာများနှင့် အပြန်အလှန်မေးမြန်းကာ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းနည်းများ တတ်မြောက်အောင် သင်ယူစေရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် နေပြည်တော်စက်မှု လယ်ယာရုံး ညွှန်ကြားရေးမှူး ဦးကျော်ဝေက သင်တန်းသားများအား သင်ထောက်ကူပစ္စည်းများ ပေးအပ်ချီးမြှင့်ခဲ့သည်။



လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှုသင်တန်းပို့ချနေစဉ်။

အဆိုပါသင်တန်းကို ကျေးရွာ ၁၂ ရွာမှ သင်တန်းသား ၃၀ တက်ရောက်ပြီးသင်တန်းတွင် စာတွေ့၊ လက်တွေ့ဖြင့် စက်တင်ဘာ ၉ ရက်မှ ၂၀ ရက်အထိ သင်ကြား ပို့ချမည်ဖြစ်ကြောင်း စက်မှုလယ်ယာဦးစီးဌာနမှ သိရသည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# တောင်သူလယ်သမားများသို့ အသိပေးကြေညာခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် စိုက်ပျိုးရေပေးဝေနိုင်ရေး ရည်ရွယ်တည်ဆောက်ထားသည့် ရေလှောင်တမံများတွင် ယခုနှစ်မိုးရာသီ၌ ရေဝင်ရောက်မှု နည်းပါးလျက်ရှိပြီး အထူးသဖြင့် စိုက်ပျိုးရေ ပေးဝေခြင်းအပြင် ရေအားလျှပ်စစ်ပါ တွဲဖက်ထုတ်လုပ်လျက်ရှိသော သဖန်းဆိပ်၊ ကင်းတား၊ ဆည်တော်ကြီး၊ မြို့ကြီး စသည့်ဘက်စုံရေလှောင်တမံကြီးများတွင် တမံအတွင်း ရေလှောင်ပမာဏများမှာ ယခင်နှစ်ကာလတူ ပမာဏများနှင့် နှိုင်းယှဉ်လျှင် များစွာလျော့နည်း လျက်ရှိပါသည်။ အဆိုပါ ရေလှောင်တမံကြီးများမှာ လက်ရှိတွင် မိုးစပါးစိုက်ပျိုးရေ ပေးဝေလျက်ရှိပြီး ဒေသတွင်းသောက်သုံးရေလည်း လိုအပ်သလိုပေးဝေရလျက် ရှိပါသည်။

ဤကဲ့သို့ ရေလှောင်ပမာဏများ လျော့နည်းနေမှု အခြေအနေများအရ မိုးကောင်းသောက်ရေယာမဟုတ်သော ဒေသများတွင် မိုးစပါးစိုက်ပျိုးရေပေးဝေရသည့် ရေလှောင်တမံများအနေဖြင့် နှစ်စဉ်လျာထားစိုက်ပျိုးသည့် မိုးစပါးစိုက်ကေများအပေါ်တွင် စိုက်ပျိုးရေကို အထူးခြိုးခြံချွေတာပြီး အလေအလွင့်မရှိ အနည်းဆုံးပမာဏဖြင့် ပေးဝေနိုင်ရန်အတွက် စိုက်ခင်းအတွင်း ရေစီမံခန့်ခွဲမှုလုပ်ငန်းများကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဝန်ထမ်းများအနေဖြင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ရေသောက်တောင်သူများနှင့် ပူးပေါင်း၍ စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။

မိုးစပါးအောင်ရေအထိ စိုက်ပျိုးရေပေးဝေပြီးနောက်တွင် တမံအတွင်း ကျန်ရှိ သိုလှောင်ရေပမာဏအပေါ်မူတည်၍ ဒေသသောက်သုံးရေလိုအပ်ချက်ကို ဦးစားပေးလျာထားပြီးမှ နွေစပါးနှင့် အခြားသီးနှံ စိုက်ပျိုးရေပေးဝေမည့် ဧကများကို လျာထားစီမံသွားရမည်ဖြစ်ပါသည်။

မိုးစပါးစိုက်ပျိုးရေပေးဝေနေရသည့် ရေလှောင်တမံများတွင် ယခုလက်ရှိ ရေဝင်ရောက်မှု လျော့နည်းနေသည့် အခြေအနေအရ စိုက်ပျိုးရေရယူသုံးစွဲလျက်ရှိသော တောင်သူလယ်သမားများအနေဖြင့် ဆည်ရေကို အထူးခြိုးခြံချွေတာပြီး အလေအလွင့်မရှိအောင် ရယူသုံးစွဲကြရန်၊ ရေသောက်တောင်သူအချင်းချင်း ညီညွတ်မျှတသည့်စိတ်ဓာတ်ဖြင့် ဌာနမှသတ်မှတ်ထားသည့် ရေလှည့်ဇယားများအတိုင်း လိုက်နာဆောင်ရွက်ကြရန်နှင့် စိုက်ပျိုးရေအခက်အခဲများ ဖြစ်ပေါ်ပါက သက်ဆိုင်ရာဒေသရှိ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ခံဝန်ထမ်းများနှင့် ဆက်သွယ်ပြီး ညှိနှိုင်းစီမံဆောင်ရွက်ကြရန် ဖြစ်ပါသည်။

ယခုမိုးရာသီအကုန်၌ ရေလှောင်တမံများတွင် ရေဝင်ရောက်မှုနှင့် သိုလှောင်ထားနိုင်မှု အခြေအနေများအပေါ်မူတည်၍ နွေစပါးနှင့် အခြားသီးနှံစိုက်ပျိုးရာသီတွင် ရေလိုအပ်ချက်နည်းသော သီးနှံပုံစံအတွဲကို ပြောင်းလဲစိုက်ပျိုးရန် လိုအပ်လာပါက တောင်သူလယ်သမားများအနေဖြင့် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့များနှင့် ကြိုတင်ညှိနှိုင်းဆွေးနွေးစီမံဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# ဘိုကလေး၌ ကျေးရွာရေပေးရေးလုပ်ငန်းများ လွှဲပြောင်းပေးအပ်

**ဘိုကလေး စက်တင်ဘာ ၉**

ဘိုကလေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ခဲ့သော ကျေးလက်ရေပေးရေးလုပ်ငန်းများ လွှဲပြောင်းပေးအပ်ပွဲကို စက်တင်ဘာပထမပတ်က ဘိုကလေးမြို့ ချိုကြည်တန်ဆောင်းတော်ကြီး၌ ကျင်းပသည်။

ယင်းကျေးလက်ရေပေးရေးလုပ်ငန်း လွှဲပြောင်းပေးအပ်ပွဲတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ခင်ဗိုလ်နှင့် ဖျာပုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးကြူတို့က ဘိုကလေးမြို့နယ် ကျေးရွာများတွင် သန့်ရှင်းသော သောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်ရေးအတွက် ကျေးရွာရေကော်မတီများအား ကျေးရွာရေပေးရေးလုပ်ငန်းများ လွှဲပြောင်းပေးအပ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ကျေးရွာရေကော်မတီဝင်များက ကျေးရွာရေပေးရေးလုပ်ငန်းများနှင့် ပတ်သက်ပြီး သိလိုသည်များမေးမြန်းရာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်သက်ဦးက ပြန်လည်ရှင်းလင်း ဖြေကြားသည်။

အဆိုပါ ကျေးရွာရေပေးရေးလုပ်ငန်း ကျေးရွာ ၂၀ တို့မှ ကျေးရွာရေပေးရေးကော်မတီဝင်များအား ရေပေးရေးလုပ်ငန်း လွှဲပြောင်းပေးအပ်လွှာများကို ပေးအပ်ကြပြီး ကျေးရွာရေပေးရေးလုပ်ငန်းကော်မတီဝင်များအား ရန်ပုံငွေကောက်ခံခြင်း၊ စုဆောင်းထိန်းသိမ်းခြင်းနှင့် လုပ်ငန်းစဉ်များအား သင်တန်းပို့ချပေးခဲ့ကြောင်း သိရသည်။

**မော်ကျွန်း-မြင့်အောင်**

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့၊**
**သစ်ပင် စိုက်ပျိုး ထိန်းသိမ်းစို့**

## အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး

### ဦးညွန့်ထိန်
**အသက်(၉၅)နှစ်**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးဇော်ဝင်း၊ ဒေါက်တာသက်နွယ်ဦးတို့၏ဖခင် ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး ဦးညွန့်ထိန် အသက် (၉၅)နှစ်သည် ၇-၉-၂၀၁၉ရက်(စနေနေ့)ည ၇း၁၈နာရီတွင် နေပြည်တော်၊ ဇမ္ဗူသီရိ အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရဲချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်မိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး

### ဦးညွန့်ထိန်
**အသက်(၉၅)နှစ်**

သူငယ်ချင်း ဦးဇော်ဝင်း (အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်)၊ ဒေါက်တာသက်နွယ်ဦးတို့၏ဖခင် ဦးညွန့်ထိန် အသက် (၉၅)နှစ်သည် ၇-၉-၂၀၁၉ရက်တွင် နေပြည်တော်၊ ဇမ္ဗူသီရိ အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**O.T.S(61)မှသူငယ်ချင်းများနှင့်မိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း

### ဦးရွှေကျင်
**အသက်(၉၉)နှစ်**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေး ဦးစီးဌာန၊ ဓာတ်အားစနစ်ဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိမ်းသူရ- ဒေါ်တင်တင်ဝင်းတို့၏ဖခင် ဦးရွှေကျင်သည် ၈-၉-၂၀၁၉ရက်(တနင်္ဂနွေနေ့) နံနက် ၇း၅၀နာရီတွင် ကန့်ဘလူမြို့နယ်၊ ထန်းကုန်းရွာ နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဓာတ်အားစနစ်ဌာနဝန်ထမ်းများ**

### ဦးဌေးလွင် [ဦးစီးအရာရှိ(စက်မှု)PPD]
**အသက်(၆၀)**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ အရာရှိရိပ်သာ၊ အမှတ် စ/၁၄နေ (ဦးထွန်းငွေ-ဒေါ်တင်တင်)တို့၏သားကြီး၊ (ဦးစောလှသိန်း-ဒေါ်နော်ထူးစေး)တို့၏သားသမက်၊ ဦးထိန်ဝင်း(လက်ထောက်မန်နေဂျာ/ငြိမ်း၊ မြန်မာ့မီးရထား)-ဒေါ်သန္တာရီ၊ ဦးသက်နိုင်ဝင်း(ဒုတိယ စီးပွားရေးတာဝန်ခံ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ မန္တလေး)-ဒေါ်နှင်းဆီ၊ ဦးခင်မောင်ဇော်၊ ဦးလှမျိုး(အင်/ယာမှူး၊ မုံရွာစည်ပင်)-ဒေါ်မိုးသီတာ၊ ဦးမင်းဇော်(ဆက်သွယ်ရေးတာဝန်ခံ၊ ဖားကန့်)-ဒေါ်စန္ဒာ၊ ဗိုလ်ကြီးပြည့်ဖြိုး-ဒေါ်ဝါဝါမင်း (S.A.T/မိုးကောင်း အထက-၁)၊ ဗိုလ်မှူး မျိုးမင်းခိုင်-ဒေါ်တင်ဇာသောင်းလွင်တို့၏အစ်ကိုကြီး၊ ဒေါ်နော်စေးသိန်း၏ချစ်လှစွာသောခင်ပွန်း၊ မစန္ဒာလွင်၏ဖခင်သည် ၇-၉-၂၀၁၉ရက်(စနေနေ့)မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၉-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၁၃-၉-၂၀၁၉ရက်(သောကြာနေ့) နံနက်တွင် အထက်ပါ အင်းစိန်မြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

ဘုရား ဒါယကာ

### ဦးကျော်ဇေယျလတ်(ခ)ကိုနီတာ
**အသက်(၅၃)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ ဓမ္မစိန္တာလမ်း၊ အမှတ် ၆၇နေ (ဦးမောင်မောင်လှ)-ဒေါ်မြင့်မြင့်စန်း-ဒေါ်ခင်သန်းတို့၏သား၊ (ဦးမောင်မောင်မြ)-ဒေါ်အယ်သယ်မိုက်၊ ဦးမောင်မောင်သန်း-ဒေါ်နုနုညိုတို့၏တူ၊ ဒေါ်ခင်ခင်နိုင်(ခ)မနိုင်၏ချစ် လှစွာသောခင်ပွန်း၊ ကိုကျော်ကျော်ထွန်း-မခင်မာလာကျော်(ခ)မေဆွိ၊ကိုပြည့်စုံလှိုင်ဘွား-မတင်မာလာ(ခ)ဟန်နီတို့၏ ချစ်လှစွာသောဖခင်၊ မဇင်ရတီနိုင်(Grade-I၊ အလက-၄၊ကြည့်မြင်တိုင်)၊ မောင်ထွဋ်အောင်ရှိုင်းတို့၏ချစ်လှစွာသောအဘိုးသည် ၇-၉-၂၀၁၉ ရက်(စနေနေ့)နံနက် ၁၀း၄၅ နာရီတွင် သျှင်ပါကူ ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၂း၃၀နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကွယ်လွန်သူအား ရည်စူး၍ ၁၃-၉-၂၀၁၉ရက်(သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အမှတ် ၆၂(ရှစ်လွှာ)ခေါင်းရင်းခန်း ဓမ္မစိန္တာလမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ တာမွေမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

### တပ်ကြပ်ကျော်ညီညီ (အကူနည်းပြ)
**ကိုယ်ပိုင် အမှတ် တ/၆၅၅၃၁**

**အသက်(၃၇)နှစ်**

မြန်မာနိုင်ငံ သေနတ်ပစ်အားကစားအဖွဲ့ချုပ် (အမှုဆောင်)သည် ၉-၉-၂၀၁၉ရက် (တနင်္လာနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံသေနတ်ပစ်အားကစားအဖွဲ့ချုပ်**

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါကတည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

ဘဝနတ်ထံပျံလွန်တော်မူခြင်း
အန္တိမအဂ္ဂိစျာပနပူဇာ

### ဘဒ္ဒန္တဉာဏိန္ဒ
**မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်မြို့၊ ရပ်ကွက်(၁)၊ အမှတ်(၅)ဇေတဝန်တောရ ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော်**

**သက်တော်(၈၄)နှစ်၊ သိက္ခာတော်(၃၀)**

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်မြို့၊ ရပ်ကွက်(၁)၊ အမှတ်(၅) ဇေတဝန်တောရ ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော်ကြီး ဘဒ္ဒန္တဉာဏိန္ဒသည် (၁၃၈၁ခုနှစ် တော်သလင်းလဆန်း ၈ရက်) ၆-၉-၂၀၁၉ရက် (သောကြာနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၈၁ခုနှစ် တော်သလင်းလဆန်း ၁၄ ရက်) ၁၂-၉-၂၀၁၉ရက် (ကြာသပတေးနေ့)တွင် စံကျောင်းချ၊ ပူဇော်ပွဲကျင်းပ၍ (၁၃၈၁ခုနှစ် တော်သလင်းလပြည့်ကျော် ၆ရက်) ၁၉-၉-၂၀၁၉ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် အန္တိမအဂ္ဂိပူဇာသဘင်ကျင်းပခြင်း၊ အရိုးတော်ကို ဂူသွင်းပူဇော်ခြင်းပြုလုပ်မည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**အန္တိမအဂ္ဂိစျာပန ကျင်းပရေးကော်မတီ**
**ဇေတဝန်တောရ၊ သာသနာပြုအဖွဲ့**

### ဦးသိန်းဟန် (စာရေးဆရာ လူမော်ဟန်)
**(မြန်မာနိုင်ငံသတင်းစာဆရာများအသင်းဝင်)**
**(သက်ကြီးကန်တော့ခံ)**
**(မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်)၊ လက်ထောက်မန်နေဂျာ(ငြိမ်း)**
**အသက်(၈၆)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်၊ ကနိကျေးရွာနေ (ဦးမြူး-ဒေါ်ရှန်)တို့၏သား၊ (ဒေါ်တင်စိန်)၊(ဒေါ်တင်ရှိန်)တို့၏မောင်၊ ဒေါ်တင်တင်ထွေး၏အစ်ကို၊ ရန်ကုန်မြို့၊ တိုက် ၂၆၈၊ အခန်း ၁၃၊ ရန်အောင် ၆လမ်း၊ (၂)ရပ်ကွက်၊ အရှေ့ရန်ကင်းနေ ဒေါ်ခင်မြ၏ခင်ပွန်း၊ ဦးမင်းထင်၊ ဦးဝင်းသိန်း၊ ဒေါ်ရီရီချို၊ ဦးရွှေခိုင်-ဒေါ်ဥမ္မာမြင့်တို့၏ဖခင်၊ မခွာညိုသင်း၏အဘိုးသည် ၉-၉-၂၀၁၉ရက် (တနင်္လာနေ့)နံနက် ၉း၃၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၉-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၉- ၂၀၁၉ ရက်(တနင်္ဂနွေနေ့) တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

### ဦးမြကြူး (မန္တလေး)
**လူမှုဝန်ထမ်းဦးစီးဌာန(ငြိမ်း)**
**အသက်(၈၄)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ မင်္ဂလာလမ်း(မြရိပ်သာ)နေ (ဦးဘမောင်-ဒေါ်ညိမ့်)တို့၏သား၊ ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နယ်၊ လှည်းဆိပ်ရွာနေ(မန်းကျော်ဒင်-ဒေါ်သန်းစိန်) တို့၏သားသမက်၊ (ဦးမြဦး-ဒေါ်ဒေစီညွန့်)၊ (ဦးမြဘုး)-ဒေါ်အားမု၊ (ဦးမြထူး)-ဒေါ်ခင်ထူးတို့၏ညီ၊ (ဦးမြသိန်း)-ဒေါ်သန်းနွဲ့၊ ဦးမြသန်း-ဒေါ်ခင်မျိုးသန်း၊ (ဦးကံချွန်)-ဒေါ်ခင်ရီ၊ (ဦးစောလှမောင်)- ဒေါ်သန်းစိန်၊(ဦးမြအေး)-ဒေါ်အေးအေးတို့၏အစ်ကို၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ တိုက် ၁၄၊ အခန်း ၉၊ ဝေဠုဝန်အိမ်ရာစခန်းနေ ဒေါ်နန့်ရီသန်း၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်မြဝင်းမေ၊ ဒေါ်ဘေဘီကြူး(ဇေတဝန်မူကြို၊ ကျူရှင်)၊ ဦးစိန်ဝင်း(ထူးထက်ရှာန်ကုမ္ပဏီလီမိတက်)-ဒေါ်တင်မာမာလှဆန်း(ခ)မစူး (Novotel Hotel Max Myanmar)၊ ဒေါ်တင်မြခိုင်(ဇေတဝန်မူကြို၊ ကျူရှင်)၊ ဒေါ်တင်မြခိုင်ကြူးတို့၏ဖခင်၊ မောင်ထူးထက်ရှာန်(Grade-6,TTC-ကမာရွတ်)၏ချစ်လှစွာသောအဘိုးသည် ၇-၉-၂၀၁၉ရက်(စနေနေ့)မွန်းလွဲ ၂း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၉-၂၀၁၉ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၁၃-၉-၂၀၁၉ရက်(သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီ အထိအထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

### ဦးသောင်းစိန်
**DSA အပတ်စဉ်(၁)**
**ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)**
**မြန်မာ့ထုတ်ကုန်/သွင်းကုန်လုပ်ငန်း**
**စီးပွား/ကူးသန်းဝန်ကြီးဌာန**
**အသက်(၈၂)နှစ်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်၊ သစ်ရာမြိုင်ရပ်ကွက်နေ (ဦးဖိုးသိန်း-ဒေါ်ဖွားအီ)တို့၏သား၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ (၃)ရပ်ကွက်နေ (ဦးနီ-ဒေါ်ဉာဏ်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း အရှေ့ရပ်ကွက်၊ မြို့သစ်(၁)လမ်း၊ အမှတ်(၁၇)နေ ဒေါ်ညိုညို၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်မိမိစိန်(အကောက်ခွန်ဦးစီးဌာန)၊ ဦးရဲဇော်ဝမ်း-ဒေါ်ဝင်းဝင်းစိန်(ခေတ္တ-စင်ကာပူ)၊ (ဗိုလ်မှူးခိုင်ဦး)-ဒေါ်စုစုစိန်၊ ဗိုလ်မှူးအောင်ဇော်ဦး-ဒေါ်ယုယုစိန်၊ ဦးဝင်းကိုကို-ဒေါ်အိအိစိန်တို့၏ဖခင်၊ မြေးကိုးယောက်၊ မြစ်သုံးယောက်တို့၏အဘိုးသည် ၉-၉-၂၀၁၉ရက် (တနင်္လာနေ့) မွန်းလွဲ ၁း၂၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၉-၂၀၁၉ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၁၅-၉-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်း ကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဗိုလ်ကြီးကျော်မင်း (ငြိမ်း)
**စ•တ•သ(၂၆)**

**အသက်(၅၈)နှစ်**

မန္တလေးမြို့၊ (၆၉၅)ရပ်ကွက်နေ ဒေါ်မင်းမင်းသန်း၏ခင်ပွန်း ဗိုလ်ကြီးကျော်မင်း(ငြိမ်း)သည် ၇-၉-၂၀၁၉ရက် ည ၉း၁၀နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူ ဝမ်းနည်း ကြေကွဲရပါသည်။

**စ•တ•သ(၂၆)မှသူငယ်ချင်းများ**
**နှင့် မိသားစုဝင်များ**

ဘဝနတ်ထံပျံလွန်တော်မူခြင်း

### ဆရာတော်ဘဒ္ဒန္တပဏ္ဍိတ (ဇင်းကျိုက်မြို့)
**သက်တော်(၆၉)နှစ်၊ သိက္ခာတော်(၄၉)ဝါ**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြို့မရပ်ကွက်၊ ဗဟန်း(၁)လမ်း၊ အမှတ် ၂၈၊ ရာမညနိကာယ ဇင်းကျိုက်မွန် ကျောင်းတိုက်၏ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိတသည် (၁၃၈၁ခုနှစ် တော်သလင်းလဆန်း ၉ရက်) ၇-၉-၂၀၁၉ရက် (စနေနေ့) ညနေ ၃း၁၅နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၅-၉-၂၀၁၉ရက် (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်၍ အန္တိမအဂ္ဂိ စျာပနသဘင် ပူဇော်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား မပျက်မကွက် လာရောက်ပေးကြပါရန် အသိပေးအပ်ပါသည်။(ဇင်းကျိုက်မွန်ကျောင်းတိုက်မှ ကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။)

**စျာပနကျင်းပရေးကော်မတီ**
**ရာမညနိကာယ**
**ဇင်းကျိုက်မွန်ကျောင်းတိုက်**

### ဒေါ်ခင်ဇာနိုင်
**(Rtd.Senior National Prog.OfficerUNFPA)**
**အသက်(၄၈)နှစ်**

ကလောမြို့နေ (ဦးအောင်နိုင်၊ ကျောင်းအုပ်ကြီး၊ ငြိမ်း၊ ကလော/အေးသာယာG.T.I)-(ဒေါက်တာဒေါ်ခင်နုနုသင်)တို့၏သမီးကြီး၊ ဦးကျော်စွာနိုင်-ဒေါ်တင်အေးမာတို့၏ညီမ၊ ဦးအောင်နိုင်ဦး-ဒေါ်ပြုံးကေသီနိုင်(ကလောမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)၊ ဦးစည်သူနိုင်-ဒေါ်နော်အယ်ယွားတို့၏ချစ်လှစွာသောအစ်မကြီး၊ နိုင်ပိုခို၊ စွာပိုခို၊ အယ်ပိုခို၊ သင်ပိုခိုတို့၏ချစ်လှစွာသောကြီးကြီး ဒေါ်ခင်ဇာနိုင်သည် ၉-၉-၂၀၁၉ရက်(တနင်္လာနေ့)နံနက် ၁၀း၂၅နာရီတွင် အာရှတော်ဝင်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၉-၂၀၁၉ရက် (အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်းဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ (၉ A-2၊ နဝရတ်ကွန်ဒို၊ နဝရတ်လမ်း၊ အောင်ချမ်းသာဓမ္မာရုံရှေ့၊ ကမာရွတ်မြို့နယ်နေအိမ်မှ ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

ခရစ်တော်၌အိပ်ပျော်ခြင်း

### ဦးသန်းကြွယ်(ခ)ဦးမောင်မောင်
**(လေ-၅၁၃၆)**
**အသက်(၈၂)နှစ်**

ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးနေ (ဦးမောင်ခင်-ဒေါ်သဲညှာ)တို့၏သား၊ (ဦးမင်းလွင်)-ဒေါ်လှမြင့်တို့၏မောင်၊ နော်ရီးနာ၏ခင်ပွန်း၊ ဦးမျိုးသန့်-နမ့်စမ်ဖောင်၊ ဦးမျိုးဆန်း-ဒေါ်ညွန့်ရီ၊ ဦးမျိုးဟန်-ဒေါ်ရီရီချစ်၊ ဦးမျိုးဝင်း-ဒေါ်သင်းသင်းဝါ(ခေတ္တ-စင်ကာပူ)၊ ဦးမန်းထွန်းနိုင်-ဒေါက်တာခင်မျိုးလွင်(ခေတ္တ-Canada)တို့၏ဦးလေး၊ လှိုင်မြို့နယ် G(5) ဒါဗာ(A)၊ (၈)ရပ်ကွက်၊ ဦးချိုလမ်း၊ လွတ်လပ်ရေးကွက်သစ်နေ ဦးစဝင်းလွင်-နော်ရိစီသန်း၊ နော်ဒေစီသန်းတို့၏ဖခင်၊ စောဒိုးဒိုဝင်း၊ နော်စနိုးဝင်းတို့၏ချစ်လှစွာသောဖိုးဖိုး ဦးသန်းကြွယ်သည် ၈-၉-၂၀၁၉ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၀-၉-၂၀၁၉ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးခရစ်ယာန် ဂိုဏ်းပေါင်းစုံသုသာန်၌ ဝတ်ပြုဆုတောင်းမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

ခရစ်တော်၌အိပ်ပျော်ခြင်း

### Pa Langh Do Kham
**ခွဲတပ်ကြပ်ကြီး(ငြိမ်း)၊ Gualnam(Munsuan Beh)**
**အသက်(၆၇)နှစ်**

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ လိုင်တွီးကျေးရွာနေ (Pu Thang Khaw Ngul-Pi Paam Za Ciang)တို့၏သား၊ (Pu Vungh Za En-Pi Cing Khan Dim)တို့၏သားသမက်၊ Pa Gin Go Thang-Nu Cin Za Ning, (Zam Khan Mung)၊ (Nu Cing Sian Lian)-Pa Neng Khen Thangတို့၏ညီမောင်၊ (Nu Zen Go Ciang-Pa Sian Khan Pau)၊ Nu Nian Lam Cing-Pa Zam Khan Suan, (Cin San Kim), (Cin Kap Lian), (En Khan Mung)တို့၏အစ်ကို၊ Nu Ciang Don Lian-Pa Langh Muan Khai, Lia Dim Ngaih Lun, Tg Ngul Khen Za Khup, Pa En Theih Cin(CB Bank)-ဒေါ်မျိုးသဉ္ဇာ(CB Bank)တို့၏ဖခင်၊ Lia Ciang Lawh Zaam, Lia Vung Sian Lun,Tg Kham Thawn Khai တို့၏အဘိုး၊ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ဝါယာလက်၊ ပလရရပ်ကွက်၊ တိုးချဲ့(၁)လမ်း၊ အမှတ်(၃၈)နေ (Nu Man Ngaih Vung)၏ချစ်လှစွာသောခင်ပွန်းသည် ၈-၉-၂၀၁၉ရက် (တနင်္ဂနွေနေ့) ည ၈း၂၅နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၀-၉-၂၀၁၉ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ သုသာန်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်၊ ဝါယာလက်ဈေးဝင်းမှကားများ မွန်းလွဲ ၂နာရီ၊ ဆူးလေ၊ ဗမာနွေလဘုရားကျောင်းရှေ့နှင့်ယုဇနပိတောက်ကွေ့တို့မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်တင်တင်ချို
**အသက်(၇၈)နှစ်**

နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့်လည်ပင်းခွဲစိတ်ကုပညာဌာန(မန္တလေးဆေးတက္ကသိုလ်)မှ ကထိက ဒေါက်တာဝင်းထိုက်ကြည်၏မိခင် ဒေါ်တင်တင်ချိုသည် ၈-၉-၂၀၁၉ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်း ခွဲစိတ်ကုဆရာဝန်များအဖွဲ့၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း**

### ဦးမောင်မောင်ခင်
**ပြည်နယ်ကျန်းမာရေး(ငြိမ်း)၊ စစ်တွေ**
**အသက်(၅၅)နှစ်**

စစ်တွေမြို့၊ မကျည်းမြိုင် ရပ်ကွက်(၁)၊ အမှတ်(၂၀)နေ ဦးဦးထွန်းမောင်-ဒေါ်ငွေခင်တို့၏သား၊ ဒေါ်မကြီး(မိငယ်)၏ခင်ပွန်း၊ မခင်ထားရီ၏ဖခင်၊ ဒေါ်နုနုဝေ၏မောင်၊ ဒေါ်ရီရီထွန်း၊ ဦးမောင်မောင်အောင်(ရှင်ကုလရက္ခိတ)၊ ဒေါ်ခင်စန္ဒာထွန်း၊ ဦးမောင်မောင်ဇော်တို့၏အစ်ကိုသည် ၉-၉-၂၀၁၉ရက် (တနင်္လာနေ့) နံနက် ၁၀း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့်၁၀-၉-၂၀၁၉ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် အာကျိုတ်တော်ကုန်းသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

#### ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာစာ

တောင်ငူမြို့နယ်၊ ကေတုမတီမြို့သစ်၊ တပင်ရွှေထီးရပ်ကွက်အတွင်းရှိ မြေတိုင်းအကွက်အမှတ် (၃-ရဝေရှင်ထွေးအနောက်)၊ ဦးပိုင်အမှတ်(၄၅)၊ ဧရိယာ ၀ ဒသမ ၁၂၄ ဧကရှိ မြေအား မူလဂရန်အမည်ပေါက်သူ ဦးသိန်းမော်အမည်မှ ဦးဟန်ဟန်လွင်အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်း လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူရှိပါက မြေပိုင်ဆိုင်မှုအထောက်အထားများ တင်ပြပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ လျှောက်ထားသူ ဦးဟန်ဟန်လွင်အား မြေငှားဂရန်ထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာပါသည်။

**တောင်ငူမြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

#### ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာစာ

တောင်ငူမြို့နယ်၊ ကေတုမတီမြို့သစ်၊ မင်းကြီးဆွေထီးရပ်ကွက်အတွင်းရှိ မြေတိုင်းအကွက်အမှတ် (၄-ရဝေရှင်ထွေးအရှေ့)၊ ဦးပိုင်အမှတ်(၃၇)၊ ဧရိယာ ၀ဒသမ၁၂၄ဧကရှိမြေအား မူလဂရန်အမည်ပေါက်သူ ဒေါ်နှင်းမာလာအမည်မှ ဒေါ်မေသဇင်ထူး အမည်သို့ လည်းကောင်း၊ မင်းကြီးဆွေရပ်ကွက်၊ အကွက်အမှတ်(၂-ကေရီအကွက်) ဦးပိုင်အမှတ်(၆၅)၊ ဧရိယာ ၀ဒသမ၁၂၄ ကေရှိမြေအား မူလဂရန်အမည်ပေါက် ဦးမြင့်ဦးအမည်မှ ဒေါ်မေသဇင်ထူး အမည်သို့ လည်းကောင်း အမည်ပြောင်းဂရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူရှိပါက မြေပိုင်ဆိုင်မှုအထောက်အထားများ တင်ပြပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ လျှောက်ထားသူ ဒေါ်မေသဇင်ထူးအား မြေငှားဂရန် ထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**တောင်ငူမြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ထိုင်းနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ထံသို့ ညှိနှိုင်းမေတ္တာရပ်ခံစာပေးပို့ခဲ့ခြင်းနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်

**နေပြည်တော် စက်တင်ဘာ ၉**

ထိုင်းနိုင်ငံ ခိုတောင်ကျွန်းတွင် ဗြိတိန်နိုင်ငံသား ၂ ဦး အသတ်ခံရသည့်ကိစ္စနှင့် စပ်လျဉ်း၍ သေဒဏ်ချမှတ်ခံခဲ့ရသော မြန်မာရွှေ့ပြောင်းလုပ်သား ၂ ဦးဖြစ်သည့် ဝင်းဇော်ထွန်းနှင့် ဇော်လင်းတို့သည် ၂၀၁၉ ခုနှစ် ဩဂုတ် ၂၉ ရက်တွင် နောက်ဆုံး အယူခံ ရှုံးနိမ့်ခဲ့ခြင်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ၎င်းတို့ ၂ ဦး၏ အသက်ရှင်သန်ပိုင်ခွင့် ခံစားရရှိနိုင်ရေးအတွက် ထိုင်းနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် လူ့အခွင့်အရေးရှုထောင့်မှ ကူညီဆောင်ရွက်ပေးပါရန် ညှိနှိုင်းမေတ္တာရပ်ခံခဲ့သည့်စာနှင့် စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ယနေ့ ထုတ်ပြန်လိုက်သည်။

ယင်းထုတ်ပြန်ချက်တွင် ထိုင်းနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌထံသို့ လိပ်မူ၍ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြ ပေးပို့သော စာပါအကြောင်းအရာများဖြစ်သည့် ထိုင်းနိုင်ငံ ခိုတောင်ကျွန်းတွင် ဗြိတိန်နိုင်ငံသား ၂ ဦး အသတ်ခံရသည့်ကိစ္စနှင့် စပ်လျဉ်း၍ သေဒဏ်ချမှတ်ခံခဲ့ရသော မြန်မာရွှေ့ပြောင်းလုပ်သား ၂ ဦးဖြစ်သည့် ဝင်းဇော်ထွန်းနှင့် ဇော်လင်းတို့သည်

*စာမျက်နှာ ၇ ကော်လံ ၁* ■



မြန်မာကြက်တောင်အဖွဲ့မှ သက်ထားသူဇာ။ ခတ်ပုံ-ဖိုးသော်ဇင်

## အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် Myanmar International Series 2019 ကြက်တောင်ပြိုင်ပွဲ ယနေ့ စတင်မည်

**ရန်ကုန် စက်တင်ဘာ ၉**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် Myanmar International Series ကြက်တောင်ပြိုင်ပွဲကို စက်တင်ဘာ ၁၀ ရက် **(ယနေ့)** နံနက် ၉ နာရီမှ စတင်ကာ ရန်ကုန်မြို့ ကျုံးကြီးလမ်းရှိ အမျိုးသားကြက်တောင်အားကစားခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် အရှေ့တောင်အာရှ၊ အာရှနှင့် ဥရောပနိုင်ငံများမှ ကစားသမား ၁၃၇ ဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး မြန်မာကြက်တောင်အဖွဲ့မှာမူ ကစားသမား ၁၃ ဦးဖြင့် ယှဉ်ပြိုင်မည်ဖြစ်သည်။ ယခုပြိုင်ပွဲတွင် တစ်ဦးချင်းအမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲ၊

*စာမျက်နှာ ၁၂ ကော်လံ ၃* ○

## ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် မြန်မာနှင့် ဂျပန်အသင်း ယနေ့ယှဉ်ပြိုင်ကစားမည်

**ရန်ကုန် စက်တင်ဘာ ၉**

၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့်ခြေစစ်ပွဲ အုပ်စုပွဲစဉ်(၂)ကို စက်တင်ဘာ ၁၀ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အိမ်ကွင်းပွဲအဖြစ် အာရှထိပ်သီးဂျပန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ယင်းပွဲကို ယနေ့ ညနေ ၆ နာရီ မိနစ် ၅၀ တွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။

မြန်မာ-ဂျပန်ပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို စက်တင်ဘာ ၉ ရက် မွန်းလွဲ ၂ နာရီက အင်းလျားလိတ်ဟိုတယ်၌ ကျင်းပရာ နှစ်ဖက်အသင်းနည်းပြချုပ်များ တက်ရောက်ခဲ့သည်။ မြန်မာအသင်းနည်းပြချုပ် ရာဒူလိုဗစ်က "ကျွန်တော်တို့အသင်းက အဖွင့်ပွဲမှာ မွန်ဂိုလီးယားကို အဝေးကွင်းမှာ ရှုံးနိမ့်ခဲ့ပါတယ်။ ဘောလုံးပိုင်ဆိုင်မှုအသာ၊ ဂိုးသွင်းခွင့်တွေ အများကြီးရခဲ့ပေမယ့် အာရုံစူးစိုက်မှုလျော့နည်းမှု တစ်ခုကနေ ဂိုးပေးလိုက်ရတာ ဖြစ်ပါတယ်။ စင်ကာပူကို အနိုင်ရခဲ့တဲ့ခြေစမ်းပွဲလို ကစားနိုင်ခဲ့ပေမယ့် ကံမကောင်းဘဲ အရှုံးနိမ့်ခဲ့ပါတယ်။ ကျွန်တော်တို့ ဒုတိယပွဲအဖြစ် ကစားရမယ့် ဂျပန်အသင်းက အာရှရဲ့ ထိပ်ဆုံးမှာရှိတဲ့အသင်း ဖြစ်ပါတယ်။ ဒီပွဲက ကျွန်တော်တို့အတွက် စိန်ခေါ်မှုတစ်ခုပါပဲ။ သေချာတာကတော့ ဂျပန်နဲ့ပွဲမှာ အပေါင်းလက္ခဏာဆောင်တဲ့ ရလဒ်မျိုးရအောင် ကစားမှာပါ။ အကောင်းဆုံး ကြိုးစားကစားမှာပါ။ ကျွန်တော်တို့အသင်းက ၂၀၂၀ ဆူဇူကီးဖလားပြိုင်ပွဲအတွက် ရည်ရွယ်တည်ဆောက်နေတာဖြစ်ပြီး လာမယ့်ပွဲတွေအတွက် ပြင်ဆင်စရာရှိတာတွေ၊ ပြောင်းလဲစရာရှိတာတွေကို ပြောင်းလဲသွားရမှာပါ"ဟု ပြောကြားသည်။ မြန်မာ့လက်ရွေးစင်အသင်း နောက်ခံလူ ဇော်မင်းထွန်းက "မွန်ဂိုလီးယားကို ရှုံးခဲ့ပေမယ့် ကျွန်တော်တို့ ကစားသမားကြားမှာ စည်းလုံးမှုပြိုကွဲတာ မရှိပါဘူး။ အရင်အတိုင်း ညီညွတ်မှုရှိပါတယ်။ ဂျပန်နဲ့ပွဲမှာ ကျွန်တော်တို့ပိုပြီး ကြိုးစားသွားမှာပါ"ဟု ပြောကြားသည်။

*စာမျက်နှာ ၁၂ ကော်လံ ၃* ●



ဂျပန်အသင်းနည်းပြချုပ် မိုရီယာဆုနှင့် မြန်မာအသင်းနည်းပြချုပ် ရာဒူလိုဗစ်။ ခတ်ပုံ-စိုးညွန့်

## စစ်တောင်းမြစ်ရေ မဒေါက်မြို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ

**နေပြည်တော် စက်တင်ဘာ ၉**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် သုံးပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်သုံးရက်အတွင်း တစ်ပေခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

## ရွှေကျင်မြစ်ရေ ရွှေကျင်မြို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ

**နေပြည်တော် စက်တင်ဘာ ၉**

ယနေ့နံနက် ၁၁ နာရီခွဲ တိုင်းထွာချက်အရ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ၃ စင်တီမီတာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း ပေဝက်ခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ ရွှေကျင်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

မိတ္ထီလာ-တောင်သာသွားကားလမ်းတွင် ယာဉ်တစ်စီး တိမ်းမှောက်၍ လေးဦးသေ၊ ခုနစ်ဦး ဒဏ်ရာရ စာ ၁၃

အင်အားပြင်းတိုင်ဖွန်းမုန်တိုင်း ဖာဆိုင် ဂျပန်နိုင်ငံသို့ ဝင်ရောက်တိုက်ခတ် စာ ၁၄

GRAND HANTHA INTERNATIONAL HOSPITAL

အမေရိကန်နိုင်ငံနှင့် နိုင်ငံတကာမှ MMPGA အဖွဲ့ဝင် အထူးကုသမားတော်ကြီးများသည်
ဂရန်း(ဒ်)ဟံသာအင်တာနေရှင်နယ်ဆေးရုံကြီးတွင် တစ်နှစ်ပတ်လုံး စဉ်ဆက်မပြတ် အလှည့်ကျ လာရောက်ကုသ ဆွေးနွေးပေးသွားမည်ဖြစ်ပါသည်။

MMPGA

ဆီးနှင့် ကျောက်ကပ်အထူးကုသမားတော်ကြီး
ဒေါက်တာမောင်မောင်မြင့်
M.B.,B.S, MD, FACP, FASN, ABIM Board Certified (Internal Medicine)
ABIM Board Certified (Nephrology) Consultant Nephrologist
(၂၃)ရက်၊ စက်တင်ဘာ၊ ၂၀၁၉ မှ (၆)ရက်၊ အောက်တိုဘာ ၂၀၁၉ထိ

ကလေးအထူးကုသမားတော်ကြီး
ဒေါက်တာသန်းသန်းနု
MBBS,MD,FAAP, American Board of Paediatrics Certified.
Consultant Pediatrician, New Jersey, USA
Mon, Tues, Thurs & Fri (10:00 AM - 4:00PM)

တနင်္လာနေ့မှ သောကြာနေ့တိုင်း နံနက် (၉)နာရီမှ ညနေ (၅)နာရီအထိလူနာများကို လက်ခံကြည့်ရှု ဆွေးနွေးမှုများ ပြုလုပ်ပေးသွားပါမည်။

အမှတ် (၃)၊ နာနတ်တောလမ်းနှင့် ကြည့်မြင်တိုင်ကမ်းနားလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၂၃၁ ၇၆၁၇၊ ၀၁ ၅၂၃ ၀၀၀၊ ၀၁ ၅၂၃ ၁၁၁